www.burmeseclassic.com

# ပြေး

ကျွန်တော့်ကဗျာမှာ ခင်ဗျားဘာမဆိုဖြစ်ခွင့်ရှိတယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | – ဦးဝင်းသူရလွင်(အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဒေါ်ဝေဝေစိုး(မိုးထက်သျှံပုံနှိပ်တိုက်) |
| ပုံနှိပ်ခြင်း | – ပထမအကြိမ်(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ) |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၂၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

## ဥသြး၏ စာအုပ်များ


၁။ ဂျစ်ပစီမြို့ကသရဲဖမ်းပွဲတော်
၂။ ငါ့ရင်ဘတ်နဲ့ကွက်တိတော်တဲ့သူ
၃။ မတော်တဆနှုတ်ခမ်းရာ
၄။ Angry Maths
၅။ 3013
၆။ အဏ္ဏာကိုလွှင့်ပြင်မှာပုံပြင်စီးချင်းထိုးတဲ့လူ
၇။ Butterfly Effect
၈။ လမင်းလန့်တုန်းကြယ်တွေခင်းခဲ့တယ်
၉။ ငါ့တမ်းရိုးတန်းကိုလာနမ်းတဲ့မုန်တိုင်း
၁၀။ မျောက်တစ်ကောင်ရေးတဲ့ဝတ္ထု
၁၁။ မာရ်နတ်အပျင်းပြေတီးဗိုလ်စောင်း
၁၂။ ကိုယ့်ဓာတ်လမ်းမှာကိုယ်သာဓာတ်လိုက်
၁၃။ တိမ်တွေနေတဲ့ကျွန်း


ယခု –ကျွန်တော့်ကဗျာမှာခင်ဗျားဘာမဆိုဖြစ်ခွင့်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

## ညေး၏ ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၁။ ဟောလိုဝင်းည၁၂နာရီ
၂။ ဖရန့်ကန်စတိုင်းရဲ့ဇာတ်လိုက်ကလေး
၃။ အချစ်မှာဖော်မြူလာအတိအကျမရှိ
၄။ My Hero

www.burmeseclassic.com

www.burmeseclassic.com

Nyay presents

NYAY
No.V-19, Ngu Wah 7th Street,
Mya Kan Thar Housing, Hlaing Tsp., Ygn.
Ph : 09 4210 39 566 , 09 79462 796

Distributed by; **Eainmakathit**
09 730 53703 , 09 97 131 0698

www.burmeseclassic.com

www.burmeseclassic.com

# ညး

ကျွန်တော့်ကဗျာမှာ ခင်ဗျားဘာမဆိုဖြစ်ခွင့်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

## (A)

BURMESE CLASSIC

တကယ်တော့ ဒီပြဿနာတွေရဲ့အစက အွန်လိုင်းပေါ်ကနေ ဖျံ့လွှင့်လာတဲ့ Super natural ဂိမ်း၊ အပလီကေးရှင်းတွေကို လူငယ်တို့ သဘာဝ စပ်စုဆော့ကစားရင်းကနေ စတင်ခဲ့တာပါ။

ဟန်နေသာ ဟာ သိပ်စမတ်ကျလှတဲ့ လူငယ်လေးတစ်ယောက်တော့ မဟုတ်ပါဘူး။

သူ့ရဲ့ ငယ်ဘဝတွေကလည်း ခပ်ကြောင်ကြောင်ရယ်။

"မိဘဆုံးမတာကို ပြန်ပြောတတ်တဲ့သူ အမြီးပေါက်တတ်တယ်" လို့ ဘယ်ကကြားလာမှန်းမသိတဲ့ စကားတစ်ခွန်းအပေါ် အယုံအကြည် လွန်ပြီး မီးသွေးချောင်ရိုးကို လက်နဲ့မကြာခဏ စမ်းရင်း ကြီးပြင်းလာတဲ့ လူငယ်လေးတစ်ယောက်ပေါ့။

သူအရွယ်ရောက်လာတော့ သူ့ခေတ်ရောက်တော့မှ ကမ္ဘာပျက်တာနဲ့ ကြုံနေလေမလား တွေးကြောက်ခဲ့ဖူးတယ်။

လိုရမယ်ရ ဖွင့်ထားတဲ့ ဘဏ်စာအုပ်ထဲမှာလည်း ပိုက်ဆံရယ်လို့ သိပ်များများစားစားရှိလှတယ် မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့် အသားကဖြူဖြူနဲ့ ခပ်ချောချော မိန်းကလေးတွေနဲ့တွေ့ရင် နည်းနည်းရှက်တတ်တဲ့၊ တစ်ခါတလေ ယောက်ျားလေး အချင်းချင်း လက်တို့ပေးတတ်တဲ့ အပြောစာအုပ် တချို့တလေကို ဆုံးအောင် ဖတ်တတ်တဲ့၊ အရေးတကြီးကိစ္စတွေ လောက်မှသာ တက္ကစီစီးတတ်ပြီး ဘတ်(စ်)ကားအိုအိုကြီးတွေကိုသာ မှီခိုအားထားသွားလာနေရတဲ့ . . .၊ အင်း. . .တစ်ခါတရံ ပါးမှာ ဝက်ခြံပေါက်တတ်တဲ့ ကောင်လေး တစ်ယောက် . . .။

ငယ်ငယ်တုန်းက အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ခဲ့တယ်။ တကယ့်တကယ် ဆယ်တန်းအောင်တော့ နိုင်ငံခြားဘာသာ တက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့တယ်။ ဘဝဆိုတာ နည်းနည်းတော့ လွဲချော်တတ်စမြဲမဟုတ်လား။

ဂျင်းဘောင်းဘီအရောင်လွင့်လွင့်တွေကို နှစ်သက်ပြီး လက်ဖျံမှာ တခြမ်းပဲ့လမင်းပုံ တက်တူးထိုးထားတဲ့ လူငယ်လေး တစ်ယောက်ဟာ တစ်ခါတရံလည်း အွန်လိုင်းပေါ်ကနေ ဘာမှန်းမသိတဲ့ ဂိမ်းလေးတွေ အပျော်သဘော ဆော့ကစားအချိန်ဖြုန်း တတ်ပြန်ပါသေးတယ်။

ဒီပြဿနာတွေရဲ့အစက အဲဒီကနေ စတင်ခဲ့တယ်လို့ပဲ ပြောရ တော့မှာပဲ။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( B )

နေရောင်ခြည်ဟာ ပူနွေးခြောက်သွေ့လျက်ရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းကြီးရဲ့ နွေလယ်ခင်းတွေကို တဖျစ်ဖျစ်တောက် လောင် ကျွမ်းစေသကဲ့သို့ ဖြစ်နေ၏။

ဟန်နေသာဟာ သူညက လက်တည့်စမ်းခဲ့တဲ့ အွန်လိုင်း ဂိမ်းတစ်ခု အကြောင်း လင်းမြတ်သူကို ဖောက်သည်ချချင်လျက် ရှိသော်လည်း လက်ချာ ရိုက်နေသည့် အပေါက်ဆိုးဆိုး ဆရာမ အပျိုကြီးကို ကြောက်ရ၍ အတန်း အပြီးကိုသာ ခုံကိုလက်နှင့် တဒေါက်ဒေါက်ခေါက်ရင်း စောင့်ဆိုင်းနေရလေ၏။

မကြာမီ သူတို့စောင့်ဆိုင်းနေတဲ့ အချိန်မှာ ကျရောက်လာရာ---

"လစ်မယ်...အတန်းပြီးပြီ.."

"ဘယ်သွားမလဲ..."

"ကန်ဘောင် သွားရအောင်ကွာ..."

"သွားမယ်..မရောက်တာ ကြာပြီ.."

အင်းယားလမ်းတစ်လျှောက် ပြေးဆွဲနေတဲ့ ဒက်ဆန်းကားလေး တစ်စီးကို တွယ်ကပ်စီးရင်း သူငယ်ချင်းနှစ်ယောက် အင်းယား ကန်ဘောင် သို့ ရောက်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညကကွာ…ဖဲခြောက်ချပ်ဂိမ်းဆိုတာကြီး ငါ အွန်လိုင်းမှာ တွေ့ပြီး လက်တည့်ဝင်စမ်းတာ မစွံပါဘူး…"

"ဘယ်လိုဟာမျိုးမို့လဲ…"

"ဒီလိုလေ။ ဖဲသုံးချပ်စီကို အပေါ်အောက်ဆင့်ထားတယ်။ ဖဲချပ်ခြောက်ချပ်ရှိတယ် ဆိုပါတော့ကွာ။ King အပြာ၊ အနီ၊ Queen အပြာ၊ အနီ၊ ဂျိုကာ အပြာ၊ အနီ ဆိုပါတော့…"

"အာ…ငါ သိပြီ။ အဲဒီ ဖဲခြောက်ချပ်ထဲကနေ ဖဲတစ် ချပ်ကို ကိုယ့်စိတ်ကူးထဲကနေ မှတ်ထားလိုက် ငါက ဂျိုကာအနီ ကို စိတ်ထဲကနေ တေးမှတ်ထားလိုက်တယ်ဆိုပါတော့။ ကိုယ်က မှတ်ထားပြီးရင် are you ready ဆိုတဲ့ စာတန်းလေး ဂိမ်းကနေ ပေါ်လာလိမ့်မယ်။ ပြီးတော့ ကိုယ့်စိတ်ထဲကမှတ်ထားတဲ့ ဖဲချပ်ကလေးကို ဂိမ်းက မှန်အောင်ပြောပြ သွားနိုင်တယ်ဟုတ်တယ် မဟုတ်လား"

"အဲ…မင်းရော ကစားပြီးသွားပြီလား…"

"ကြာပေါ့…"

"မှန်လို့လား…"

"မှန်တာမှ သွေးထွက်အောင်ကို မှန်တာ…"

သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် ကန်ဘောင်ထဲသို့ လမ်းလျှောက်ဝင်လာခဲ့ကြရင်း စားနေကျ ရှမ်းခေါက်ဆွဲဆိုင်ထဲသို့ ရောက် လာခဲ့ကြသည်။

"ဟိတ်ကောင်…မင်း ဘာမှာမှာလဲ…"

"ထမင်းပေါင်း…မင်းရော"

"ခေါက်ဆွဲကြော်…"

"ဟိတ်…ညီလေး…"

စားပွဲထိုးလေးကို မှာစရာရှိတာ မှာပြီးသွားကြတော့ ဇော်စော တုန်းက ဂိမ်းအကြောင်း ဆက်ဆွေးနွေးကြပြန်၏။

"မင်းက ဘယ်နှစ်ခါ ကစားကြည့်လို့ မှန်နေတာလဲ…"

"ပထမ တစ်ခါကစားတော့ မှန်လို့ အရမ်းအံ့အားသင့် သွား

www.burmeseclassic.com



တယ်။ ဒုတိယတစ်ကြိမ်ထပ်ကစားတော့လည်း မှန်နေပြန်တယ်။ ဒါနဲ့ တွေ့နုပ်လို့ ထပ်ကစားတယ်။ မှန်ပြန်ရော။ အိုကွာ···ကစားတိုင်း မှန်နေတာပါ”

ကြာတော့ ဟန်နေသာ စိတ်ရှုပ်လာပြီး ခေါင်းကုတ်နေမိ၏။

ဒီဂိမ်းဟာ ကစားဖူးသူတိုင်း မယုံကြည်နိုင်စရာကောင်းလောက်အောင် မှန်ကန်နေပြီးကာမှ သူ့ကျမှ အဘယ့်ကြောင့် တက်တက်စင် ရှုံးလျက်ရှိရပါသနည်း။

“မင်းက ဘာခေါင်းကုတ်တာလဲ···”

“အဲဒီဂိမ်းက ငါနဲ့ကျတော့ မမှန်ဘူးကွ။ ငါမှတ်ထားတဲ့ ဖဲချပ်ကို မှန်အောင် မပြောနိုင်ဘူး။ စ,စ ကစားချင်း ငါက ဂျိုကာအပြာကို ရွေးလိုက်တယ်ကွာ။ အဲဒါကို ဂိမ်းက King အနီလို့ ထောက်ပြတယ်”

“အင်···”

“ဟုတ်တယ်။ သုံးခေါက်ရှိပြီ ကစားတာ။ နောက် တစ်ခေါက်ကျတော့ ကွင်းအနီကို ငါရွေးလိုက်တယ်။ ဂိမ်းက ကင်းအပြာလို့ ထောက်ပြပြန်ရော···”

“ဟောဗျာ···”

“အေး···နောက်တစ်ခေါက်လည်းကျရော···ငါက ကင်းအနီကို ရွေးတယ်။ ဂိမ်းက ဂျိုကာအနီကို ထောက်ပြသွားပြန်ရော···”

“ထူးတော့ ထူးဆန်းနေပြီ။ ဒီလောက် လူတိုင်းသွေးထွက်အောင် မှန်တဲ့ဂိမ်းက မင်းနဲ့ကျမှ ဘာ့ကြောင့် တက်တက်စင် လာလွဲနေရ ပါလိမ့်···”

ထိုစဉ် သူတို့ထိုင်နေတဲ့ စားပွဲဆီသို့ စာပွဲထိုးလေးက ရေနွေးလာချ သွား၏။

ဟန်နေသာနဲ့လင်းမြတ်သူ ဘာရယ်မဟုတ်။ မတိုင်ပင်ထားပြပါဘဲ ချပေးသွားတဲ့ ရေနွေးကြမ်းနှစ်ခွက်ကို ပြိုင်တူ မော့သောက်ကြစဉ်···

“ဖွီ··· ···”

“ထွီ··· ···”

www.burmeseclassic.com

www.burmeseclassic.com



ချဉ်စုပ်စူးနေသည့် အရည်များ လျှာဖျားပေါ်မှတစ်ဆင့် လည်ချောင်းအထိ မြိုချမိ၍ နှစ်ဦးစလုံး ရေနွေးကြမ်းလာချပေး သွားသော စာပွဲထိုးကို ခေါ်သမရန် ကြည့်လိုက်ရာ…

"ဟား…ဟား…ဟား…ဟား…ဟား….အငိုက်မိခံလိုက်ရပြီဟေ့…"

ပြောလည်းပြော၊ ပြေးလည်းပြေးသွားသည့် လူတစ်ယောက်ရဲ့ ကျောပြင်တစ်ခု။

ဟန်နေသာ ခေါင်ခါယမ်းရင်း…။

"ဒီကောင်… ငါ ဘယ်နေ့ ဝိတ်ထိုးမိမလဲ မသိဘူး။ များတာတော့ များနေပြီ…"

လင်းမြတ်သူမှာ လာ‚ချပေးသွားသော ရေနွေးကို မသောက်ဘဲစွာနှင့် လက်ညှိုးတစ်ချောင်းစိမ်ပြီး လျှာနှင့်လျက်ကြည့်လိုက်ရာ မျက်နှာမှာ ရှုံ့တွသွားရပြီး….

"ကြံကြံဖန်ဖန်ကွာ…ရေနွေးကြမ်းထဲကို သံပုရာသီးအလုံးလိုက် ညှစ်ထည့်သွားတာ…"

ချမ်းမြေ့ထွန်း…။ ဒီကောင် တော်တော်တော့ များနေ ပြီ။

"ငါတို့ကလည်း အစောကတည်းက သဘောပေါက်ခဲ့ဖို့ ကောင်းပါတယ်။ ဒီဆိုင်က ရေနွေးလာချရင် အိုးလိုက်ချနေကြဟာ…ဘယ်တုန်းက တစ်ခွက်ချင်းလာချပေးဖူးလို့လဲ…"

"အေး…အပေး…။ ဂျန်းရှင်းစကွဲက ပန်းစွယ်တော်တို့ဘာတို့ကျတော့ တစ်ခွက်ချင်းလာချတာဟ…။ အဲဒါတွေနဲ့ ရောကုန်တာ… နို့နေပါဦး…ဒီကောင်ပဲ မဟုတ်လား…။ First Year တုန်းကလည်း ကျောင်းကန်တင်းမှာ ငါတို့ထိုင်နေတုန်း မင်းအင်္ကျီ ကော်လံကြားထဲကို ခူယားတစ်ကောင် လာထည့်ပေးသွားတာ…"

ပြောတော့မှ ဟန်နေသာ ပို အသည်းပေါက်လာမိသည်။

"မင်းက ငါနဲ့ စတိတ်ကျောင်းချင်း တူဖူးတာမဟုတ်တော့ ဘယ်သိမလဲ ချမ်းက ငယ်ငယ်လေးကတည်းက ဒီ(စ်) ကျိုင်းနင်း….။

www.burmeseclassic.com



ဒီကောင် ငါ့အနားကပ်လာရင် တော်တော် သတိထားရတာ။ ရှစ်တန်းတုန်းကလည်း ဒီကောင် အကြီး အကျယ် ခံလိုက်ရသေးတယ်"

"ဟုတ်လား...ဘာဖြစ်လို့လဲ..."

"အတန်းထဲမှာကွာ...။ ကျောင်းသားတစ်ယောက် ထိုင်တော့မည့် ကုလားထိုင်ကို ဒီအကောင်က ဆွဲရွှေ့ပစ်လိုက် တာ။ ဟိုကောင်က ဝင်ထိုင်ရက် ပစ်လဲရုံတင်မကဘူး။ ပုဆိုးကျွတ်ပြီး ဖင်ပေါ်ခေါင်းပေါ်တွေ ဖြစ်ကုန်တာ။ ဖြစ်ချင်တော့ Underwear က ဝတ်မလာဘူး။ ပိုဆိုးတာက ဟိုကျောင်းသားက ခပ်အေးအေးနေတတ်ပေမယ့် ဒေါသထွက်လာရင် ဧကရာ ပြူးလာရော။ ဘာပြောကောင်းမလဲ...ချေမ်းကို ဆွဲဆွဲထိုးတာ နှာနုရိုးပါ ကျိုးရော..."

"အာ...အဲဒီတော့ ရုံးခန်းတွေဘာတွေ ရောက်ကြမှာပေါ့.."

"ရုံးခန်းရောက် ဆေးရုံရောက်ပေါ့ကွာ။ မိဘတွေ ဘာတွေလည်း အခေါ်ခံရတာပေါ့။ ဒါလည်း ဒီကောင်ခဏပဲ။ အမှတ်မရှိဘူး။ မေ့မေ့ ပျောက်ပျောက်ဖြစ်တော့ ပြန်လုပ်တာပဲ...။ သူ့ သောက်ကျင့်ကိုက အဲဒီ အတိုင်း ဖြစ်နေတာကိုး"

"သူ့ရောဂါကလည်း မလွယ်ပါ့လား။ ဒါနဲ့ မင်းရော ဘယ်နှစ်ခါ လောက် ခံခဲ့ရဖူးလဲ... နေသာ..."

"ခဏ။ ခဏပဲ..."

ထိုစဉ် သူတို့နှစ်ယောက်မှာထားသည့် စားသောက်စရာများကို စာပွဲထိုးလေးက လာချရာ လင်းမြတ်သူမှာ လေလိုအလျင်နှင့် စာပွဲထိုးလေး ၏ကောက်ဝတ်ကို ဆတ်ကနဲ ဖမ်းကိုင် ပစ်လိုက်ရင်း...

"ခဏနေဦး..."

ခပ်မိုက်မိုက် မော့ကြည့်ပစ်လိုက်၏။

အိုက်တင်က ဟောလိဝုဒ်အက်ရှင်မင်းသား ရှူးလောက် ပါပေ သည်။

"ရပြီ...သွားတော့..."

စာပွဲထိုးလေးက ဘာမှန်းမသိ။ အူကြောင်ကြောင် ခေါင်းကုတ်

www.burmeseclassic.com



ကာ ထွက်သွား၏။

ပန်နေသာက ခွီးကနဲ ထ,ရယ်လေသည်။

"အဲဒါ သူခိုးပြေးမှ ထိုးကွင်းထတယ်လို့ ခေါ်တယ်"

"သူခိုးက နှစ်ခါလာရိုး ထုံးစံမရှိဘူး…ဆိုတဲ့ စကားပုံမျိုး ငါမကြားဖူးသေးဘူး"

"ဟိုက်ရှားပါး…ဟုတ်ပါပြီ‥"

"ကဲ…စား။ စောစောက စကားကိုလည်း ဆက်ဦး"

နေသာက ထမင်းပေါင်းတစ်ဖွန်းကို ဆာဆာနှင့်ဝါး လိုက်ရင်း…

"ငါ ကိုးတန်းတုန်းက ကောင်မလေးတစ်ယောက်ကို ကြိုက်ဖူး တယ်‥"

"ပန်ထွေဖျော်…လား‥"

"ဟုတ်ဘူး။ ပန်ထွေဖျော်က ငါ သုံးတန်းကတည်းက ကြိုက်တဲ့ ကောင်မလေး…"

"အမ်…ခင်းဟာကလည်း…"

"ကြိုက်တယ်ဆိုတာက နှစ်ဦးနှစ်ဖက် သဘောကျတာမှ မဟုတ် ဘူးကွ။ ခင်းဟာလည်း ကိုယ့်စိတ်ထဲက ကြိတ်ကြိုက်နေတာမျိုးပေါ့။ ယောကျ်ားလေးပဲ။ ခင်းရောစိတ်ထဲက ကြိတ်ကြိုက်နေတဲ့ ကောင်မလေးတွေ ဆယ်ယောက်ထက်မနည်းတော့ ရှိခဲ့တာပဲ မဟုတ်လား …"

"နိုး။ မှားတယ်။ သေသေချာချာ စာရင်းပြုစုကြည့်ရင် စိတ်ထဲ က ကြိတ်ကြိုက်မိတဲ့ ကောင်မလေးပေါင်း အယောက် လေးဆယ်လောက် ရှိမယ်‥"

"သူငယ်တန်းကတည်းက ရင်ခုန်တတ်တဲ့ အကျင့်ကြောင့်ပါ‥"

"ခွီး…."

နှစ်ယောက်သား အတိုင်အဖောက်ညီညီ ဟာသလုပ်ရင်း ခွီးကနဲ ရယ်မောမိကြပြန်သည်။

"ကဲ…ဆက်စမ်းပါဦး…"

"အဲဒီကောင်မလေးက နည်းနည်းဝတယ်ကွ။ structure က

www.burmeseclassic.com



ဆယ်ကိုယ်လုံး၊ အကိတ်တွေ၊ ပြောရရင် အောက်ပိုင်း နည်းနည်းကားတယ် ပေါ့ကွာ အဲဒါ ငချမ်းက အဲဒီကောင်မလေးကို နာမည်ပြောင် ဘယ်လို ပေးထားတယ်မှတ်လဲ…”

“ဘာတဲ့လဲ…”

“ပေါင်တုတ်မကြီး…တဲ့…”

“ဟာကွာ…ဒီကောင်တော့ ကွိုင်ပဲ…”

“အေးလေ။ ဟိုက မသိလို့။ သိလို့ကတော့ ကျွေးမှာ။ အဲဒါ ပြီးမှာ အဲဒီကောင်မလေးနဲ့လည်း ရည်းစားမဖြစ်လိုက်ရပါပဲ ပေါင်တုတ်မကြီး ရည်းစားဆိုပြီး နာမည်တွေ ကြီးလိုက်ပါသေးတယ်။ ငချမ်းတို့ ကောင်းမှုနဲ့ ပေါ့..”

“အဲလို ကောင်မျိုးက ချောင်းအရိုက်ခံရတတ်တယ်”

“အမှန်ပဲ…”

“ကဲ…သွက်သွက်စားဟေ့…။ လက်ချာတစ်ချိန်ကျန်ဦးမယ် ထင်တယ်..”

“အေးဆေးပေါ့ကွာ..။ အင်းယားရောက်မှတော့ စိတ်တွေကို ဖော်ကြီးဖြေပေးလိုက်ကြတာပေါ့…”

အင်းယားရဲ့ နေ့လယ်နေ့ခင်းတွေက ပူပါသည်။ လှိုင်း ကြက်ခွပ် ကလေးများက သံပတ်ပေးထားသည့် ဘဲရုပ်ကလေးတွေနှင့် တူလေ၏။ ပြီး ခပ်လှမ်းလှမ်းက ကျွန်းပုစိကွေးလေးကို ဘာရယ်မဟုတ် ကြည့်မိသေး သည်။

နွေရာသီဟာ တိမ်တွေရဲ့အစွန်အဖျားမှာ မီးတောက် ကချေသည်လို ခြေဖျားခတ် လွင့်လူးနေ၏။

ဩော်…အရောင်အသွေး စုံလင်လေတဲ့ တက္ကသိုလ် နယ်မြေ ကြည်နူးရင်မောဖွယ်ရာ ကာလများ…။

ခြေဖွဖွ တစ်ချက်လှမ်းလိုက်တိုင်း ကမ္ဘာဦးတေးသွားတို့ ရမ်းနေရောင် ဆန်သွားကြသလိုမျိုး။

ကိုယ့်မျှော်လင့်ချက်လေးကိုပဲ ကိုယ် နဖားကြိုးတပ်ပြီး ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားကြပါတော့။

နတ်သမီးတွေ တူတူပုန်းတမ်းကစားတဲ့ အရပ်ကိုလေ။

"ဟင်...ပန်တွေဖျော်.."

သွားပြီ။

တိုးတိုး ရေရွှတ်မိကာမှ ဟိုက ကြားဖြစ်အောင် ကြား သွားလိုက်သေးသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ( C )

"ဘာ..ပန်တွေဖျော်လဲ...ဟမ်.."

ခါးထောက်ပြီး စိမ်းတောက်တောက်အကြည့်ကြီးနှင့် မျက်စောင်း [illegible]။ သူမသည်လည်း နဂါးမလေးမဟုတ်သလို ကိုယ်သည်လည်း [illegible]သွား။

မျက်စောင်းအကြည့်မှာ ပိုက်ကွန်ညီ ငါးတစ်ကောင်လို သာ [illegible]သံတွေက ဖျတ်ဖျတ်လူးကုန်သည်။

"ဆော..ဆော...ဆောရီး...ပန်ထျာရီ...ငါ...ငါက နင့်ကို [illegible] ပျော်ပြီး နာမည်မှားခေါ်မိတာ.."

"အေး..နင် အဲဒီလို နာမည်မှားခေါ်ပေါင်း ခြောက်ရာရှစ်ဆယ့် [illegible]နေပြီ။ ငါက ခြောက်ရာရှစ်ဆယ့်ငါးကြိမ်လုံးတော့ သဘောမကောင်း [illegible]...ဒီမှာ..."

"ဟင်..."

"ကြပ်ကြပ်မှတ်ထား..."

"အင်း..."

"ငါက ခရမ်းချဉ်သီးမဟုတ်ဘူး။ မီးဖုတ်ဖို့ မကြိုးစားနဲ့..."

"အမ်..."

www.burmeseclassic.com

www.burmeseclassic.com



"ငံပြာရည်နဲ့ရောပြီး ရေနွေးပွက်ပွက်ဆူထဲလည်း မထည့်နဲ့..."

"အဲ..."

"ငရုတ်ရည်လောင်းပြီး နံနံပင်နဲ့လည်း မအုပ်မိစေနဲ့"

"အွတ်..."

"မှတ်ထား...။ ဒါ နောက်ဆုံး ခွင့်လွှတ်ခြင်းနော်.."

"ဘယ်လို အူကြောင်ကြောင်ကောင်မှန်းကို မသိဘူး"

ပန်ထျာရီနဲ့ ကျောင်းမှာ အတွဲဖြစ်ဆုံး သူငယ်ချင်းတွေ ဖြစ်တဲ့ ဝင်းလှဲ့ခိုင်၊ သန့်ရွှေစင်တို့ကပါ သူ့ကိုမျက်စောင်းထိုးရင်း ထွက်သွားကြသည်။

ဩော်...လမ်းခုလတ်မှာ အမှတ်မထင် တွေ့ဆုံမိတာလေးနဲ့ ပြုံးပြနှုတ်ဆက်ဖို့ အခွင့်အရေးက ဒီလောက်အထိ အေးစက်ရပါသလား။

ဆိုးဝါးလှတဲ့ ကံကြမ္မာရယ်...။

"ခုမှ ဆွေးမနေနဲ့...မင်းကလည်းမင်း.."

လင်းမြတ်သူက သူ့ကို ကော၏။

ယုံပါ ကောင်မလေးရယ်။ ငါဟာ နင့်ကို သုံးတန်းကတည်းက စ,ချစ်ခဲ့ရတဲ့ တစ်ဖက်သတ်အချစ်ဦးပါ။

"အေး...ဟုတ်ပါတယ်။ ငါကလည်း ငါပါပဲ။ တကယ်တော့ ပန်ထျာရီကို ပန်တွေဖျော်လို့ မှားမှားခေါ်နေမိတာ သူ့ကို ဒေါသထွက်အောင် စ..နောက်နေတာမဟုတ်ပါဘူး။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ရင်ခုန်လာအောင်ထက် ဒေါသထွက်အောင် စ,နောက်နေတတ်တဲ့ ဝတ္ထုထဲက ကောင်တွေရဲ့ ဗျူဟာကို ချ,သုံးနေတာလည်း မဟုတ်ပါဘူး။ သူ့ရှေ့ရောက်ရင်ကို အယောင်ယောင်အမှားမှားနဲ့ တလွဲတချော်တွေ ဖြစ်ဖြစ်ကုန်တတ်တာ"

"မင်းလွဲတာကြီးက ရိုက်ပေါက်ကြီး.."

သူက လင်းမြတ်သူစကားကို ခေါင်းတဆတ်ဆတ်ညိတ် ထောက်ခံရင်း ဂါထာရွတ်သလို ပန်ထျာရီ...ပန်ထျာရီရယ် တတွတ်တွတ် ရွတ်ဆိုလမ်းလျှောက်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်တွေဟာ တက္ကသိုလ်မှာ ဟောလီးဒေး ကျောင်းဆယ်ရက်ခန့် မပိတ်ခင်အထိ အေးအေးချမ်းချမ်း ဖြစ်ပျက်ခဲ့တဲ့ ဟန်နေသာရဲ့ ကျောင်းနေ့စွဲတွေပါ။

သူ့ဘဝမှာ တစ်ဖက်သတ်ချစ်ရတဲ့ မိန်းကလေးတစ် ယောက်ရှိတယ်။ အိုကေ။ ချစ်ရသူရဲ့ 'ပန်ထျာရီ'ဆိုတဲ့ နာမည်လေးကို 'ပန်ထွေဖျော်'လို့ အယောင်ယောင်အမှားမှား ခေါ်ခဲ့ဖူးလို့ ဟိုက သူချစ်လို့ ချစ်နေမှန်းပင် မသိဘဲ သူ့ကို ရန်စနေတယ်လို့ပင် ထင်နေတယ်။

အိုကေ···။ နောက်···သူ့ကိုရော သူ့ပတ်ဝန်းကျင်ကိုပါ လစ်ရင်လစ်သလို ဒုက္ခပေးတတ်တဲ့ ချမ်းမြေ့ထွန်းဆိုတဲ့ ငနဲ တစ်ကောင်ရှိတယ်။ ဒီကောင်ကို ဘယ်သူကမှ သောက်ကျင့်ပျောက်အောင် အမြစ်ဖြတ်ချေမှုန်းနိုင်သေး။

နောက်ထပ် သူကြည့်မရတဲ့ လူကြီးစုံတွဲတစ်တွဲကို ထပ်မံမိတ်ဆက်ပေးရမည်ဆိုလျှင်ဖြင့်···။

❒

www.burmeseclassic.com

www.burmeseclassic.com

( D )

တကယ်တော့ သူ့မေမေရဲ့အကြောင်းတွေကို မေမေ ပြောပြတာထက် မေမေ့ဒိုင်ယာရီစာအုပ်ကို ခိုးဖတ်ရင်းကနေ မေမေ့ကိုပိုပြီး နီးနီးကပ်ကပ်သိခွင့်ရလိုက်တဲ့ သဘောပါ။

မေမေဟာ ဒိုင်ယာရီကို တဖွဲ့တနွဲ့ရေးသားရတာ နှစ်သက်ပုံရသည်။ အင်းလေ…မေမေ့မှာ ခင်တွယ်စရာဆိုလို့ ဒိုင်ယာရီစာအုပ် ကလေးပဲ ရှိခဲ့တာကိုး။

ဖေဖေက လူ့လောကကြီးထဲကနေ စောစီးစွာ နှုတ်ဆက်ထွက်ခွာသွားလေပြီ။ ဖေဖေမရှိကတည်းက ဟန်နေသာနဲ့မေမေဟာ မအေနဲ့သားဆိုတာထက်၊ တိုက်ပွဲတစ်ခုကို အတူ တိုက်နေတဲ့ ရဲဘော် ရဲဘက်သဘောပိုဆန်လာခဲ့၏။

လောကကြီးမှာ လူတစ်ယောက်ကို ရိုက်နှက်နှိပ်စက် နေတော့မှ အနိုင်ကျင့်တယ်လို့ တရားသေသတ်မှတ်၍ မရနိုင်သော အသံတိတ် အနိုင်ကျင့်နည်းပေါင်းများစွာရှိမှန်း မေမေ့ ဒိုင်ယာရီထဲကတစ်ဆင့် ဟန်နေသာ ဖတ်ရှုခွင့်ရခဲ့ပါသည်။

မေမေဟာ အိမ်တွင်းအကြမ်းဖက်မှုကို ခံခဲ့ရတဲ့ မိန်းမသားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်နေလေမလား။

အဲဒီလိုတွေးမိတိုင်း မေမေ့အစ်မဆိုသူ အန်တီမော်ကိုသာ မျက်လုံး ထဲ မြေးမြင်ယောင်လာမိသည်။

"ညီမလေးက သိပ်အ,တာနော် မေမေ…။ အရေးကြီး စာရွက် စာတမ်းမှန်သမျှကို သမီးနာမည်နဲ့သာ လွှဲပေးထား…။ တစ်ခုခုဆို သမီးပဲ ခိုင်ပေးမှာပေါ့။ အစ်မကြီးတော့ အမိရာလေ…"

ဒါ…အန်တီမော် လက်သုံးပြောနေကြစကားပါ။

ပြောရမည်ဆိုလျှင် ဟန်နေသော်ရဲ့ အဘိုးအဘွားတွေက တော သူဌေးတွေ။ တောမှာ ဆီစက်၊ ဆန်စက်ပိုင်ရှင်တွေပေါ့။

အန်တီမော်က ရန်ကုန်မှာအခြေချချင်သူ။ မြေ အရောင်းအဝယ် ပြီးရှာကျွေးပါ့မယ် ဘာညာ နားပူနာဆာတိုက်လွန်း၍သာ ဟန်နေသာ အဘိုးအဘွားများဟာ မိရိုးဖလာအလုပ်အကိုင် အရောင်းအဝယ်များ ဆက်တိုက်အေးစက်လာပြီးနောက်ပိုင်း…

သမီးကြီးစကားကို ယုံစား၊ နယ်ကအလုပ်အကိုင် ခြံမြေတိုက်တာများ ရောင်းချထုခွဲပြီး ငွေကြေးမြောက်များစွာပိုက်၍ ရန်ကုန်မှာ အခြေချလာခဲ့ သည်။

အန်တီမော်က အိမ်ရဲ့အပြင်စည်းမှာလည်း စစ်ကစားကျွမ်းသလို၊ အိမ်ရဲ့အတွင်းစည်းမှလည်း စစ်ကစားကျွမ်းလာသည်။

မြေအရောင်းအဝယ် အလဲအထပ်လုပ်၍ အချိုးကြီးနှစ်ကြိမ်လောက် ရောင်းချပြီးသည့်နောက်ပိုင်း ဝင်ငွေထွက်ငွေမှန်သမျှ သူမလက်တွင်းသို့သာ ရောက်သွားလေ၏။

"သူငယ်ချင်းတွေ၊ အသိမိတ်ဆွေတွေရဲ့ အစ်ကို၊ အစ်မတွေ… ညီမတွေကို ညာညာတာတာဆက်ဆံတိုင်း ကျွန်မအံ့အား သင့်မိပါ ကျွန်မကံဆိုးတာက ကျွန်မမိဘတွေ ကိုယ်တိုင်ကလည်း အကြီး ကိုသာ ဦးစားပေးတတ်တဲ့ တစ်ဖက်သတ်အကျင့်ကို ကိုင်ထားကြ ကျွန်မဘဝမှာ ဘယ်တုန်းကမှ အစ်မက ညာတာလိုက်လို့ ရခဲ့တဲ့ တစ်ခုရယ်လို့ မရှိခဲ့ဘူး။ ပစ္စည်းတစ်ခုကို မိဘက ညီအစ်မ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ပေးဖို့လုပ်ပြီးဆိုပါစို့ 'ဖတ်'ကနဲ သူက လုယူပြီးသား။ ဒါမှမဟုတ် ပစ္စည်းနှစ်ခုကို ညီအစ်မနှစ်ယောက်ကို ပေးပြီဆိုပါစို့။ သူကြိုက်တဲ့အရောင်၊ သူကြိုက်တဲ့ပုံစံကို အရင်ဦးအောင် လုပြီးသား...။ သူရွေးကျမှန်သမျှကိုပဲ ကျွန်မက ရခဲ့တာချည်းပဲ...။

အင်းလေ...။ ငယ်ငယ်လေးကတည်းက ညာတာရ ကောင်းမှန်း မသိ၊ သိပ်အတ္တကြီးတဲ့ အစ်မဖြစ်သူက ကြီးလည်းလာရော တစ်အိမ်လုံးက ဥစ္စာပစ္စည်းအပိုင်စီး၊ သူပဲစီမံခန့်ခွဲ၊ မိဘကို အယုံသွင်း၊ သူ့အတွက်သူ အကောင်းတွေချည်းသုံ့ယူ။ သူ အဆိုးမဖြစ်ရလေအောင် ညီမဖြစ်သူကို အထိုက်အလျောက် လုပ်ပေး..။ တော်ပါတယ် အစ်မရယ်"

မေမေ့ဒိုင်ယာရီစာအုပ်ထဲက ရင်ဖွင့်သံ။

အဲဒီ ဒိုင်ယာလော့ခ်ကို ဖတ်ပြီးကတည်းက ဘာကို ဆိုလိုမှန်း ဟန်နေသာ သဘောပေါက်လိုက်ပါသည်။

အန်တီမော်ဟာ သူ့အတွက်သူ အင်းယားလမ်းထဲက ခြံနဲ့အိမ် တစ်လုံး၊ ကွန်ဒိုတစ်ခန်း၊ ဗိုလ်ချုပ်ဈေးအနောက်ဖက်တန်းမှာ ဆိုင်ခန်း တစ်ခန်း အရင်ဦးအောင်ဝယ်ပြီးတော့မှ ညီမဖြစ်သူမေမေ့ကို ရှစ်မိုင် လမ်းဆုံက ခြံတစ်ခြံဝယ်ပေးပြီး အမွေ ခွဲလိုက်ပါတော့၏။

"အမေတို့ဟာအမေတို့ စီးပွားရှာလည်း ဒီလောက်အထိ ဖြစ်မသွား နိုင်ပါဘူး။ သမီးက အကွက်မြင်လို့ ကြိုရိုက်ထားလိုက်တာ။ အမေတို့ အဖေတို့စိတ်ထဲ သမီးအရမ်းများတယ် ထင်ချင် ထင်လိမ့်မပေါ့။ ဒါ... သမီးအရည်အချင်းကြောင့် သမီးယူနိုင်တာမို့ လိပ်ပြာလုံပါတယ်။ ညီမ ကရော...ကျေနပ်တယ် မဟုတ်လား..."

တစ်ချိန်က အန်တီမော်ရဲ့ အနိုင်နဲ့ပိုင်းတဲ့စကား။ မကျေနပ်တော့ရော ဘာလုပ်နိုင်မှာလဲ။ ဒီအိမ်မှာ လူလာဖြစ်ပြီးပြီပဲ။

သေချာတာတစ်ခုက အန်တီမော်နဲ့မေမေ့အခြေအနေ များစွာ ကွာခြားသွားခဲ့သည်။ အဘိုးအဘွားများလည်း ဆုံးပါးခဲ့လေပြီ။

မေမေကတော့ ကားဝယ်ဖို့ သူမရသင့်ရထိုက်သည့် ပိုက်ဆံကို တိုက်ခန်းဝယ်ပြီး ငှားစား၏။ ဒါကြောင့် ဟန်နေသာမှာ ကိုယ်ပိုင်ကား

www.burmeseclassic.com

www.burmeseclassic.com



ရှေးခြင်းရယ်ပါ။

နောက်···အိမ်ထောင်ကျပြန်တော့လည်း မေမေ့ခမျာ ကံဆိုးရှာပြန်ပါသည်။ အန်တီမော်က ကျော်သစ္စာဆောက်လုပ်ရေးပိုင်ရှင်နဲ့ လက်ထပ်ခဲ့နိုင်သလောက် မေမေ့ခမျာမှာတော့ သာမန်ရုံးဝန်ထမ်း တစ်ယောက်နှင့်သာ အကြောင်းပါခဲ့ပြန်လေ၏။

"သား ဖေဖေက ငွေကြေးမချမ်းသာတာကလွဲရင် စိတ်ရင်းကောင်း၊ စာရိတ္တကောင်းပါတယ်။ တကယ်တော့ အရွယ်ရောက်ပြီး သားမျိုးဆက်ပျိုတစ်ယောက်မှာ သူနဲ့ထိုက်သင့်တဲ့ ပတ်ဝန်းကျင် အခြေအနေ တစ်ခုရှိလိုတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူနဲ့နီးစပ် အကြောင်းပါမယ့်သူက သူ့ပတ်ဝန်းကျင်မှာ ရှိနေလို့ပဲလေ···"

မေမေရဲ့ တစ်ချိန်က ရင်ဖွင့်စကား···ဘာကို ဆိုလိုမှန်း ဟန်နေသာ ကောင်းကောင်းသဘောပေါက်မိပြန်ပါ၏။

မိဘရဲ့ အပစားပေးမှု၊ ဘက်လိုက်မှုတွေကြောင့် အန်တီမော်နဲ့ မေမေရဲ့ ပတ်ဝန်းကျင်အခြေအနေတွေက အများကြီး ကွာခြားခဲ့သည် ပေတော့ပါလား။ မေမေက တက္ကသိုလ်တက်ဖို့ ကျောင်းဖယ်ရီစောင့်နေရချိန်မှာ အန်တီမော်က အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်လုပ်ငန်းတွေနဲ့ ထိတွေ့ဆက်သက်ပြီး လုပ်ငန်းရှင်မျိုးစုံ၊ သူဌေးမျိုးစုံနှင့် ပတ်သက်နေရလေပြီ။

ဟန်နေသာ အတွေးအခေါ် မရှိင်းခဲ့ဘူးဆိုလျှင် အန်တီမော်ဟာ မေမေ သူမနဲ့ ဖယ်ရီအတူစီး အညတြ ကျောင်းသားလေးနဲ့ ဖူးစာဆုံခဲ့သည့် အခါ စိတ်မကောင်းဟန်ဆောင်ခဲ့ပြီး၊ သူ့မသိစိတ်က ကြိတ်ကျေနပ်ချင် ကောင်း ကျေနပ်နေဦးမည်သာ။ ဘဝဆိုတာ တစ်ခါတရံတော့လည်း ဟာသကလေးတော့ ကိုရီးယားကားဆန်သား။

ဒါတွေပြောရင် ဒေါ်တွေပါလာတော့မည်။

ဟန်နေသာ ဒီအကြောင်းတွေ တတ်နိုင်သလောက် မေ့ထား၏။ သားအမိနှစ်ယောက် အန်တီမော်တို့လောက် မချမ်းသာသော်ငြား ပျော်ရွှင်ချမ်းမြေ့ကြပါ၏။

ဟို အကျော်အမော်ကြီးတွေလို မောဟလည်းမရှိ။ လောဘ

www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိ။

(အကျော်အမော်ဆိုသည်မှာ အန်တီမော်နှင့်သူ့မအမျိုးသား အန်ကယ်ကျော်ကို ဆိုလိုခြင်းပါ)

အဲဒီ လူကြီးစုံတွဲကို ဟန်နေသာ ကြည့်လို့ကိုမရ။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( E )

အိပ်ယာကနိုးနိုးချင်း ဟန်နေသော Home Alone (အိမ် မှာ တစ်ယောက်တည်း) ဇာတ်ကားထဲမှ ကလေးဇာတ်လိုက် မက်ကောလေး ကို ပြေးမြင်ယောင်မိရင်း ပြုံးမိ၏…

ခု…သူသည်လည်း Home Alone ဖြစ်လေပြီ။

တက္ကသိုလ် ကျောင်းပိတ်ရက်ရှည်တစ်ခုမှာ မေမေသည်လည်း ဘုရားစခန်းသို့ တိုက်တိုက်ဆိုင်ဆိုင် ဝင်သွားလေ၏။

**သား…နေသာ**

ရေခဲသေတ္တာအပေါ်ဆင့်မှာ အသားငါးတွေ ချက်ပြုတ်ပြီး ငါးသေးသေးလေးတွေနဲ့ တစ်ရက်စာစီထည့်ပေးခဲ့တယ်။ သား အဆင်သင့် နွှေးသားလိုက်ရုံပဲ။ အောက်ထပ်က draw ထဲမှာတော့ ဟင်းရွက်အစုံ ကြက်ဥနဲ့ပေါင်မုန့်တွေ ထည့်ပေးခဲ့တယ်။ စားခါနီးကျမှ လတ်လတ် ဆတ်ဆတ် ကြော်ချက်ပြီးစား အပြင်သွားတဲ့အခါဖြစ်ဖြစ်၊ အိပ်တဲ့အခါ ဖြစ်ဖြစ် လျှပ်စစ်မီးတွေကို တစ်ချက်ပြန်စစ်နော်။ တစ်ယောက်တည်း နေခဲ့ရင် လင်းမြတ်သူတို့ သူငယ်ချင်းတွေခေါ်အိပ်။ အရေးအကြောင်းရှိ

www.burmeseclassic.com



ရင် မေမေ့ဆီ ဖုန်းဆက်သား။ သားအတွက် မုန့်ဖိုးကို မေမေ တီဗီစင်ပေါ် တင်ပေးခဲ့တယ်။ နွားနို့ဖိုးက လကုန်အထိ ရှင်းပြီးသား။ သားတစ်ယောက် တည်းမို့ နွားနို့အစိတ်သားပဲ လာပို့ခိုင်းထားတယ်။

မေမေ…

စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံရေးသားထားလေတဲ့ မေမေ့ရဲ့စာကို ရေခဲသေတ္တာတံခါးမှာ ကပ်ရက်သားတွေ့ရ၍ သူဖတ်ရင်း ရယ်မောမိလေ၏။

မေမေဟာ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ့်သားကို ကြောက်နေလိမ့်မယ်လို့ ထင်နေပုံပဲ။

နိုး…။ တကယ်တော့ လုံးဝနီးပါ။

ကြောက်ဖို့နေနေသာသာ သူ ပျော်ရွှင်ပြီး လွတ်လပ်သယောင် တောင် ထင်နေမိသည်။ ဒါက အတွေ့အကြုံအသစ် ပေကိုး။ အရင်ကလည်း မေမေ အဲဒီလို တရားစခန်းဝင်တိုင်း သူ ဒီလိုပဲ ဆယ်ရက်၊ ဆယ့်ငါးရက် အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့မြဲ။

အဲဒီအရသာကို သဘောကျသည်။ နှစ်ခြိုက်သည်။ ထာဝရ ဆိုလျှင်တော့ သူ ကြိုက်လိမ့်မည်မထင်။ မေမေ့ကို သူချစ်သည်။ အားလည်း ကိုး၏။

"အိုကေ။ ဘာရှိတုန်း။ ရေခဲသေတ္တာဖွင့်မယ်…"

အရင်ဆုံး ပေါင်မုန့်နှစ်ချပ်ကို toaster ထဲ ထည့်လိုက်ပြီး ကြက်ဥ နှစ်လုံးကို ကြော်လိုက်၏။

"အာ…သွားပြီ…"

မေမေရှိစဉ် အချောင်ခိုခဲ့သမျှ။ အခုတော့ ပေါင်မုန့် မီးကင်ကစ လွဲလေပြီ။ toaster ရဲ့ အပူချိန်ကို လောဘတကြီး မြှင့်တင်မိရာ ပေါင်မုန့် တူးတူးများ ကင်ပြီးလေတော့မှ စက်က ထောက်ကနဲ ခုန်ထွက်ချ ပေးလိုက် ၏။

"အဲ…အဲ…အား…"

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥတွေကလည်း ဘယ့်နှာတွေမှန်းကိုမသိ··။ ဒေါနဲ့မောနဲ့ အဖောက်ဖောက်ပေါက်။ ဆီပူတွေက သူ့လာစင်၊ ဒေါသထွက်ပြီး အနှစ်နဲ့ အသာတွေ ရောမွှေလိုက်တော့မှ ပေါက်နေတဲ့ ကြက်ဥများ ငြိမ်ကျသွားကြလေတော့၏။

ဟူး···။

မနက်စာစားရဖို့ ယောကျ်ားတစ်ယောက်ရဲ့ မီးဖိုဆောင်ဝင်ရမှုအသည်း စစ်မြေပြင်မှာ ရန်သူ့ကျည်ဆံရှောင်နေရသလိုပဲ။ လွယ်တော့လွယ်။

ပေါင်မုန့်ကို ထပ်ပြီး မီးကင်သင့်ပါသော်ငြား အတူးတွေကို ကြိတ်မှိတ်စားလိုက်မိသည်ကတော့။ ထိုင်ရာကထ,ပြီး ပေါင်မုန့်ယူ၊ ကင်ရမှာ ပျင်းနေလို့ပါ။ ခပ်ရှင်းရှင်းပါပဲ။

ကြက်ဥကြော်နှစ်လုံးကို စားပြီးတော့ တူးခါးနေတဲ့ ပေါင်မုန့်ကို ချိန်ငင်အောင်မစားတော့ဘဲ အပေါ်ထပ်ဝရန်တာလေးရဲ့ လေသာဆောင်တံခါးကို သူဖွင့်လိုက်သည်။

ဟား····။ မင်္ဂလာပါ။ အသင်လောက···။

မိုးကုပ်စက်ဝိုင်းဆီမှ တိမ်တွေက ကောင်းကင်ပြာပြာကြီးဆီအနှင့်မာန်နှင့် တက်နေကြသည်။ နေရောင်ခြည်နှင့် လုံးထွေးနေသည့်တာတော့ ပွစိပွစိ။ ရပ်ကွက်ထဲကလူများ အားလုံးကတော့ လမ်းပြမြေပုံအကျပါရှိသည့် ရတနာသိုက် ရှာဖွေသူများလို သွားသုတ်သုတ်။ ··· သုတ်သုတ်။

ဟန်နေသာလို ကောင်းကင်ကိုလည်း မော့ကြည့်ပြီး အရသာခံနိုင်။ တိမ်တွေ၊ လေပြေတွေကိုလည်း ထိတွေ့ခံစား မနေနိုင်ကြ။ အားလုံး ··· သံပတ်ပေးထားသည့် ဒရမ်တီးဘဲရုပ် ကလေးတွေလိုပင်···။

"ဟေး···"

လမ်းသွယ်ကလေးထဲက ဖြတ်သွားဖြတ်လာ လူအုပ်ထဲကနေ ··· ယောက်ကတော့ ဝရန်တာမှာရပ်နေသည့် ဟန်နေသာကို လက်ပြောင်ပြတာ နှုတ်ဆက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီအဖြူ၊ နှင်းဆီအဝါ၊ နှင်းဆီအနီ သုံးပွင့်ကိုင်ဆောင်ထားသည့် အရုပ်ပုပု၊ လူကောင်သေးသေး လူတစ်ယောက်။ တစ်နည်း… ရပ်ကွက်ထဲက ကိုညွှပ်စိ။

"အော်…အင်း…"

သူကဗျာကယာ ပြုံးရင်း ကိုညွှပ်စိကို နှုတ်ဆက်လိုက်ရ၏။

အဖြူ၊ အဝါ၊ အနီ နှင်းဆီပန်းသုံးပွင့် ကိုင်ဆောင်ရင်း အိမ်ရှေ့မှဖြတ်လျှောက်သွားလေတဲ့ ကိုညွှပ်ရဲ့ ကျောပြင်ကိုကြည့်ရင်း ဟန်နေသာ သဘောကျစွာရယ် မောမိပါ၏။

ရပ်ကွက်ထဲက ကိုညွှပ်စိဆိုလို့ ခင်းဗျားတို့က သူ့ကို နယ်နယ်ရရထင်နေလျှင်တော့ မှားလိမ့်မည်။

တကယ်တော့ ကိုညွှပ်စိဆိုတာ လုံးချင်းစာပေလောကမှာ တက်သစ်စ လှို့ဝှက်ဆန်းကြယ် ဂမ္ဘီရစာရေးဆရာ ဒဿဘူဇွာ ဆိုသူပင်။

သင်တို့ မျက်လုံးပြူးသွားကြပြီ မဟုတ်ပါလား။

သင်တို့ ရင်ထဲက စွပ်စွဲချက်အားလုံး မှန်ကန်ပါပေသည်။

သူက သရဲစာရေးဆရာ ဒဿကျော်စွာကို လိုက် အတုခိုးနေသူ။ ရေးဟန်ရော ကလောင်နာမည်ပါ လိုက်အတုခိုးရုံနှင့်အားမရ။ သူ့ပုံစံ၊ သူ့ဟန်ကပင် ဒဿကျော်စွာနှင့် သွားတူနေသေး၏။ (ဒီလောက်ဆိုလျှင် ဒဿကျော်စွာ ဆိုသည့် စာရေးဆရာမှာလည်း ကိုညွှပ်လို ပုကွကွ ဂင်တိုတိုလူတစ်ယောက်ဆိုတာ သင်တို့ ခန့်မှန်းမိပေလောက်မည်။ ရေးသာ ရေးနေရသည်။ စာရေးသူမှာလည်း ခပ်လန့်လန့်ပင်)

ချော်တောငေါ့ပြီး ပြောရမည်ဆိုလျှင် မြန်မာလုံးချင်း လောကမှာလည်း စိတ်ပျက်စရာကောင်းသည်ဆိုမလား…။ ရယ်စရာကောင်းသည် ဆိုမလား…။

တစ်ယောက်က သရဲနဲ့နာမည်ကြီးပြီဆို နောက်လူတွေကလည်း သရဲ…သရဲ…။ တစ်ယောက်က ဟာသဆို နောက်လူတွေက ဟာသ‥။ ဟာသ‥။ တစ်ယောက်က အချစ်ခပ်ကြမ်းကြမ်းလိုင်းဆို နောက်လူတွေကလည်း အချစ်ခပ်ကြမ်းကြမ်းလိုင်း…။

www.burmeseclassic.com

www.burmeseclassic.com



လူတကာလိုက်၊ တုပ မရေးနိုင်တာဆိုလို့ ဖလော်၊ ဆိုက်ကိုနဲ့ ချစ်ကို ရောသမမွှေထားသည့် လိုင်းလောက်သာ ရှိမည်ထင်သည်···။ ဒီလိုင်းကလည်း သိပ်တော့ အထင်ကြီးစရာမရှိပြန်။ ဘဝမှာ ကျဆုံးခန်း တွေများပြီး ရူးကြောင်မူးကြောင်နှင့် ဒဿနစာအုပ်တွေ ဖတ်ရာကနေ စာရေး ဆရာမဖြစ်သွားသည့် ညေး တစ်ယောက်လောက်သာ အဲဒီလိုင်းကို ထုံပေပေ နှင့် ရေးနေ၏။

ထားပါတော့··။ စပ်မိစပ်ရာ ကွိစိကွစတွေ။

ဟန်နေသာတို့က သူများအကြောင်း သိပ်ခေါင်းထဲထားတာမဟုတ်။

စာရေးဆရာ ဒဿဘူဇ္ဇာကြီး ကိုယ့်အိမ်ရှေ့က ဖြတ်သွား၍သာ အကောင်းအဖျင်းတွေ တွေးမိနေခြင်းဖြစ်၏။

ကဲပါလေ···တွေးမယ့်တွေး အဆုံးအထိ တွေးလိုက်ပါဦးမည်။

ကိုညွှပ်ဆိုသည့် စာရေးဆရာ ဒဿဘူဇ္ဇာကို ဟန်နေသာ အမြဲကြည့်လို့ရလှသည်တော့မဟုတ်။ မျက်ခွက်က အလွန်ပြောင်သည်။

'သုဿန်စောင့်မဖဲဝါ' ဆိုသည့် ဝတ္ထုနာမည်ကြီးလာတော့ သူက 'သင်္ချိုင်းစောင့် ဒေဝီမဖဲနီ' ဆိုပြီး လုပ်လာသည်။ ရယ်စရာမှ တကယ့် ရယ်စရာ··။

သို့သော် ကိုညွှပ် ကံဇာတာကို လျှောင်ပြောင်၍တော့ မရ··။

သူက ဓာတ်ရိုက်ဓာတ်ဆင်တွေလည်း လုပ်၏။

"ကိုညွှပ်···။ မနက် မနက် နှင်းဆီပန်းရောင်စုံ သုံးပွင့် ကိုင်ကိုင်ပြီး ကျွန်တော်တို့ အိမ်ရှေ့က ဖြတ်လျှောက်ရှိတယ်နော် အဲဒါ ဘာလုပ်တာလဲ···"

"ဈေးကနေ သွားဝယ်ပြီး အိမ်ကိုပြန်တာလေ···"

"အဲဒါတော့ သိတာပေါ့ဗျ။ ခင်ဗျားကို မနက်တိုင်း အိမ်ကနေ တွေ့တွေ့နေလို့ ဘာလုပ်တာလဲ။ မေးကြည့်တာ··"

"ရှူ····"

ကိုညွှပ်က သဘာပြုံး ပြုံးရင်း လက်ညှိုးကလေးကို သူ့နှုတ်ခမ်းပေါ်ထားသည့် နီကျင်ကျင်ပါးစပ်ကြီးနှင့် တော့ပြ၏။

တိတ်တိတ်လေးနေစမ်း···ဆိုသည့်သဘော။

သိလိုက်ပါပြီ····။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ သချိုင်းစောင့်ဒေဝီ မဖဲနီ စာစဥ်တွေ အူကြောင်ကြောင်နှင့် ပေါက်သွားသည်မှာ ရောင်စုံနှင်းဆီပွင့် သုံးပွင့်နှင့်များစွာ ဆက်စပ်မှုရှိလိမ့်မည်ဆိုတာ…။

တစ်ခါတရံအောင်မြင်မှု၏ လှို့ဝှက်ချက်တွေထဲမှာ ဂမ္ဘီရ အစီအရင်တွေကိုလည်း လျှော့တွက်၍ မရနိုင်ဘူး မဟုတ်ပါလား‥။

သူ့ရဲ့ ပထမဆုံး လုံးချင်းဝတ္ထုထွက်တုန်းက နေသာ့ကို လက်ဆောင်ပေးဖူးလေ၏။

“နေသာ…။ ဒါ ငါရေးတဲ့ ပထမဆုံး ခြောက်ခြောက်ခြားခြားသရဲဝတ္ထုလေ။ လက်ဆောင်ပေးတာ…”

“အဲ…ကိုညွပ်…။ အဲ…ဒသဿဘူမ္မာ ဆိုပါလား‥” ကလောင်နာမည်ကြီးက ခနဲ့လှချည်လား…”

“အဟဲ…ဟဲ…ဟဲ…”

“ဟိုက်…မဖဲဝါတော့ ကြားဖူးတယ်ဗျ။ မဖဲနီဆိုတာရော တကယ်ရှိလို့လား”

“ကျွတ်…မင်းကလည်းကွာ…”

ကိုညွပ်က မိချောင်းဂိုက်ဖမ်းပြီး မျက်လုံးတစ်ဖက်မှိတ်ပြလေ၏။ နေသာ ဇက်ကလေးပုသွားရလေပြီ။

“အဲ…ညမဖတ်ရ။ နှလုံးရောဂါအခံရှိသူများ လုံးဝ မဖတ်ရဆိုပါလား…”

“ဟုတ်တယ်လေ…။ မတော် သေသွားရင် ငါက အာမ မခံနိုင်ဘူး‥”

ဖိန့်လုံးတွေက ကိုးလောက်ရှိ၏။

တကယ့်တကယ် ဖတ်ကြည့်တော့ ကောင်းသည်။ အလွန့်အလွန်ကို ကောင်းလေသည်။ ကြောက်ဖို့တော့မဟုတ်။ ရယ်ဖို့…။

သူ့ဝတ္ထုဖတ်ပြီး သေသွားနိုင်သည့် လူတန်းစားတစ်ရပ်တော့ ရှိနိုင်ပြန်၏။ အရယ်သန်သည့် လူတန်းစားများ လုံးဝ မဖတ်သင့်။ အူတက်ပြီး သေသွားမှာ စိုးရိမ်စရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စာဖတ်ပရိသတ်ကို ကြောက်စေချင်လျှင် ခွေး အူသံတို့၊ ဆုပ်နံ့တို့ ‘ညဘက်ကြီး သချိုင်းကုန်းတစ်နေရာတို့နှင့် ဆွဲဆွဲခေါ်တတ် ၏။

ဒါကိုလည်း ဖတ်ပြီး ကြောက်လှချည့်ဆိုသည့် ငကြောင်တွေ ည်း ရှိပြန်သေးသည်။

ဟန်နေသာတစ်ယောက် နှင်းဆီပန်းသုံးပွင့်ကိုင်ဆောင်ပြီး တရွေ့ရွေ့ ပွာသွားသည့် ဒသသဘူဇွာရဲ့ ကျောပြင်ကို ကြည့်ရင်း စိတ် အချဉ်ပေါက် ရယ်မိနေစဉ်

“ဟိုက်...မနက်စောစော စမုံတော့ တုံးပြီ”

မှန်၏။

ဟန်နေသာ့ ခြံရှေ့တည့်တည့် ထိုးဆိုက်လာသည့် အကျော်အမော် စ်စီး။

❐

www.burmeseclassic.com

www.burmeseclassic.com

## (F)

"ဒုန်း…ဒုန်း…ဒုန်း…ဒုန်း…"

"လာပြီ…လာပြီ…"

အကျော်အမော်ကြီးနှစ်ယောက်က အောက်ထပ်တံခါးကို အသေထု နေကြ၍ သူ အပေါ်ထပ်မှ အပြေးဆင်းသွားမိ၏။

သူ တံခါးဖွင့်ပေးလိုက်တော့ သူ့ကိုမြင်ပြီး ရှုံ့မဲ့သွားကြသည့် မျက်နှာနှစ်ခု။

"ဘာလဲ…အခုမှ အိပ်ယာက ထတာလား…"

အခုမှ အိပ်ယာကထတော့လည်း ဘာဖြစ်လဲ။ စ,စချင်း မေးတဲ့ မေးခွန်းကိုက အဲလို အဆီအငေါ်မတည့်။

"မဟုတ်ပါဘူး။ အပေါ်ရောက်နေလို့…"

"ဘာတွေလုပ်နေတာလဲ။ မင်း တစ်ကိုယ်လုံးလည်း ချွေးစို လို့…"

"ဟောဗျာ။ ခု အိပ်ယာထပြီးလို့ မနက်စာ စားတာလေဗျာ ရေတော့ မချိုးရသေးဘူးပေါ့။ လူပဲ အမြဲတမ်းချိုမြိန်နေတဲ့ အနံ့တွေ ထွက်နေပါ့မလား…"

www.burmeseclassic.com

www.burmeseclassic.com



တကယ်က ရေချိုးပြီးစ လူတစ်ယောက်လို သင်းပျံ့နေတဲ့ရနံ့တွေ ထွက်မနေသော်ငြား နေသာ့ဆီမှ ဆိုးဆိုးဝါးဝါး ကိုယ်နံ့တွေကတော့ ထွက်မနေပါ။

သူတစ်ပါးကို သာသာထိုးထိုး၊ ချိုးချိုးဖဲ့ဖဲ့ကလေး ပြောလိုက်ရမှ အာသာပြေသွားကြသည့် အကျင့်အတိုင်း အကျော်အမော်ကြီး နှစ်ယောက်က ဆီးကြိုနှုတ်ဆက်စကားဆိုရင်း နေသာ့ကို ထုံပေပေကြည့်ကာ အိမ်ထဲဝင်သွားကြ၏။

မသိရင် လိုင်းခန်းကို အရာရှိက လာစစ်နေသည့် အပေါက်နှင့်။

အင်း...။ သည်းခံ...။ သည်းခံ....။

နေသာရေ...။ သည်းခံလက်စနဲ့ သည်းခံ..။

နေသာ စိတ်ညစ်ညစ်နှင့် အိုင်ပက်ထုတ်ကာ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်မိ၏။

"အလိုလေး...ဘာတွေလုပ်ထားပြန်သလဲ ကိုယ်တော်"

မီးဖိုဆောင်ဆီမှလာသည့် အန်တီမော့် လေသံ။

နေသာ မသိဟန်ဆောင်ပြီး ဂျီမေးလ်တို့၊ ဖေ့(စ်)ဘုတ်တို့၊ တွစ်တာတို့ တစ်ခုပြီးတစ်ခုဖွင့်နေစဉ်...။

"ဟဲ့...တူးနံ့တွေရတယ်။ ဘာတွေလုပ်ထားသလဲ.."

"ဘာလုပ်ရမှာလဲဗျာ။ ကိုယ့်အိမ်ကိုယ်နေတာပဲ။ စောစောက ပေါင်မုန့်မီးကင်ထားတာ။ အပူပေးတာများပြီး တူးသွားလို့..."

နေသာက ဆတ်ကနဲထပြီး မီးဖိုဆောင်ထဲ သွားမည်ပြုစဉ် အန်တီမော့်ယောကျ်ား အန်ကယ်ကျော်နှင့် တိုက်မိသွားပြီး အိုင်ပက်ထဲက တချို့လုပ်ဆောင်ချက်ခလုတ်များကို မှားနှိပ်မိရက်သားဖြစ် သွား၏။

အန်ကယ်ကျော်က ခေါင်းတစ်ချက်ညိတ်ကာ ကျင့်ယူထားသည့် ခွေ့မွေ့အပြုံးကြီးတစ်ခု ပြုံးပြလေ၏။

သူတို့ လင်မယားနှစ်ယောက်စလုံး ဘာပုံစံတွေမှန်းကို မသိ။

"အလို...မင်းက ဒီပေါင်မုန့် အတူးတွေကို စားတယ်။ ဟုတ်စ

www.burmeseclassic.com

www.burmeseclassic.com



အန်တီမော်က ထမင်းစားစာပွဲရဲ့ အုပ်ဆောင်းကို လှန်လျှောကြည့်ပြီး ပေါင်မုန့်အတူးအစအနများကို မြင်ကာ နေသာ့ကို အရိုင်းအစိုင်း တစ်ယောက်လို မေးလိုက်၏။

"အန်တီမော် အခုလာတာ ကျွန်တော့်ကို အပြစ်ပြောဖို့ သီးသန့် ရောက်လာတာလား။ အဲဒါဆိုလည်း တဆိတ်လောက် ကျေးဇူးပြုပြီး ပြန်ပါတော့လားဗျာ..."

"အမလေး...မင်းတို့ဆီများ လာချင်လွန်းလို့။ ဒီမှာ..။ တာဝန်ရှိလို့ လာကြည့်တာပေ့ါ။ ရှင်းပြီလား။ တာဝန်ရှိလို့လာ ကြည့်တာ ဟဲ့။ ငါ့ညီမ ရိပ်သာဝင်သွားတယ်ကြားလို့ မင်းတစ်ယောက်တည်း ဘယ်လိုများ နေလေမလဲ သိချင်လို့လာတာ။ တို့က အချိန်သိပ်ရှိတာ မဟုတ်ဘူး။ ပွဲတွေဆိုင်ထား တဲ့နောက် ပြေးရဦးမယ်။ အမလေးဟဲ့... လာမိတာကိုက ငါ့အမှား..."

အဲလိုပြောပြီး အကျော်အမော်ကြီးနှစ်ယောက် မကျေမချမ်း ထွက်သွားကြလေတော့၏။

နေသာလည်း စိတ်ရှုပ်ရှုပ်နှင့် တံခါးကို ဆောင့်ပိတ် ပစ်လိုက်မိသည်။ အကျော်အမော်ကြီးများကလည်း မခေ။ ကားကို လီဗာပြင်းပြင်း ပုတ်ကာ ဝူးကနဲ မြည်အောင် မောင်းထွက် သွားလေတော့၏။

"ဟူး...။ ခဏလေးရောက်လာတာနဲ့တောင် ဒီလောက် စိတ်ရှုပ်ရတာ အမေဆို ဒီမိန်းမကြီးနဲ့ သူ့အပျိုသက်တမ်းတစ်လျှောက် ဘယ်လိုများ နေလာခဲ့ပါလိမ့်"

နေသာ ခေါင်းကို သွင်သွင်ခါယမ်းရင်း ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်မိပြန်ပါ၏။

ပြဿနာက ထိုအချိန်မှ စတင်ဖြစ်ပေါ်ခဲ့လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (1)

"You can be everything at my Poem" Game.

"ဟင်....."

အိုင်ပက်ပေါ်က တွေ့လိုက်ရတဲ့ ဂိမ်းတစ်ခုရဲ့ နာမည်ကြောင့် ဟန်နေသာ အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားရ လေတော့သည်။

ဒီဂိမ်းကို သူမသိပါဘူး။ ဒီဂိမ်းကို သူဖွင့်ကြည့်ဖို့လည်း ဘယ်ခလုတ်မှ မနှိပ်မိပါဘူး။ ဘယ်လိုဖြစ်လို့ ဒီဂိမ်းထဲ ရောက်နေရပါလိမ့်။

အိုး...။ သိပြီ။

စောစောက အန့်တီမော် မီးဖိုချောင်ထဲကနေ ပွစိပွစိ လုပ်နေတုန်းက သူမရဲ့ ချစ်ချစ်ကြီးကိုကျော်နဲ့ ဟန်နေသာ မတော်တဆဝင်တိုက်မိပြီး အိုင်ပက်ထဲက လုပ်ဆောင်ချက် ခလုတ်တစ်ခုမှားနှိပ်မိတာနဲ့ တူပါရဲ့။

ဟန်နေသာ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဂိမ်းနာမည်လေးကို နောက်တစ်ကြိမ်ပြန်ဖတ်ကြည့်လိုက်မိပြန်ပါသည်။

You can be everything at my Poem.

ကျွန်တော့် ကဗျာမှာ ခင်ဗျားဘာမဆို ဖြစ်နိုင်တယ်။ ကျွန်တော့် ကဗျာမှာ ခင်ဗျား ဘာမဆိုဖြစ်ခွင့်ရှိတယ် ဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းနာမည်လေးက စိတ်ချမ်းသာဖို့တော့ ကောင်းလိုက်တာ။

ကဲ....ဒါဆို ပန်တွေဖျော်နဲ့ ရည်းစားဖြစ်ချင်တယ်။ ဖြစ်ခွင့်ရှိမှာလား။ ချေမ်းကို နရင်းအုပ်ချင်တယ်။ လုပ်ခွင့်ရမှာလား...။

ဟို...အကျော်အမော်ကြီးနှစ်ယောက်ကို ဒုက္ခလှလှပေးချင်တယ်။ နောက်ပြီး ဒဿဘူဇ္ဈာဆိုတဲ့ကိုညွပ်ကို ဖွဲ့ချင်၊ ကျပ်ချင်တယ်။ ရနိုင်မလား။

ဟန်နေသာ၊ ဂိမ်းကို မကစားသေးဘဲ cover မှာ ရေးထားတဲ့ စာတွေကို ဖတ်ကြည့်နေမိ၏။

***မှန်းကျပ်တဲ့ လူ့ဘဝထဲကနေ လွတ်မြောက်ခွင့်ရအောင် ဒီဂိမ်းကို ကစားပြီး အပန်းဖြေကြည့်ပါလား။ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အံ့သြခြင်းများစွာက သင့်ကို စောင့်ကြိုနေပါသည်။***

ရလဲ့...။ တယ်ဆိုတဲ့စာ...။

CAUTION ! သေချာပေါက်ကစားဖို့ စိတ်ဆုံးဖြတ်ပြီးတော့မှ ဒီဂိမ်းကို ကစားပါ။

ဂိမ်းထဲမှာ သတိပေးချက်က အနီရောင်စာသားနှင့် မှိတ်တုတ်မှိတ်တုတ် ပေါ်နေလိုက်သေးသည်။

ဂိမ်းက ဒဿဘူဇ္ဈာနှင့် ဘယ်လိုဆွေမျိုးတော်လေရယ် မသိ။ ဖိန့်လုံး၊ ဟိန့်လုံး အခြိမ်းအခြောက်တွေက ကိုးလောက် ရှိပြန်၏။

အလကား...။ ပြီးတော့လည်း ဘာမှ ဟုတ်မှာမဟုတ်။ 'ညမဖတ်ရ'ရေးထားပြီး သရဲပုံကိုလုံးကြီးမှာ ထိုင်ဖတ်တောင် ကြောက်စရာ တစ်စက်ကလေးမှ မကောင်းတဲ့ သရဲဝတ္ထုတွေအတိုင်း ခပ်ကြောင်ကြောင် တွေပဲ ဖြစ်မှာ။

ဟန်နေသာတို့က မကြောက်ရေးချမကြောက်။

ဟို တစ်ခါ ဆော့ဖူးတဲ့ ဖဲခြောက်ချပ်ဂိမ်းတုန်းကရော ဘာတွေများ မှန်ကန်ခဲ့ဖူးလို့လဲ....။ မသိရင် ဂိမ်းကပဲ ကိုယ့်စိတ်ကို ဖတ်နိုင်နေ သယောင်။ ပြီးတော့လည်း အားလုံးသောက်တလွဲ။

ဟန်နေသာရဲ့ လက်ညှိုးလေးတစ်ချောင်းက လေထဲမှာ သုံးစက္ကန့်လောက် ရပ်တန့်နေပြီးမှ မီးစိမ်းလင်းနေသည့် PLAY ခလုတ်ကို စီးစီးပိုင်ပိုင် နှိပ်ထည့်လိုက် လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းက 'အိုကေ'ဆိုပြီး ယောက်ျားအသံ ဩဩတစ်ချက် ထွက်ပေါ်လာပြီး။ display မျက်နှာပြင်မှာလည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲအသက်ဝင် လှုပ်ရှားလာလေသည်။

နောက်တော့···

နောက်တော့···

"မင်းကို ငါတို့ရှာတွေ့ပြီ"ဆိုတဲ့ စာသားတစ်ခုနဲ့အတူ ဂိမ်းကပေးအပ်လာတဲ့ နောက်ထပ် စာရွက်တစ်ရွက်····။

"ဟင်···"

ဟန်နေသာ အိုင်ပက်ကို မျက်တောင်မခတ်တမ်းကြည့်ရင်း အံ့ဩမှင်တက်သွားရလေပြီ။

သူ အသက်ရှူဖို့ပင် မေ့နေ၏။

"ဘုရား···။ ဘုရား···။ ငါဘာဆက်လုပ်ရမလဲ···"

ဂိမ်းက အသက်ဝင်လာပြီလား။ တကယ်လို့ နောက်ဆုတ်လို့ရမယ်ဆိုရင် ဘယ်လိုပုံစံနဲ့ နောက်ဆုတ်လို့ ရနိုင်မလဲ···။

သူ ကြောက်ကြောက်နှင့် Quitခလုတ်ကို လိုက်ရှာနေသေး သည်။

သူ့စိတ်ထဲမှာလည်း မြွေဟောက်တစ်ကောင်ကို ခေါင်းပုတ်မိသူတစ်ယောက်ရဲ့ နောင်တတရားတွေ ပြည့်သိပ်လျက်။

သူ ကောင်းကောင်း ချွေးပြန်နေရလေပြီ။

ထိုစဉ်···။ ထိုစဉ်ပင်···။

ဂိမ်းထဲက ထပ်မံ ဖော်ပြလာတဲ့ စာတမ်းတစ်ခု····။

***ဘယ်လိုနည်းနဲ့မှ မင်းနောက်ဆုတ်လို့ မရတော့ပါဘူး။***

"ဟာ···"

ဟန်နေသာ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး လက်နှင့်ကျစ်ကျစ်ဆုပ်လျက် စားပွဲပေါ်သို့ ထိုးပစ်လိုက်မိလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 2 )

ခြံရှေ့သို့ DHL လိုဂိုတံဆိပ်ပါ နိုင်ငံတကာချောပို့လုပ်ငန်းသုံး ထရပ်ကားတစ်စီးထိုးဆိုက်လာချိန်မှာတော့ သူ နေခင်းကြောင်တောင် တစ္ဆေ အခြောက်ခံရသူတစ်ယောက်လို ချွေးစေးများထွက်လျက် တုန်လှုပ်ခြောက်ခြား သွားရလေပြီ။

ဒါ…ဒါ…တကယ်ပဲလား…။

လွန်ခဲ့တဲ့ရက်အနည်းငယ်က သူလက်တည့်စမ်းခဲ့တဲ့ ခြောက်ခြားဖွယ်ရာ ဂိမ်းတစ်ခုက သူ့ရဲ့လက်တွေ့ဘဝထဲအထိ အဆီးအတားမရှိ ဝင်ရောက်လာခဲ့ပြီလား။

"ကိုဟန်နေသာ…"

ကားပေါ်က လူတစ်ယောက်က ပါဆယ်တစ်ထုပ်ကို ကိုင်လျက် ကားပေါ်ကဆင်းပြီး ခြံရှေ့ကနေ အော်ခေါ်နေလေပြီ။

သေစမ်း..။ ဒီနေ့ကျမှ သူ ခြံတံခါးကို သော့ခတ်ခဲ့ဖို့သည်း မေ့နေခဲ့၏။

ဘာလဲ…။ ဘာတွေလာပေးနေတာလဲ။ ဘာတွေလာပို့ နေတာလဲ။ ဒီပါဆယ်ဟာ ဂိမ်းကုမ္ပဏီက ပို့ပေးလိုက်တဲ့ ပါဆယ်တစ်ထုပ် လေလား။

www.burmeseclassic.com

www.burmeseclassic.com



သေချာတာတစ်ခုက သူ့ကို နိုင်ငံရပ်ခြားမှ ပါဆယ်ပို့ရလောက်အောင် ရင်းနှီးခင်မင်ရတဲ့ မိတ်ဆွေဆိုလို့ မရှိ။

"ကိုဟန်နေသာ···"

ခန်းဆီးနောက်ကွယ်ကနေ သူချောင်းမြောင်းကြည့်ရှုရင်း တိတ်တိတ်ကလေး ရပ်နေမိသည်။

ပေးပို့သူမှာ နှစ်ခါခေါ်၍ မထူးခြားလာသဖြင့် သူ့အရှိန်ကို အနည်းငယ် တိုးမြှင့်လိုက်ပြီး ဝန်းတံခါးသော့ကို ခတ်ထား မထား လက်သို့ကြည့်နေစဉ်···။

"အာ···ကိုညွှပ်။ ကိုညွှပ် ခင်ဗျား ဝင်မရှုပ်ပါနဲ့ဗျာ··"

သူ ခပ်တိုးတိုးလေး ရေရွတ်လိုက်မိ၏။

တိုက်တိုက်ဆိုင်ဆိုင် အဖြူ၊ အနီ၊ အဝါ နှင်းဆီပန်းသုံးပွင့် ဈေးက ဝယ်လာသည့် ဒဿဘူရွှာမှာ ဟန်နေသာ့ခြံရှေ့သို့ ရောက်လာသည်ကို သူအသည်းယားစွာတွေ့လိုက်ရလေတော့သည်။

"ဘယ်သူ့ဆီလာပို့တာလဲဗျ··"

"ကိုဟန်နေသာ···တဲ့··"

"ဒီကောင် အထဲမှာရှိတယ်··သူ့အမေက ရိပ်သာဝင် နေတယ်ဆိုလား။ နေဖင်ထိုးမှ အိပ်ယာက ထ,တယ်နဲ့တူတယ်"

"ခင်ဗျား တာဝန်ခံပြီး ယူထားပေးမလား။ ကျွန်တော်တို့က ပါဆယ်ပို့ဖို့ တခြားနေရာတွေ သွားစရာရှိသေးတယ်။ သူ နိုးတဲ့အထိ စောင့်နိုင်ဘူး"

"သွားစရာရှိရင် သွားလေ။ ဒီကောင့်ကို ကျုပ် မနိုး နိုးအောင် နှိုးပြနိုင်တယ်"

ဩော်···အရေးထဲ။

"ကောင်းပြီ။ လက်မှတ်ကလေးတစ်ချက်တော့ တာဝန်ခံပြီး ထိုးပေးနိုင်တယ် မဟုတ်လား···"

"ရပါတယ်။ ခင်ဗျားနဲ့ စကားပြောနေတဲ့သူက နယ်နယ်ရရ ဗွက်ရှုံလ်မဟုတ်ပါဘူး။ နိုင်ငံကျော် သရဲစာရေးဆရာ ဒဿဘူရွှာပါ···"

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာက ဝင်လိုက်သေးတယ်။

ကိုညွပ်စကားကြောင့် ပါဆယ်ပေးပို့သူမှာ အနည်းငယ် ဖျားသွားရပြီး…

"အာ…ဆောရီးပါ ဆရာ။ ကျွန်တော် မလေးမစား ပြောမိသလို ဖြစ်သွားရင် ဆောရီးပါ…"

"ကိစ္စမရှိဘူး။ ကိစ္စမရှိဘူး…"

အဲဒီလိုနဲ့ ဒဿဘူဇ္ဖာတစ်ယောက် သူများစားခုတ်မှုမှာ အလိုက်ကန်းဆိုးမသိတတ်စွာ လက်လှို့ဝင်လိုက်ပြီး ပါဆယ်ထုပ်ကို လက်မှတ်ထိုးယူရင်း ခြံတံခါးကိုဖွင့်ကာ အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာလေတော့၏။

"ဟိတ်ကောင်…ဟန်နေသာ…"

ခုနစ်သံချီပြီး အာပြဲကြီးနှင့် အော်ခေါ်၏။ ဒီတစ်ချီတော့ မသိချင်ယောင်ဆောင်လို့ မရတော့။

"လာပြီ…လာပြီ…"

"ဒေါက်…ဒေါက်…ဒေါက်…ဗုန်း….ဗုန်း….ဗုန်း.."

"လာပါပြီဆို…"

သူတံခါးဆွဲဖွင့်လိုက်တော့ ကိုညွပ်က…

"မင်းအတွက် နိုင်ငံခြားက ပါဆယ်လာတယ်ကွ။ ဒီမှာ…"

ပါဆယ်ထုပ်ကို သူ ကြည့်လိုက်မိသည်။

သူ အကြီးအကျယ် သေချင်စိတ် ပေါက်သွားရလေပြီ။

ပါဆယ်ထုပ်ရဲ့ Sender နေရာမှာ ဂိမ်းကုမ္ပဏီရဲ့လိပ်စာ ရေးထိုးထားသည် မဟုတ်ပါလား။

"ဩော်…ကျေးဇူးကိုညွပ်။ ကျေးဇူး။ ကျေးဇူး။ အထဲ ဝင်ထိုင်ပါဦးလား…"

"မထိုင်တော့ပါဘူး။ မင်းတို့ အစ်ကိုကြီး အရမ်းပျော်နေတာသိလား…"

"ဟင်..ခင်ဗျားလား။ မသိဘူး။ ဘာတွေပျော်နေတာလဲ…"

www.burmeseclassic.com

www.burmeseclassic.com



ကိုညွပ်က သူဝယ်လာတဲ့ ဂျာနယ်တစ်စောင်ကို မြှောက်ပြတာ ခပ်ဖြဲဖြဲရုပ်ကြီးနှင့်…။

"ဟိုကွာ… ဂျာမန်လေကြောင်းလိုင်းက ဘိုးရင်း 747 ဂျက်လေယာဉ်ကြီး ထူးထူးဆန်းဆန်း ပျောက်သွားတယ်မဟုတ်လား။ တချို့ကလည်း ပျက်ကျသွားပြီ ဘာညာပြောကြတယ်လေ"

"အင်းလေ…ALPတောင်တန်းတွေကြားမှာ ပျက်ကျသွားတယ်တို့။ ပစိဖိတ်သမုဒ္ဒရာထဲ ပျက်ကျသွားပြီတို့တော့ ပြောနေကြတာပဲဗျ"

ကိုညွပ်က ခေါင်းကို သောက်ညင်ကပ်ချင်စရာကောင်းလောက်တဲ့ အိုက်တင်နဲ့ ခါယမ်းပစ်လိုက်ပြီး…

"တကယ်တော့ အဲလိုမဟုတ်ပါဘူး။ ဂမ္ဘီရဆန်ဆန် ပျောက်ဆုံးသွားတာပါ။ ငါက ငါ့ရဲ့ ထင်မြင်ယူဆချက်ကို ဂျာနယ်တစ်စောင်မှာ အဲလိုပြောလိုက်တော့ 'နက္ခတ္တဗေဒပညာရှင် ဦးဇေယျာသူက ငါ့ကို အဲဒီဂျာနယ်ကနေပဲ ပြန်စိန်ခေါ်တယ်လေ။ ပျက်ကျသွားတာပါတဲ့။ ဘာကြေးလောင်းမလဲ…တဲ့။ တကယ်လို့ ဒီတစ်လအတွင်း လေယာဉ် အပိုင်းအစအပျက်အစီးတွေကို မတွေ့ရင် သူက နက္ခတ္တဗေဒအလုပ်ကို စွန့်လွှတ်ပါ့မယ်တဲ့"

"တကယ်လို့ တစ်လအတွင်း လေယာဉ်အပျက်အစီး အပိုင်းအစတွေ တွေ့ရင် ခင်ဗျားကရော ဘာလုပ်ပေးပါ့မယ်လို့ လောင်းလိုက်လဲ…"

"ဟိုဟာ ဖြတ်ပြမယ်လို့ စိန်ခေါ်ပြီး လောင်းလိုက်တယ်"

"ဗျာ…"

လက်ရှိ ဖြစ်ပျက်နေတဲ့ ဂိမ်းပြဿနာကို ခဏမေ့လျော့သွားရပြီး ဒန်နေသာ ဘုရားတ,သွားမိလေ၏။

ဟိုဟာဖြတ်ပြမှာ…တဲ့။ ဘုရား…ဘုရား…။ သတ္တိကောင်းလိုက်တဲ့ ဒဿဘူရှာပါတကား…။

"တကယ်တော့ ဒါ…ငါစတန့်ထွင်လိုက်တာပဲ.."

"နေ…နေပါဦး..ခ…ခဗျားကိုတော့ ကျွန်တော် တကယ်ငါသွားပြီ။ ရေရေလည်လည် ကျွတ်သွားပြီ…ခင်ဗျားတော်တော် သတ္တိ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲဗျ။ ဟာမ်…ပြော…။ ပြောစမ်းပါဦး။ ဘယ်လို စတန့်ထွင်လိုက်တာလဲ ဆိုတာ…"

"ဩော်ကွာ…ဒီလိုလေ…ဓမ္မစေတီခေါင်းလောင်းကြီးနဲ့ ပတ်သက်ပြီး စာရေးဆရာနှစ်ယောက် စိန်ခေါ်ထားကြတယ် မဟုတ်လား…"

"မကြားမိဘူးဗျ။ အင်းလေ။ ဒီရက်ပိုင်း ကျွန်တော်မှ စာစောင်တွေ မဖတ်ဖြစ်တာ"

"ဒီလိုဟေ့ ဒဿကျော်စွာဆိုတဲ့ သရဲစာရေးဆရာက ဓမ္မစေတီခေါင်းလောင်းကြီး ရေအောက်ကနေ ဆယ်ယူလို့ရခဲ့ရင် လျှာအဖြတ်ခံမယ်တဲ့ကွ"

"ဟိုက်ရှား..သတ္တိကောင်းလိုက်တာ"

"အဲဒီတော့ ဦးကျော်ဝင်းဆိုတဲ့လူကလည်း ဒဿကျော်စွာကို လှမ်းစိန်ခေါ်တယ်။ ကိုယ့်ကတိကိုယ်တည်ပစေတဲ့၊ ဓမ္မစေတီခေါင်းလောင်းကြီးကို ခြေရာခံမိထားပြီတဲ့။ တကယ်လို့ ဓမ္မစေတီခေါင်းလောင်းကြီးကို ရေအောက်ကနေ မဆယ်နိုင်ခဲ့ရင် ဦးကျော်ဝင်းကလည်း သူ့လျှာသူဖြတ်ပြမယ်တဲ့ကွ.."

"အိုးဟိုး…သူတို့က လျှာတွေဖြတ်ပြီး ဘာလုပ်ကြမှာတုံး…"

"တုတ်ထိုးလုပ်စားမလို့နေမှာ…"

"ဒါဆို ကျွန်တော် အချဉ်ရည်စပ်နည်းလေး သင်လိုက်ဦးမယ်"

"ဟား..ဟား…ဟား…ဟား.."

ပြောရင်း ရယ်ရသေး၏။

"တကယ့် အာဂလူတွေ။ ဒါနဲ့ငါလည်း ဒဿကျော်စွာကို အားကျပြီး ဟိုလူ ဦးဇေယျာသူစိန်ခေါ်လိုက်တာနဲ့ ဟိုဟာဖြတ်ပြမယ်ဆိုပြီး ပြန်တုန့်ပြန်လိုက်တာ…"

"အင်းလေ…ဟုတ်ပါပြီ…အဲဒီဟိုဟာဆိုတာ ဘယ်ဟာတုန်း။ ခင်ဗျားက ဘာဖြတ်ပြမှာတုံး.."

"စောစောက ငါပြောတဲ့ စတန့်ထွင်တယ်ဆိုတာ အဲဒါ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



သေ့။ မြုပ်ကွက်အနေနဲ့ထားထားတယ်။ ဟိတ်ကောင်ရေ···။ ငါက ကတိတစ်လုံးတော့ တည်တယ်နော်။ အဲဒီ ဘိုးရင်း 747 လေယာဉ်ပျံကြီးကထုံးဝကို super natural ဖြစ်သွားတာ။ ဂမ္ဘီရဆန်ဆန်ကို ပျောက်သွားတာ။အဲဒီမှာ···ပျက်ကျလို့ လေယာဉ်အပိုင်းအစတွေ တကယ်တွေ့တဲ့နေ့ရောက်ရင် ငါ့ကတိငါတည်စေမှာပါ။ မင်း မယုံရင် စောင့်ကြည့်မောင်"

ဟူး···။

လူတွေနဲ့လောကကြီးကို သူတကယ်ပင် နားမလည်နိုင်တော့။ ဆိုက်နိုင်တော့။

တကယ်တော့ သူအပါအဝင် လူများအားလုံးဟာ ကိုယ်ထင်ရာကိုယ်စိုင်းနေကြတာပဲ။ ဒဿကျော်စွာရော ဘာထူးလဲ။ ဓမ္မစေတီခေါင်းလောင်းကြီးများ တကယ်လို့တွေ့ခဲ့ရင် သူ့ခမျာ သူ့စကားနဲ့သူ လျှာဖြတ်ရဦးမှာ။ ဒဿဘူဇွာရော ဘာထူးလဲ။ ဘိုးရင်း 747 ရဲ့ လေယာဉ်ပျက်အပိုင်းအစတွေ တွေ့ခဲ့ရင် သူ့ခမျာလည်း သူ့စကားနဲ့သူ ဟိုဟာ ဖြတ်ရဦးမှာ···။

ဒါဆို ဟန်နေသာဆိုတဲ့ ငါ ကရော···။

သူ အာခေါင်တွေ ခြောက်သွေ့ပြီး ရေဆာလာရသည်။

တုန်ယင်စွာနှင့် ပါဆယ်ထုပ်ကို တစ်ချက်ကြည့်မိစဉ်···။

"ဟိတ်ကောင်ရေ···။ နေသာ···။ ငါလစ်ပြီနော်··။ ဒီပန်းသုံးပွင့်အစီအရင်က မနက်ဆယ်နာရီ မကျော်ခင်လုပ်ရမှာကွ"

"ဟုတ်ပြီ အစ်ကိုကြီး···။ လစ်···လစ်···"

ခုတော့ သူ တစ်ယောက်တည်း။

အိမ်လေးက အပ်ကျသံ မကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်၊ သူ အသက်ကို ခပ်ဝဝရှူပြီး သက်ပြင်းရှည်ကြီးကို ချလိုက်ရင်း အကျော်အမော်ကြီးနှစ်ယောက် နောက်ဆုံး အိမ်ကို ရောက်ခဲ့သည့်နောက အဖြစ်အပျက်ကို ပြန်လည်စဉ်းစားရင်း ကြောက်စိတ်တွေ ဝင်မိတော့၏။

တကယ်တော့ ဒီပြဿနာဟာ နယ်နယ်ရရ မဟုတ်တော့။

သူ့ကို ဂိမ်းကုမ္ပဏီက အသေးစိပ်ခြေရာခံမိသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းဖွယ်ကောင်းလေစွ။

အဲဒီနေ့ကသာ Play ဆိုတဲ့ ခလုတ်အစိမ်းလေးကို သူ ယောင်ယမ်းပြီး မနှိပ်မိခဲ့လျှင် အခုလောက် ကျင်းထဲကျပ်ထဲ ကျရောက်လိမ့်မည် မထင်။

ဒီ ကစားပွဲက နောက်ဆုတ်လို့ကလည်း မရနိုင်တော့။

ဒါကို သူသိသွားလေပြီ။

ကောင်းကောင်းကြီး သိသွားလေပြီ။

အဲဒီနေ့က Play ခလုတ်ကို နှိပ်ပြီးသည့်နောက် ဂိမ်းမှာ သူ့အပေါ် ထူးခြားအံ့ဩဖွယ်ရာကောင်းလောက်အောင် အသက်ဝင်လာခဲ့ပြီး သူနှင့် ပတ်သက်သည့် စာရွက်စာတမ်းတစ်ရွက်ကို ထုတ်ပြလိုက်လေ၏။

အဲဒီ စာရွက်တစ်ရွက်နဲ့တင် ဟန်နေသာ နောက်ဆုတ်လို့ရတော့မည် မဟုတ်မှန်း သိရှိခဲ့ရသည်။

ကြောက်စရာဂိမ်းက သူ့အား လုံးဝလုံးဝ အသေးစိပ် ခြေရာခံမိသွားလေ၏။

အိုင်ပက်ကို ဖွင့်ရင်း ဂိမ်းက ပေးအပ်လာသော စာရွက်စာတမ်းကို သူ ပြန်လည်ဖတ်ရှုမိပြန်ပါသည်။

တကယ်ကို ကြောက်စရာပင်။

❒

www.burmeseclassic.com

www.burmeseclassic.com

( **2-a** )

မင်းကို ငါတို့ရှာတွေ့ပြီ

| | | |
|---|---|---|
| အမည် | - | ဟန်နေသာ |
| အိမ်နာမည် | - | သားနေ |
| အဖ အမည် | - | ဦးဟန်မင်းသက် |
| အမိ အမည် | - | ဒေါ်ယုယုသော် |
| အိမ်ဖုန်း | - | ၀၁- |
| မိုဘိုင်းဖုန်း | - | ၀၉- |
| အီးမေးလ် | - | Hhannaythar@gmail.com |
| လိပ်စာ | - | အမှတ် (     )၊ (     )လမ်း ရှစ်မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ပညာအရည်အချင်း | - | ဂျာမန်ဘာသာ ဒုတိယနှစ်(နိုင်ငံခြား ဘာသာတက္ကသိုလ်) |
| ယာယီနေထိုင်သည့်လိပ်စာ | - | - |
| မှတ်ပုံတင်အမှတ် | - | (၉/ကပက(နိုင်)............) |

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာအုပ်အမှတ် - ၀၃၉၁၂၁၀၀၁၁၈၅၅၆
သွေးအမျိုးအစား - အိုသွေး
မွေးသက္ကရာဇ် - --/--/--
နှလုံးသားရေးရာ - ပန်ထျာရီ ဆိုသည့် မိန်းကလေးအား နှစ်ရှည်လများ တစ်ဖက်သတ် ချစ်မြတ်နိုးနေသည်မှအပ အတည် တွဲသည့် ချစ်သူဟူ၍ မရှိ။

-----------------------------------

မနှစ်သက်သည့်အရာများ

အစားအသောက် - စပ်လွန်း၊ ငန်လွန်းသော ဟင်းလျာ များ၊ ဆီပြန်ဟင်းများ
အသီးအနှံ - ဒူးရင်းသီး၊ ဒညင်းသီး
အရောင် - ခရမ်းရင့်၊ လိမ္မော်ရင့်၊ မီးခိုးရောင်
လိင်တူ - ယောကျ်ားချင်းသာ စိတ်ဝင်တစားရှိ တတ်သော နွဲ့လျလျ homo ယောကျ်ားများနှင့်မိန်းမလျာများ
ဆန့်ကျင်ဘက်လိင် - စကားများ၊ စပ်စု၊ အတင်းပြော၊ စကားရှုပ်သည့် မိန်းမများ
နေရာဒေသ - ဖုန်ထူ၊ မြေပေါသော ပူပြင်းခြောက်သွေ့သည့်ဒေသများ

-----------------------------------

တခြားဖြည့်စွက်ချက်- ဘယ်သန်/ တစ်ဦးတည်းသောသား ယောကျ်ားပီသသည့် မျက်နှာနှင့်မနွှာ ကိုယ်အချိုးအဆရှိ/ တသီးတသန့်နေ တတ် ထိုင်တတ်သူ/ဒိုင်ယာရီ ရေး လေ့ရှိသူ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ မကြာခင်ရက်ပိုင်းအတွင်း ဂိမ်းကုမ္ပဏီမှ သင့်ထံ ပါဆယ်တစ်ထုပ်ပို့ပေးပါမည်။

ပါဆယ်ထဲတွင် စာအိတ်နှစ်စောင်ပါ၏။ မိမိ နှစ်သက်ရာ စာအိတ် တစ်စောင်ကို ဦးစွာအရင် ဖောက်ဖတ်ပါ။ ကြီးကျယ် ဆန်းပြားသော အတွေ့အကြုံများ သင်ကြုံတွေ့ရပါမည်။ နောက်ထပ် စာအိတ် တစ်စောင် ကိုတော့ သင်အာရုံကျရာ လူ တစ်ယောက်ကို ပေးလိုက်ပါ။ **(ပေးဖြစ် အောင် ပေးရပါမည်)**

အထူးမှတ်ချက်။ မည်သည့်နည်းနှင့်မျှ သင်နောက်ဆုတ်၍ မရနိုင်တော့။

**You can be everything in my Poem.**

**Game Team.**

❐

www.burmeseclassic.com

www.burmeseclassic.com

( 2-b )

အဲဒါပါပဲ…။

Game Team ထဲမှာ ဟက်ကာတွေ၊ ဥပဒေအကြံပေးတွေ၊ စုံထောက်ပညာရပ် ကျွမ်းကျင်မှုရှိသူတွေ ပါဝင်ပတ်သက်နေမှန်း သိသာ လွန်းလေသည်။

ဟန်နေသာရဲ့ အချက်လောက် အပြည့်အစုံကို သူတို့ ဘယ်က ရသွားကြတာလဲ ဒါလည်းရှင်းပါတယ်။ ဟန်နေသာ အသုံးပြုတဲ့ အိုင်ပက် ကွန်ပျူတာရဲ့ IP ကို သူတို့လှမ်း hack၊ ပြီးတော့ GPS သုံးပြီး Location ရှာ။ အိမ်မေးတွေထဲဝင်ရောက် မွှေနှောက်။ စာဝင်စာထွက်တွေက တစ်ဆင့် ရှုပ်ရှုပ်ထွေးထွေး ခြေရာခံနိုင်သွားပြီး ဘဏ်စာရင်းအမှတ်တွေ၊ သွေးအမျိုး အစားတွေ၊ မှတ်ပုံတင်နံပါတ်တွေ သိရှိသွားတာပင် ဖြစ်လိမ့်မည်။

ဒါဆို ဟန်ထျာရီကို တစ်ဖက်သတ်ချစ်မိနေတဲ့ အကြောင်းတွေ၊ ဒူးရင်းသီး၊ ဒညင်းသီး မကြိုက်တဲ့ ကိစ္စတွေကိုရော သူတို့ဘာလို့ သိသွား ကြရတာလဲ။

စဉ်းစားလေ…ခေါင်းရှုပ်လေပင်။

detail တစ်ခုကနေ ဆင့်ပွား detail တစ်ခုကို ခြေရာခံနိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်။

တကယ်တမ်း ပြောရလျှင် သူ အခုထိ ပါဆယ်ထုပ်ကို ဖွင့်ဆောက်ရသေး။ ကိတ်မုန့်ဖုတ်သည့် အာဗင်ထဲထည့်ပြီး ကိစ္စတုံးစီရင်လိုက်ရမလား စဉ်းစားမိသေးသည်။

အဲလိုလုပ်လိုက်လို့ ဒီဂိမ်းက ရပ်တန့်သွားနိုင်ရင်တော့ အကောင်းဆုံးပေါ့။

"ငါ အဲလို ပါဆယ်ထုပ်ကို မီးရှို့ပစ်လိုက်လို့ ဂိမ်း team က သိများရင် ဘယ်လိုလုပ်မလဲ။ ဘာတွေ ဆက်ဖြစ်နိုင်သလဲ။ ငါ့အကြောင်းကိုတောင် သူတို့က ငါ့ထက်မက သိနေကြပြီ···"

ဒီကိစ္စ လင်းမြတ်သူကို ဖုန်းဆက်ပြီး တိုင်ပင်လိုက်ရမလား။

"မဖြစ်သေးပါဘူး။ ပြဿနာတစ်ခုကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ရှင်းပြီးမှ သူများကို အသိပေးတာကောင်းတယ်။ မနိုင်မနင်း ကိုင်တွယ်ရှင်းနေတုန်း သူများအသိပေးတယ်ဆိုတာ အနည်းဆုံးတော့ ကိုယ့် တန်ဖိုးကျသွားသိက္ခာ ကျဆင်းတာပဲ"

ပါဆယ်ထုပ်ကို စာပွဲပေါ်တင်ပြီး လက်နဲ့ပင် မတို့မထိတော့ဘဲ ညဆယ်နာရီရောက်တော့ သူ အိပ်ယာဝင်လိုက်၏။

အဲဒီမှာ စပြီး ပြဿနာက တက်ချေပြီ။

အိပ်လို့ မပျော်။ အိပ်လို့မရ။ အဆိုးဆုံးက မျက်လုံးပင် ကြာကြာမှိတ်ထားလို့မရ။ သူ မျက်စိမှိတ်နေတုန်း ပါဆယ်ထုပ်ထဲကပဲ တစ္ဆေတစ်ကောင်ထွက်လာပြီး သူ့ကိုဂုတ်ချိုးစားတော့မှာလိုလို။ ဘီလူးတစ်ကောင်ထွက်လာပြီး သူ့ကို အစွယ်နဲ့ ထိုးတော့မှာလိုလို···။

"ဟား··· ··· ···"

ကြာတော့ အဲဒီဒဏ်ကို မခံနိုင်တော့။

ရှောင်ကွင်းဖို့ ကြိုးစားနေမယ့်အစား ထိပ်တိုက်တွေ့ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

Do or Die ပေါ့။ ဒါမှ အိပ်စက်အနားယူတဲ့အခါ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နိုင်တော့မပေါ့။ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ခုမှ သူ့ခေါင်းက ကြည်လင်သွားတော့သည်။ သူ ပြုံးရင်း အိပ်ရာက ထလိုက်၏။ ပေါ့ပါးလွတ်လပ်သော ခြေလှမ်းများနှင့်။ နောက်တော့ စားပွဲပေါ်က ပါဆယ်ထုပ်ကို သူ ပိုင်ပိုင်နိုင်နိုင် ကောက်ကိုင်လိုက်သည်။ ကဲ…ဒါ ဘာဆန်းသလဲကွယ်။

ထုပ်ထားသည့် နိုင်ငံခြားဖြစ်စက္ကူအမာများကို သူ ဆုတ်ဖြဲ ခွာပစ်လိုက်တော့ ကြေးပြားနှင့်သူ့နာမည် ထွင်းထုထားသည့် ဆုတံဆိပ်တစ်ခုနှင့် စာအိတ်ရှည်ရှည်၊ ခပ်ကြီးကြီး နှစ်စောင်…။

"အဟားဟား…သြော်…တကယ်တော့လည်း ဘာမှကို မဟုတ်ပါလား…"

ဟုတ်တယ်။ တကယ်တော့ ဘာမှကို မဟုတ်။

ဒီတစ်ညလုံး ပါဆယ်ထုပ်ကို မဖွင့်ကြည့်ခဲ့မိလျှင် တစ္ဆေတစ်ကောင် ပါဆယ်ထုပ်ထဲရှိနေသည်ဟု သူ တစ်သက်လုံး ထင်မြင်သွားလိမ့်မည်သာ။

ခုတော့ တစ္ဆေမဟုတ်တဲ့အပြင် ဆုတံဆိပ်တစ်ခုပင် သူရလိုက်သေး၏။

Congratulations!! Mr. Han Nay Tar ... ဆိုပဲ

စက်ဝိုင်းခြမ်းနှစ်ခု၊ တြိဂံတစ်ခုလိုဂိုပုံနှင့် ဆုတံဆိပ်အောက်မှာ ကြေးဝါးပြားနှင့် ထွင်းထုထားသည့် သူ့နာမည်။

"သြော်…ဂိမ်းက ကစားတောင် မကစားရသေးဘူး။ ငါ့ကို ဆု,တောင်ပေးလိုက်ပါပေါ့လား"

စာအိတ်ကို သက်တောင့်သက်သာ ဖောက်ဖတ်ရန် သူ ဒရင်းဘတ်ပေါ်လှဲလိုက်၏။

သူ့ နာမည် လိပ်မူထားသည့် စာအိတ်ရှည်ကို သူ အရင်ဆုံးလှမ်းယူလိုက်သည်။ ကျန်သည့် (နာမည်တပ်မထားသည့်) စာအိတ်က ဂိမ်း စည်းကမ်းအရ တခြားသူတစ်ယောက်ကို ပေးရန်မဟုတ်ပါလား။

"အို… …"

ရွှေအိုရောင် စာရွက်ရှည်ရှည် ခန့်ခန့်ညားညားပြီး တစ်ရွက်။

အပေါ်ဆုံးမှာ စ,ရေးထားသည့် တစ်ကြောင်း၊ နှစ်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သူစပြီး မြည်းစမ်းကြည့်လိုက်တော့···။

"ကဗျာ တစ်ပုဒ်ပဲ···။ အင်္ဂလိပ်လို ရေးထားတဲ့ကဗျာ တစ်ပုဒ် ပဲ···"

မှန်သည်။ ရေထားတာက အင်္ဂလိပ်လို···။

ရေးဟန်က formal english ခေါ်မလား။

ထီးဟန်နန်းဟန် ခန့်ခန့်ညားညားမို့ သူ အတတ်နိုင်ဆုံး မြန်မာမှုနှင့် ......ပ်စေရန် ဖတ်ရင်း ဘာသာပြန်ကြည့်နေမိ၏။

**မျက်လုံးနှစ်ခုကြားက**
**ပြာရီမှုန်ဝေ အလင်းစက်တစ်ခု**
**အာရုဏ်ဦးကနေ ညဦးနက်သည်အထိ**
**သိမှု၊ မသိမှု။ ဒယီးဒယိုင်ထွက်လာ**
**ဝင်သက်ထွက်သက် ခပ်နွေးနွေး**
**စီကပ်ထားတဲ့ သော့တံအဖွင့်**
**မြားတံချွန်မြမြ ဂီတတေးသွားမှာ**
**အဲဒီမှာ ရှိနေတာ ငါတို့သိတယ်···။**

ဘာလဲဟ။ ပထမတစ်ပိုဒ်ဖတ်ပြီး သူမျက်မှောင်ကြုတ်လိုက်မိ ......။ ကဗျာက object ကို ဖွက်ပြီး ရေးနေသလို ဖြစ်နေ၏။ သူ ဖွက် ......တဲ့ object က ဘာဖြစ်နိုင်မည်လဲ။ မပီပြင်၊ ဝိုးတဝါး၊ မရှင်းလင်း။ ......။

ဟန်နေသာ နောက်တစ်ပိုဒ်ကို ဆက်ဖတ်ကြည့်လိုက်သည်။

**ဘယ်အရာ ဘာဆိုတာ**
**ဏ်ဘာ ခရီးရှည်အစအဆုံး**
**ထိတ်ဆိတ်ငြိမ်သက်**
**ဆောင့်တစ်နေရာ···**

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ပွင့်နဲ့ လမင်းလည်းရှိရဲ့...
သူတို့ရဲ့ ဒဏ္ဍာရီပုံပြင်တွေ
တောက်တောက်ပပ အနှောင်အဖွဲ့အထုံး
သိစိတ်ကို ဆုံးရှုံးပစ်ပယ်
နနယ်တဲ့ စိုဉ်...အိပ်လော့...
အို...အသင်...အိပ်စက်လော့...။

ဟန်နေသော ထပ်မံ မျက်မှောင်ကြုတ်မိပြန်ပါသည်။ ကိုယ့်မိခင်ဘာသာစကားနဲ့ ရေးထားတာမဟုတ်တဲ့အတွက် ကဗျာကို အနီးစပ်ဆုံး ဘာသာပြန်နေရ၍ ဦးနှောက်မှာပို အလုပ်လုပ်နေရပြီး ခေါင်းပူသလိုဖြစ်လာ၏။

ကဗျာက နက်နဲနေသည်။ ဖတ်တဲ့သူဟာ လိပ်ပြာတစ်ကောင်လို ခံစားနေရပြီး၊ ကဗျာက တွင်းတစ်တွင်းနှင့် တူလာ၏။

မှောင်မည်းနေတဲ့ တွင်းနက်တစ်ခုလို။

လိပ်ပြာဟာ တွင်းရဲ့အောက်ခြေမှာ ဘာရှိနိုင်မည်လဲ စူးစမ်းလိုသည့်အတွက် ဟိုးအောက်ခြေဆီ ပျံသန်းနေရလေပြီ။ အရာရာဟာ လျှို့ဝှက်မှောင်မည်းနေ၏။

ကံကြမ္မာကို သစ်သားနဲ့
နတ်ရုပ်ထုတမ်း ဆော့ကစား...
ကျွန်တော့်ကဗျာမှာ ခင်ပျားဘာမဆို ဖြစ်ခွင့်ရှိတယ်
လွပ်လပ်မှုထက် ချိုမြိန်တဲ့အရာ
တမ်းတ နာကျင်တတ်တဲ့နှလုံးသား
ဆောင်းဦးပေါက် တိမ်အစွန်အဖျားဆီ လိုက်ခဲ့...။

ကဗျာလေးက ပိုနက်နဲလှပလာသလိုပင်။ သူ့စိတ်တွေသည်လည်း ကဗျာနောက်ကို လိုက်ရလွန်းသည့်အတွက် လေးလံပိန်းပိတ်လာသလို။

www.burmeseclassic.com

www.burmeseclassic.com



သချာတာတစ်ခုက ကဗျာက သူ့အားဆွဲငင်နေလေပြီ။ သူ ကဗျာ ဓါဆောင်ရာနောက်ကို ထပ်ကြပ်မကွာ တကောက်ကောက် လိုက်ပါရင်း ဓာနေလေပြီ။

လေးလံလာတဲ့ မျက်ခွံတွေမိုတ်
နတ်သူငယ်တွေ မြှူထားတဲ့ 'အအိပ်'ကလေး
ကြယ်တွေဆီက တောင်းပြီး လွှတ်လိုက်ပြီ။
ခြောက်ခြားဖွယ်ရာ ပြဿနာတစ်ရပ်ဆီ
လူသူတစ်ဝက် ကင်းမဲ့. . .
ညဥ့်ရဲ့ အကိုင်းအခက်တွေကြား
ဝန်စည်စလည် ထမ်းပိုးထားတဲ့. . .
သင်လည်း မောပန်းနေရှာမည်။

သူ တစ်ချက် သမ်းဝေလိုက်မိသည် ထင်ပါ၏။ ဂိမ်းက ကဗျာ ဆက်ခိုင်းတဲ့ ဂိမ်းပဲ။ ဘာပဲပြောပြော instruction တွေ အတိုင်း ပြီးမြောက် အောင် လုပ်ဆောင်ပေးရပေလိမ့်မည်။ ဒါပေမယ့် သူအိပ်ချင်နေလေပြီ။

အရိပ်ဟာ သူ့အရိပ်ကို
နေခင်းကြောင်တောင်မှာ လိုက်ရှာသလို
ဖုံးကွယ်ထားတဲ့ ဟာကွက်လေးတစ်ခု
သင်ဘယ်တုန်းကမှ သတိမထားမိဖူးတဲ့
ချစ်ရမှုက်ကို
မြက်ခင်းပေါ် တလိမ့်ချင်း ကြွေကျလာတဲ့
မိုးဦးပေါက်ပန်းတွေ သိကြရဲ့. . .။

သူတကယ်အိပ်ချင်နေလေပြီ။ မျက်ခွံတွေ လေးလံထိုင်းမှိုင်းလာရ ပြီ။ ဒီအတိုင်း ဒရင်းဘက်ပေါ်မှာ အိပ်လိုက်ရရင် ကောင်းမလား။ ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မပြီးဆုံးသေး ဘာပဲပြောပြော နောက်ဆုံးတစ်ပိုဒ်တော့ မပြီးပြီး အောင် ဆက်ဖတ်လိုက်ပါဦး မယ်လေ။

**အလိုမပြည့်ဝဖူးတဲ့ အချစ်က**
**လှပတဲ့ အဆိပ်ရည်တွေ**
**မိုးသားစွာ တစ်စက်ချင်း စီးကျ**
**လှပတဲ့ ဂီတပါလေ...**
**အပွင့်ဝေသူ တောင်ကုန်းခများ**
**တစ်တောလုံး လေအတိုက်**
**တစ်တောင်လုံး ကြွေပစ်လိုက်တယ်...။**
**အမှောင်တွေကို ဖွေးလို့...။**

အမှောင်တွေကို ဖွေးလို့....။ သံသယဖြစ်စရာပါပဲ။

သူ တစ်ကိုယ်လုံးကို ဖုံးအုပ်သွားတဲ့ အမှောင်တွေကရော...။ သူ မသိတော့..။ ဘာမှကို မသိတော့...။

လိပ်ပြာတစ်ကောင်ဟာ...။ စူးစမ်းလှေ့လာတတ်တဲ့ လိပ်ပြာ တစ်ကောင်ဟာ အမှောင်ထဲက တွင်းအောက်ခြေတစ်နေရာကို သူ့အတောင်ပံ နှင့် ရိုက်မိခဲ့ရလေပြီ။

သူ့ရဲ့ အတောင်နှစ်ဖက် ကျိုးတ်ခဲ့ရလေပြီ။ သူ လိပ်ပြာ တစ်ကောင် မဟုတ်တော့...။ ပိုးတုံးလုံးတစ်ကောင်လို၊ ဘောက်ဖတ် တစ်ကောင်လို သူ့တွင်းဝကိုတက်ဖို့ မပျံသန်းနိုင်တော့။

တစ်ယောက်တည်း မှောင်လိုက်သွားရသည်ဆိုခြင်းကိုပင် မည်သူ မျှလည်း မသိလိုက်ကြတော့...။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 3 )

"ပန့်ထျာ…"

လရောင်ဆမ်းထားသည့် ချစ်သူရဲ့အသားအရည်က ဆင်စွယ်ရောင် ဝင်းမွတ်တောက်ပနေ၏။ မိုးကောင်းကင်ထက်က ကြယ်ပွင့်ကလေးများ အားလုံး သူမရဲ့အခန်းလေးထဲ ဝင်ရောက် ခစားလင်းလက် နေသယောင်…။

တိုးတိတ်တဲ့ခေါ်သံကြောင့် မော့ကြည့်လာတဲ့ ချစ်သူရဲ့ အကြည့်တွေထဲမှာ ရှက်ရွံ့နေသည့် ပန်းနုရောင်သွေးကြောမျှင် လေးပေါင်းများစွာ ထွက်ဖြာနေ၏။

သူ့အဖြစ်က တကယ်ကို ရှိတ်စပီးယားပြဇာတ်ထဲက ရိုမီယို အတိုင်းပါလား။ ညဥ့်ယံမှာ ချစ်သူရဲ့ အိပ်ခန်းလေးထဲ ဝင်ရောက်ပြီး အချိန်းအချက်လုပ်မိနေခြင်းအပေါ် သူ့အံ့အားတသင့် ဖြစ်မိ၏။

ညဥ့်ဦးပိုင်းတုန်းက သူ ကဗျာရှည်ကြီးဖတ်ပြီး ဒရင်းဘက်ပေါ် အိပ်ပျော်ခဲ့ဟန်တူ၏။ သန်းခေါင်ယံအရောက် သူနိုးလာတော့ သူ့စိတ်၊ သူ့ခံစားချက်တွေက ဟန်နေသာဆိုသည့် အရင်က လူတစ်ယောက်ရဲ့ စိတ်ခံစားချက်မျိုးမဟုတ်တော့။

သူ့ခန္ဓာကိုယ်ထဲမှာ ထူးဆန်းသည့် ဝိညာဉ်တစ်ခု ကိန်းအောင်း

www.burmeseclassic.com

www.burmeseclassic.com



လာသယောင်…။ အိပ်ပျော်နေရာမှ နိုးလာတော့ ချစ်သူကို တမ်းတလွမ်းဆွတ်မိသွား၏။

ဖတ်ခဲ့တဲ့ ကဗျာကလည်း ချစ်ရမွှက်နဲ့ အဆုံးသတ်ခဲ့သည်ကိုး။ အနွေးအင်္ကျီအပေါ်းတစ်ထည်ကောက်ဝတ်ရင်း သူအိမ်အပြင် ထွက်လာခဲ့မိသည်။

ဒါ…အိပ်မက်မက်နေခြင်းမဟုတ်။

သူ့ ခြေလှမ်းများက ချစ်ရသူရဲ့ အိမ်ကလေးဆီသို့…။

အရင်က ချစ်သူအိမ်ရှေ့မယောင်မလည် လမ်းလျှောက်ချင်တာတောင်၊ ပက်ပင်းတိုးမိလျှင် အရယ်ခံရလေမလား၊ စိုးရိမ်စိတ်နှင့်ဖြတ်မလျှောက်ဖူးဝံ့သည့် ချစ်သူအိမ်ရှေ့သို့ အောင်မြင်ပိုင်နိုင်လှစွာသော ခြေလှမ်းများနှင့် လှမ်းချီနေသည်မှာ တကယ်ကို အံ့သြစရာ…။

ငါ…ငါဟာ ဟန်နေသာရော ဟုတ်သေးရဲ့လား။

အို…ဟုတ်ပါတယ်။ နေ့မကူး၊ ညမကူးသေးပါဘူး။

ဆိတ်ဖလူးပန်းတွေက မွှေးလိုက်တာ။ ချစ်သူရဲ့ခြံရှေ့မှာ စိုက်ထားတဲ့ ဆိတ်ဖလူးပန်းရုံကလေးဆီကလေ။

ချစ်သူအိမ်ရှေ့အရောက် ဆိတ်ဖလူးပန်းတွေ အကောက်မှာတင်လှုပ်ရှားသက်ဝင်သွားရတဲ့ ပုံရိပ်ကလေးတစ်ခု…။

သူမော့ကြည့်လိုက်တော့…။

"အို…"

ပိုးဂါဝန်ပျော့ပျော့လေးဝတ်ထားတဲ့ ပန်ထျာရီကို ပြတင်းပေါက်မှာ လှပကျော့ရှင်းတဲ့ ပန်းပုရုပ်ထုကလေး ရပ်နေသလို တွေ့လိုက်ရ၏။

ဘာရယ်မဟုတ်။ ထိန်းချုပ်ဖို့ သတိလက်လွတ်ဖြစ်သွားစဉ်မှာပင် ချစ်သူကို သူလက်ပြမိသလို ဖြစ်သွား၏။

ဒီညကျမှ လမင်းကလည်း ပြည့်ပြည့်ဝဝလင်းထိန်သွားရသလိုလေ…။

"ဟင်…"

သူ လုံးဝထင်မှတ်မထားသည့် မြင်ကွင်းတစ်ခုက လရောင်အောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရုတ်တရက် အသက်ဝင်သွားပြန်၏။

မင်း ကိုယ့်ကို ပြန်ပြီး လက်ပြလိုက်တာများလား အချစ်ရေ...။

သူ ကြောင်အမ်းစွာနှင့် ချစ်သူကို မော့အကြည့်။ ရှက်ရွံ့ပြီး ခေါင်းငုံ့သွားလို့ ဖြာဝဲသွားလေတဲ့ ဆံနွယ်မျှင်တွေဆီက မွှေးမြလာလေတဲ့ ပန်းပူရနံ့က ခပ်သင်းသင်း...။

သူ့ရင်ထဲ ပူကနဲ နွေးကနဲ...။

အချစ်ဆိုတာ ဒါပဲ။ အချစ်ဆိုတာ အနီရောင်။ အချစ်ဆိုတာ ...အားသတ္တိတစ်မျိုး၊ အချစ်ဆိုတာ သွေးဆာနေတဲ့ Zombie တစ်ကောင် ...။

လက်ခုပ်တစ်ခုစာ ဆိတ်ဖလူးပန်းတွေကို သူမြင်အောင်မြောက် ...တော့ သူမပြုံးသွားရချေပြီ။

ကိုယ်လာခဲ့မယ်။ မင်းအခန်းလေးဆီကို။ မွှေးမြတဲ့ ပန်းတွေ ...ပေးမယ်လေ။ ကိုယ်လာခဲ့မယ်။ ကိုယ်လာခဲ့ချင်တယ် အချစ်ရေ...။

သူ ဘာမှ စဉ်းစားမနေတော့...။

ချစ်သူရဲ့ အခန်းလေးဆီ ထိုးထိုးထောင်ထောင် ဖြာယှက်နေတဲ့ ...တ်ကိုင်းရှိရာဆီတက်ဖို့၊ ပိတောက်ပင်ခြေရင်း ရောက်ခဲ့ရလေပြီ။

ကြည့်...။ ကိုယ်ဟာ ပြဇာတ်ထဲက ရိုမီယိုအတိုင်းပါလား။

သစ်ပင်တစ်ပင်ကို တွယ်ကပ်တက်နိုင်ဖို့အတွက် ဆိတ်ဖလူးပန်း ...လုံး အင်္ကျီနှင့်ရင်ဘတ်ကြား ထည့်လိုက်၏။

နောက် သူ ပိတောက်ပင်ကြီးပေါ် ခဲရာခဲဆစ်တက်လိုက်ပြီး ...ရဲ့ ပြတင်းဝရှိရာဆီ ခက်ဖြာနေတဲ့ သစ်ကိုင်းကြီးတစ်ခုဆီ တရွေ့ရွေ့ ...လိုက်၏။

ဟဲ...ရောက်ပြီ...။

ချစ်သူနယ်မြေ...။

ပြတင်းပေါက်ကတစ်ဆင့် ဓာခန်းဆီးများကို ဆွဲဖယ်ကာ သူမ ...ထဲ ရောက်ခဲ့ရလေပြီ။

"အို...အမေ့..."

www.burmeseclassic.com

www.burmeseclassic.com



"ပန်ထျာ..."

ဘယ်တုန်းကမှ အပေါက်အလမ်းမတည့်ခဲ့တဲ့ နာမည်လေးတစ်ခုကို သူ မှန်ကန်တည်ငြိမ်စွာ ခေါ်ဆိုခဲ့နိုင်လေပြီ။

"သွား...နင် အရမ်းဆိုးတယ်။ ငါ့ အခန်းထဲရအောင် ဝင်တယ်"

မိန်းကလေးတချို့ရဲ့ စကားတွေကို တချို့နေရာတွေမှာ ပြောင်းပြန်ကောက်ယူရသည် မဟုတ်ပါလား။ သူမရင်ထဲမှာတော့ "လာ...။ နင်ဟာ အရမ်းလိမ္မာတယ်။ ငါ့အခန်းထဲက ထွက်မသွားပါနဲ့ဦးကွယ်"လို့ ပြောချင်ရင်လည်း ပြောနေလိမ့်မပေါ့။ မိန်းမတို့သဘော မှန်းဆရခက်သားလား။

သူ ရင်ဘတ်က ကြယ်သီးနှစ်လုံး၊ သုံးလုံးလောက်ကို ဆွဲဖွင့်ရင်း ရင်ဘတ်ထဲရောက်နေသည့် ဆိတ်ဖလူးပန်းများကို လက်တစ်ခုပ်စာနီးပါးရအောင် ပြန်ယူလိုက်သည်။

သူ့ ရင်ငွေ့နဲ့ ရောယှက်နေတဲ့ ဆိတ်ဖလူးပန်းရနံ့တွေကြောင့် အမျိုးရိုင်းလေး ရင်ခုန်နေရလေပြီ။

ဖွင့်ဟထားတဲ့ ပြည့်တင်းဖြိုးမောက် ရင်ဘတ်ကို သူမ ကြည့်ရင်း တုန်ယင်လှိုက်မောလာရလေပြီ။

ဆိတ်ဖလူးပန်းများကို တရှိုက်မက်မက်နမ်းရှုပ်ရင်း...

"ချစ်တယ် ပန်ထျာရယ်.."

လေသံငွေ့ငွေ့နှင့်ပြောပြီး သူမလက်ခုပ်ကလေးထဲ ထိုးပေးလိုက်၏။ နောက်တော့ သူ အတင့်ရဲသွားရပြီး သူမ လက်ခုပ်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားမိ၏။

"ချစ်တယ်လို့....။ ကြားလား..."

"အာ...မသိဘူး..."

"ဘာမသိဘူးလဲ..."

သူမကို သူ့ရင်ခွင်ထဲ ဆွဲယူရင်းပွေ့ဖက် နမ်းရှိုက်မိ၏။

"လွှတ်...ဆို။ နေသာ.."

"ချစ်တယ် အရင်ပြောကွာ..."

"အင်း...ချစ်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် အနမ်းခြွေမိသည်က ပထမဆုံးအနမ်းထက် ပိုမို ...တ်ရှိုင်းသည် ဆိုရမလား···

အနမ်းတွေ···။ ချိုမြိန်တဲ့ အနမ်းတွေ···။ ရေဆာသလို ဆာလောင် ...ဘ်သိပ်လာတဲ့ အနမ်းတွေ။ ပါးနုနု၊ နုတ်ခမ်းနုနု၊ လည်တိုင်နုနု၊ ရင်ညွန့် ...နု···။ နောက်တော့···။ ရှိန်းမြချိုမြိန် တဲ့ အထိအတွေ့။ ညင်သာနူးညံ့တဲ့ ...ကိုယ်ပူးကပ်မှု၊ တိမ်တိုက်တွေကို စီးနင်းလွင့်မျောရတဲ့ အရသာ···။

အို···တကယ်ပဲလား···

ဒါဟာ တကယ်ပဲလား···

ဒါမှမဟုတ်···ဟို game team ရဲ့ ကဗျာထဲမှာလို ကျွန်တော်ဟာ ...မဆို ဖြစ်ခွင့်ရှိနေတာများလား···

သူ ဂိမ်းထဲရောက်နေပြီလား··။ လက်တွေ့ဘဝထဲမှာလား··။

ဘာပဲပြောပြော ချစ်ရသူနဲ့ ချစ်နေခွင့်ရရှိခြင်းဟာ ဂိမ်းထဲမှာပဲ ...ဖြစ်၊ တကယ့်လက်တွေ့ဘဝမှာပဲဖြစ်ဖြစ် ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှ ...ည်။

အလိုဆန္ဒပြည့်ဝသွားလေတဲ့အချစ်ဟာ ဖဲမွေ့ယာထက်မှာ ချစ်စရာ ...ကောင်းတဲ့ ခြသေ့ပေါက်စလေးတစ်ကောင်လို မှေးစက်နေလေသည်။

"နင်···အရမ်းဆိုးတယ်··"

သူပြုံးလိုက်ရင်း ချစ်သူကို ရင်ခွင်ထဲနစ်မြုပ်မတတ် ထွေးဖက် ...ဉ် ပြတင်းတံခါးကတစ်ဆင့် ဖြာကျနေတဲ့ လရောင်အောက်ကနေ ...န်းကျင်လှုပ်ရှားမှုတစ်ခုကို သူမြင်လိုက်ရ၏။

ဟင်···။ လူရိပ်တစ်ခု··။ အာ···ဟိုဘက်လမ်းမ တစ်နေရာမှာ ...င်း တူညီတဲ့အမြင့်တစ်နေရာမှာ ပြတင်းတံခါး တစ်ခုပါလား··။

ဒါ··ကို စောစောက သူဘာလို့ မမြင်ခဲ့မိပါလိမ့်။ ချစ်စိတ်က ...ကြီးကိုး···။

"ပန်ထျာကို ကိုယ်အရမ်းချစ်တယ်။ ကြည်ဖြူပေးခဲ့မှုတွေအတွက် ...ပါ ပန်ထျာ။ ကျောင်းပြီးတာနဲ့ ငါတို့ လက်ထပ်ကြမယ်နော်။ ...တော့ ငါနင့်ကို တဖက်သတ်ချစ်နေခဲ့မိတာ ငါ သုံးလေးနှစ်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကတည်းကပါဟာ…"

"အယ်…နင်ကလည်း.."

"တကယ်…အဲဒီကတည်းက ငါ့မှာ စွဲလန်းတတ်တဲ့ စိတ်ကရှိ နေပြီ။ ငါ မအိပ်ခင်ဆို ကုတင်ပေါ်မှာ နင့်ကို သိပ်သတိရတာ။ ကြယ်တွေ မြင်တိုင်းလည်း နင့်ကိုလွမ်းတာပဲ။ ခုဆို ကြယ်တွေအောက်မှာ နင့်ကို တွေ့ခဲ့ရပြီ။ ချစ်ခဲ့ရပြီ။ ငါ အိပ်မက် မက်နေသလိုပဲ…"

"နင် ငါ့ကို ခွဲမသွားရဘူးနော်..နေသာ။ ငါ့ရဲ့ သည်းဦးပန်းကို နင်အရယူသွားခဲ့တာ။ အဲဒါကို နင်မမေ့နဲ့…။

"မေ့စရာလား..နင်ကငါ့ရဲ့ သတို့သမီး၊ နင်ကငါ့ရဲ့ကြင်ယာတော် ပဲဟာ…"

"ခစ်…ခစ်…ခစ်…"

"အဲ…ဒါနဲ့ ပန်ထျာ…။ ဟို…ခပ်လှမ်းလှမ်းက မီးထွန်းထား တဲ့အိမ်ကလေး။ ဘယ်သူတွေနေတာလဲ။ နင်သိလား…ဘာရယ်မဟုတ်ဘူး …။ အဲဒီအိမ်ကို ငါအရင်က သွားလည်ဖူးသလားလို့ပါ…"

"အဲ…။ လူသစ်တွေပြောင်းလာကြတာ သိပ်မကြာ သေးဘူးလေ။ သူတို့ သားတစ်ယောက်က တို့ UFL ကပဲ.. နာမည်က နေပါဦး..။ ဘယ်သူဆိုလား…။ ဩော်…သိပြီ။ ချမ်းမြေ့ထွန်း…တဲ့။ ကျောင်းမှာတော့ မျက်မှန်းတန်းမိရုံလောက်ပဲ။ လူချင်းတော့ မရင်းနှီးဖူးပေါ့။ အဲဒီမှာ… ပြတင်းပေါက်မှာ မီးလင်းနေတဲ့အခန်းက သူ့အခန်းဖြစ်မယ်ထင်တယ်။ တစ်ခါတလေ…အဲဒီ ပြတင်းပေါက်ကနေ…သူ့ကို ငါ တွေ့တွေ့ နေတတ် တယ်"

"ဘာ … …"

❒

www.burmeseclassic.com

www.burmeseclassic.com

## (4)

အကြံတူသွားသည်ဟု ဆိုရမည် ထင်သည်။

ချစ်သူဆီကအပြန် ချေမ်းဆီဖုန်းဆက်မည်လုပ်စဉ် ဒီကောင့်ဆီက [illegible]င်လာ၏။ ဒီကိစ္စကို ညတွင်းချင်း အပြတ်ရှင်းရမည်။

ဒီကောင် ပြတင်းပေါက်ကနေ ဘာတွေမြင်တွေ့သွားသည်မသိ။ [illegible]ပြီး ဒီကောင် ဘာတွေပေါက်တတ်ကရ လုပ်ဦးမည်မှန်းမသိ…။

"ဟိတ်ကောင်.."

"ဟား…ဟား…ဟား…ချီးကတုံး…"

"ကျွတ်…"

သူ စုပ်သတ်လိုက်မိ၏။ ဒီကောင် ဒီလောက် တဟီးဟီး [illegible]ား ဖြစ်နေပုံထောက်နေမှတော့ စောစောက မြင်ကွင်းတော်တော် [illegible]ကို မြင်တွေ့သွားပြီ ထင်ပါသည်။

ဟဲ…ပြော။ လူတစ်ယောက်ကို ဘယ်လို နှုတ်ပိတ်သင့်ပါသလဲ။

အထူးသဖြင့်…သူတစ်ပါးကို ပြဿနာ တက်ရာတက်ကြောင်း [illegible]တတ်သည့် ချေမ်းလိုကောင်ရဲ့ပါးစပ်ကို ဘယ်လိုပိတ်ပင်သင့် [illegible]လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟန္ေနသာ ငယ္စဥ္က ဘုန္းႀကီး၀တ္ဖူးေလသည္။ ဘုန္းႀကီး၀တ္တုန္းက တစ္ႀကိမ္မွ် သာခုေခါ ဖ်ာ္မရ။ လူထြက္လာေတာ့ ေခ်ာမ်ားက ဟန္ေနသာ့ကို 'ခ်ိဳးကတုံး'ဟူသာ ႏွစ္ျပားမတန္ေခၚ၏။

သာသနာ့ေဘာင္ကို ၀င္၍ ကတုံးတုံးရသည္ကိုပင္ ဒီေကာင္က အားနည္းခ်က္တစ္ခုလို ေနာက္ေျပာင္တတ္ေလသည္။ ေနာက္ၿပီး ကတုံးကေန ဆံပင္ျပန္ေပါက္မလာတာလည္း မဟုတ္။

"ဖဲ့(စ္)ဘုတ္မွာ HD ေတြ ေတာ္ေတာ္မ်ားမ်ား တက္တယ္ကြ။ သန္လ်င္ GTC HD၊ ေဆးေက်ာင္း HDနဲ႔၊ ငါတို႔ UFL က HD မထြက္ေသးဘူး။ အဟားဟား..။ ဒီည ဖဲ့(စ္)ဘုတ္မွာ UFL HD ငါ တင္ေပးမလို႔...။ အဟား..ဟား"

"ဟင္...ဘာ..."

သူ႔ေခါင္းထဲ မိုက္ကနဲပင္ ျဖစ္သြားရေလေတာ့သည္။ သြားၿပီ အရင္ဆုံး ေျပးျမင္ေယာင္မိတာက ခ်စ္ရသူရဲ႕မ်က္ႏွာ။ သူမရဲ႕ ၾကည္ျဖဴ ေႏြးေထြးမႈေတြက သူမဘ၀ကို ကိုိန္စာတစ္ခုလို ၀ါးၿမိဳသြားေတာ့မည္ လား...

ဟန္ေနသာ အျဖစ္မခံႏိုင္။ လုံး၀ အျဖစ္မခံႏိုင္ေပ။

(ဖဲ့ဘုတ္အသုံးျပဳသူအမ်ားစုက HD ကို sex vedio file ဟု အလြယ္ နားလည္သေဘာေပါက္ထားၾကပါသည္။ တကၠသိုလ္ေက်ာင္းသား ေက်ာင္းသူမ်ား စည္းမေစာင့္ႏိုင္ၾက၍ မိမိသေဘာဆႏၵအရေသာ္ လည္းေကာင္း တစ္စုံတစ္ေယာက္က ေခ်ာင္းေျမာင္းရိုက္ကူးထား၍ေသာ္ လည္းေကာင္း၊ HD မ်ား ဖဲ့ဘုတ္ေပၚမွာ ပ်ံ႕ႏွံ႔ေနျခင္းမွာလည္း ၀မ္းနည္း စရာ ေကာင္းလွျပန္၏)

"မင္း...မင္းက ငါတို႔ႏွစ္ေယာက္ရဲ႕အျဖစ္ကို ဗီဒီယို ရိုက္ထား တယ္ဟုတ္လား..."

"အဟား...မရည္႐ြယ္ပါဘူးကြာ။ ငါ့ဟာငါ ျပတင္းေပါက္မွာ မတ္တပ္ရပ္ေနတာ။ မင္းက က်ားေ႐ႊ မွာက္ရက္လာလဲ့တာကိုး။ မင္းတို႔ ဆိတ္ဖလူးပန္းေတြေကာက္ေနကတည္းက ငါေတြ႕ၿပီး ဒီေကာင္ ရပ္ၾကည့္

www.burmeseclassic.com



ကြီးနဲ့ နွံ့နေပြီဆိုပြီး ငါ ဟားနေတာ။ နောက်...မင်းက ဝိတောက်ပင်ပေါ် ကနေ ပန်ထျာရီ့ အခန်းရောက်သွားတယ်လေ ဟီး..ဟိ"

"ဟိတ်ကောင်...ငါ မင်းအိမ်ရှေ့တည့်တည့်ရောက်နေပြီ။ ဆင်းခဲ့..."

"ခုကို ဆင်းလာနေပြီ။ ငါဖုန်းဖိုး သိပ်မတတ်နိုင်ဘူး.."

ဖုန်းကို ဟန်ပါပါကိုင်ရင်း ဘွားကနဲတွေ့လိုက်ရတဲ့ ငချမ်းရဲ့ ပုံရိပ်။

ဟန်နေသာ ဆွဲထိုးချင်နေတဲ့စိတ်ကို မနည်းဘာရိတ်အုတ် ထားရ လေ၏။

သူကိုင်ထားတဲ့ ဖုန်းထဲမှာ လူသားနှစ်ဦးရဲ့ သိက္ခာတရားနဲ့ ဖြစ်တည်မှုတွေပါနေသည်။ ကျေးဇူးပြုပြီး လူကြီးလူကောင်းဆန်ပေးပါ။ ကျေးဇူးပြုပြီး လူကြီးလူကောင်းဆန်ပေးပါ သူငယ်ချင်းရာ...။

"မင်း နည်းနည်းကံဆိုးသွားတယ် ချီးကတုံး။ ဒီဖုန်းက ဝယ်တာ သိပ်မကြာသေးဘူး။ အဝေးကြီးကို Zoom ဆွဲရိုက်ရင်တောင် အရည်အသွေး ကြည်လင်ပြတ်သားမှုရှိတယ်လို့ ဆိုင်ကပြောထားလို့ မင်းတို့နှစ်ယောက်ကို ငါ ဗီဒီယိုရိုက်ကြည့်လိုက်တာ။ ဟုတ်တယ်ကွ။ ပြတ်ပြတ်သားသားကြီးပဲ။ ဒါထက်.. မင်းတို့တွေ တော်တော် Skill ကောင်းကြတာပဲကွ...ခွီး..."

ဟန်နေသာ အတတ်နိုင်ဆုံး ဦးညွှတ်အရှိအသေပြုလိုက်ရင်း....

"ဖျက်လိုက်ပါကွာ..။ ကျေးဇူးပြုပြီး ဖျက်ပေးလိုက်ပါ။ ငါတို့ နှစ်ယောက်က တကယ် အတည်ယူ၊ လက်ထပ်ကြမှာပါ။ ဒါပေမယ့် ဒီသေးတယ်လေ..ဟို...ခများ သူ့ကို မင်း မှတ်တမ်းတင်ဗီဒီယို ရိုက်ထား တာမှန်းတောင် သိရှာတာမဟုတ်ပါဘူး။ သူ...သိများသွားရင် သတ်တောင် သေသွားနိုင်ပါတယ်"

"အိုဗာတင်းတွေပါကွာ...ပန်ထျာရီလား ကိုယ့်ဟာကို သတ်သေ ... ဟိတ်ကောင်...။ ငါ drop box ထဲ ထည့်ပြီးသွားပြီ။ တင်လိုက်ယုံပဲ ... ဖေ့ဘုတ်ပေါ်...အဟားဟား..."

"ဟာ...ဟိတ်...ဟိတ်ကောင်..မလုပ်နဲ့.."

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ…။ သူတပါးရဲ့ဘဝတွေ သိက္ခာတွေအားလုံး Postဆိုတဲ့ ခလုတ်တစ်ခုကို နှိပ်ပြီး ဖျက်ဆီးပစ်တော့မလို့လား‥။

ကိုယ်က ယောက်ျားလေးမို့ သိပ်ပြဿနာမရှိ…။ ဟိုခများ… မိန်းကလေးရယ်။ မိန်းကလေးရယ်…။

"အဟား…ဟား…ဟား…။ မင်းကလည်း ငါ့အကျင့်သိရဲ့ သားနဲ့ ချီးကတုံးရယ်။ သူများကို ပြဿနာရှာ လိုက်ရမှ၊ ဒုက္ခပေးလိုက်ရမှ ကျေနပ်တဲ့ကောင် ဥစ္စာ…"

"အေးဟုတ်တယ်။ မင်းငါ့ကို ပြဿနာရှာ၊ ဒုက္ခပေးလေကွာ။ ပန်ထျာရီကိုတော့ ဆွဲမထည့်ပါနဲ့။ နမသားချင်းစာနာပါကွာ…။ နောက်ပြီး ဒီကိစ္စမျိုးဆိုတာ မင်းသိတဲ့အတိုင်း လုပ်တဲ့သူကိုယ်တိုင်လည်း နောက် ကြောင်းမအေးဘူး။ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖြစ်ခဲ့တဲ့ကိစ္စကို ကြည့်ပါလား…"

"ဘာ ကိစ္စလဲ…"

"ဟိုကွာ…စားသောက်ဆိုင်ပိုင်ရှင်နဲ့ လေယာဉ်မယ် HD ကိစ္စ လေ။ အွန်လိုင်းပေါ်စပြီး ခိုးဖြန့်တဲ့အကောင် အသတ်ခံလိုက်ရတာ ကြည့်ပါလား။ သူများဒုက္ခပေးရင် ကိုယ်ပဲဒုက္ခရောက်တာပဲ…"

ချမ်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ရင်း…

"မင်းလား ငါ့ကို သတ်ရဲမှာ…။ သောက်ပိုတွေ…။ လာ အဆဲတောင်းမနေနဲ့ ချီးကတုံး…ပြောနေကြာတယ်ကွာ‥ ကဲ…ဖြန့်ပြီ‥"

"ဟိတ် …"

"ခလွပ်…"

"ဟာ‥သွားပြီ…"

သွားပြီဆိုတာကတော့ ဟုတ်သည်။

သို့သော် ချမ်းသိပ်တင်ချင်နေသည့် UFL HD ကြီး အွန်လိုင်း ပေါ် ရောက်သွားတာတော့ မဟုတ်။

ချမ်းရဲ့ အဖိုးတန် အိုင်ဖုန်း6 တစ်လုံး၊ ဟန်နေသော လုယူလိုက်သဖြင့် လွတ်ကျပြီး မျက်နှာပြင် ကွဲအက်သွားခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...မင်း...မင်း..ငါ့...ငါ့ဖုန်း..ဟာ...ဆယ်သိန်းကျော် တန်တဲ့ငါ့ဖုန်း ကွဲပြီ..ကွဲပြီ.."

"အေးလေ...ဘယ်သူကရော မင်းဖုန်းကို လှမိုက်လုပ်ပြီး တိုက်ခွဲနေလို့တုန်း...မင်း အကုသိုလ်နဲ့မင်း ဖြစ်ရတာ..."

"ကဲကွာ...ခွပ်.."

"ဟင်...မင်းငါ့ကို ထိုးတယ်.."

လာ..လာချည်သေး၊ သူကလည်း မဟုတ်တာလုပ်သေး သူကပဲ အရင်စ,ထိုးသေး။ သို့သော်လည်း ဟန်နေသာမှာ သူ့ကို ထိုးလိမ့်မည် ဟုမထင်ထား၍ မရှောင်လိုက်မိရာ နှုတ်ခမ်းကွဲအက်သွားရပြီး သွေးစတချို့ ထွက်သွားလေ၏။

"ကြည့်နေ...မင်းတို့ HDငါ မရရအောင် အွန်လိုင်းပေါ် တင်,ပြ မယ်၊ ငချမ်းတို့ ပွဲကြမ်းပြီမှတ်..."

"ကဲ...တင်စမ်းကွာ.."

"ခွပ်..."

"မင်းက ငါ့ကို ထိုးတယ်..."

"အေး... ..."

"ကဲ ..."

ငချမ်းက ကျောက်ခဲတစ်လုံးကောက်ယူပြီး ဟန်နေသာကို ပေါက်လိုက်၏။ အရှောင်ကောင်းပေလို့။ နို့မိုဆို မျက်လုံးကျွတ်ထွက်၊ ခေါင်းကွဲမလား တစ်ခုခုပင်။ ငချမ်းမှာ သူ့ အိုင်ဖုန်းကြီး ကျကွဲသွားသဖြင့် ဒေါသချုပ်မှုမဲ့သွားပြီး၊ သူငယ်ချင်းဖြစ်သူကို သတ်မလို ဖြတ်မလိုပါ ဖြစ်လာ သည်။

မထူးတော့...။

ဟန်နေသာ နံဘေးဝဲယာကို ကြည့်မိတော့ မြက်ခင်းပြင်ပေါ် ထိုးစိုက်ထားလေတဲ့ ဝေါ်ပြားတစ်ခုကို တွေ့၍ ဆွဲနှုတ်လိုက်ရ၏။

"အချိန်မီသေးတယ်နော်...။ ဟိတ်ကောင်...။ မင်းနဲ့ငါ ဒီပွဲကို ဒီနေရာမှာတင်ပဲ ရပ်ရအောင်။ ဒီအတိုင်းဆို ခြေလှမ်းလက်လှန်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်တော့မယ်…"

"ငါ့ဖုန်းကို ခွဲတဲ့အကောင်။ မင်းအရှက်ကို ပြန်ခွဲပြမယ်။ ဘုရား တရားသာ တ,ထား…"

"ဟာ …"

ချေမ်းက အမှိုက်ပုံးပေါ် ဖုံးထားသည့် သံပြားအဝိုင်းကြီး ကောက်ကိုင်ပြေးလာပြီး ဟန်နေသာကို လွှဲရိုက်သည်။ သူ့ မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားပြီး ချာကနဲလည်ထွက်သွားရ၏။

ငြိမ်ခံနေလို့မရတော့။ ပွဲက ကြမ်းချေပြီ။

"ကဲ…ကွာ…"

ဂေါ်ပြားနှင့်ချေမ်းကို သူ ဆင့်ကာဆင့်ကာ ရိုက်ချပစ်လိုက်သည်။

ချက်ကောင်းထိသည့် အလှည့်အရောက်မှာတော့ ဟိုကောင် ပုံရပ် လဲသွားရလေပြီ။

သူ…ရပ်တန့်၍မရနိုင်တော့။

ချောင်ပိတ်မိတဲ့ လူတစ်ယောက်လို သူ့ထံပြေးလာသော ရန်သူကို အပြတ်ရှင်းပစ်ဖို့သာ ရှိတော့သည်။

ဒီကိစ္စအတွက် သူ နောင်တလည်းမရ။ သူ့အလွန်လို့လည်း မယူဆ မိတော့။

အကြိမ်ကြိမ် အေးရာအေးကြောင်း ညှိနှိုင်းပြီးလေပြီ။ မရ။

ချေမ်း အရမ်းအောက်တန်းကျလွန်းလေ၏။

"ကဲကွာ…ကဲ…။ ကဲ…ကဲကွာ…ကဲ…"

"ဒုတ်…ဒုတ်…ဒုတ်…ဒုတ်…"

နောက်တော့ ချေမ်းလုံးဝမှ မလှုပ်တော့။

ထာဝရ အိပ်စက်သွားရလေတော့၏။

"ဟား…"

သူ့တစ်ကိုယ်လုံး ချွေးစေးများနှင့် စေးထန်းလာရ၏။

ဂိမ်းထဲရောက်မှန်းမသိ ရောက်နေမှန်း သူတဖြည်းဖြည်း သဘော ပေါက်စ,ပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု ရင်ဆိုင်နေရသည့် အနေအထားများက သာမန်အနေအထား များမဟုတ်။ သာမန်ထက် များစွာ ထူးကဲနေလေ၏။

စောစောကပင် မိန်းကလေးတစ်ယောက်နှင့် လိုင်းဆက်ဆံပြီးခဲ့ပြီ။ ခု လူတစ်ယောက်ကို သူ သတ်မိပြန်ပြီ။

ဘာမဆို ဖြစ်ခွင့်ရှိတဲ့ ဂိမ်း...။

ဒီကစားပွဲထဲကနေ ဘယ်လို ပြန်ထွက်ကြမလဲ...။

ကစားပွဲကို ဒီနေရာမှာပဲ ရပ်တန့်လိုက်ဖို့ ဘာဆက်လုပ်ရမလဲ...။ သူမသိတော့။ သူ ဘာမှ မသိတော့...။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 5 )

နာမည်ကျော် ပန်းခြံကြီးတစ်ခုရဲ့ လူသူအရောက်အပေါက် နည်းလှ သော မြေကွက်လပ်တစ်ခုမှာ လူငယ်တစ်ယောက်ဟာ ချွေးတလုံးလုံးနဲ့ တွင်း သေးသေးလေးတစ်ခု တူးနေ၏။

တွင်းတူးဖို့ သူ အသုံးပြုနေသည့် အရာမှာလည်း ပေါက်တူး ပေါက်ပြားမဟုတ်ပါပဲ သစ်သားပြားတစ်ချောင်းနှင့် တူးနေရသဖြင့် အလုပ်က သိပ်တော့မတွင်ကျယ်။

သူ့အနီးဝန်းကျင် မြေကြီးပေါ်တွင် ပလတ်စတစ်အိတ်အမည်းနှင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ရှိ၏။

သက်သေကို ဖျောက်ဖျက်သည့်အနေနှင့် ထိုအထုပ်ကို တွင်းတူး ပြီး မဆိုင်းမတွ မြှုပ်နှံပစ်ရပေလိမ့်မည်။

သွေးပျက်ခြောက်ခြားဖွယ် အချိန်တစ်ခုသို့ ရောက်လာလေပြီ။

"မနေ့ည ဆယ့်နှစ်နာရီဝန်းကျင်ခန့်က လှိုင်မြို့နယ်၊ (၆)ရပ်ကွက် မှာ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ပါတယ်။ ရဲမှတ်တမ်းများအရ ဒီလူသတ်မှု ဟာ ဆယ်နှစ်အတွင်း အဆိုးဝါးဆုံး လူသတ်မှုတစ်ခုလို့ ပြောရမှာပါ။ သေဆုံးသူဟာ သူ့ရဲ့အိမ်ရှေ့မှာ ရပ်ပျက်ဆင်းပျက် လဲကျသေဆုံးနေပြီး

www.burmeseclassic.com



လူသတ်သမားဟာလည်း သေဆုံးသူရဲ့ နားရွက်တစ်ဖက်ကို ဖြတ်ပြီး ယူဆောင်သွားခဲ့ပါတယ်။ အမှုမှန် ပေါ်ပေါက်ဖို့အတွက် ဆိုင်ရာအာဏာ ပိုင်များက စုံစမ်းဖော်ထုတ်လျက် ရှိပါတယ်ရှင်···"

ဒီမနက် စောစောကတည်းက မြို့တစ်မြို့လုံးကို ရိုက်ခတ်သွား စေတဲ့ မှုခင်းကြော်ငြာသတင်း···

လူအတော်များများဟာ ထိုလူသတ်မှုအပေါ် လွန်စွာ ထိတ်ထိတ် ပန့်လန့်ဖြစ်လျက်ရှိကြ၏။

"စိတ္တဇလူသတ်သမားများလား မသိဘူးနော်။ သတ်ပြီး နားရွက် ဖြတ်ယူသွားတာ··တဲ့"

"နားရွက်မှာ စိန်နားကပ်များ ပန်ထားလို့များလား···"

"အသတ်ခံရတဲ့လူက တက္ကသိုလ်ကျောင်းသားဟ။ စိန် နားကပ် တော့ ပန်မယ်မထင်ပါဘူး။ လူရွတ်လူနောက်ကလေးလို့တော့ ကြားတယ်"

"ဘုရား···ဘုရား··ကြောက်စရာကြီးနော်။ နားရွက် ဖြတ်ယူပြီး ဘာလုပ်မလို့လဲ··မသိဘူးနော်···"

ဒီနေ့တစ်နေ့လုံး မြို့ကလူများ ဒီလူသတ်မှုအကြောင်းကိုချည်း ပြောလျက်ရှိကြ၏။

"ဖြတ်ပြီးယူသွားတဲ့ နားရွက်တစ်ဖက် ဘယ်ရောက်သွားပြီလဲ" ဆိုတဲ့ မေးခွန်းများ ဟိုဟို ဒီဒီကြားနေရ၏။

ဟုတ်ကဲ့···ပြောရမည်ဆိုလျှင် လူသေကောင်၏ နားရွက်တစ်ဖက် ဟာ အင်္ကျီဖောနေသည့် လူငယ်လေး ဘေးမှာချထားတဲ့ ပလတ်စတစ် အိတ် ကလေးထဲ၌ ရှိနေ၏။

တကယ့်တကယ်ကတော့ဖြင့် ဟန်နေသာသည်လည်း စိတ္တဇ လူသတ်သမား မဟုတ်ရသလို၊ ချမ်း၏ နားရွက်တစ်ဖက်ကိုလည်း ဖြတ်၍ ယူသွားခဲ့ခြင်းတော့ မဟုတ်ရပါ။

ချမ်း အောက်တန်းကျလွန်း၍ မရည်ရွယ်ပါပဲ သတ်ခဲ့မိသလို ဖြစ်ခဲ့သည်ကို ဟန်နေသာမှလွဲ၍ မည်သူမျှမသိနိုင်။ နောက်ပြီး လူများ စိတ်ဝင်စားနိုင်ဖြစ်နေရသည့် နားရွက်တစ်ဖက်ကိစ္စမှာလည်း တကယ့်

www.burmeseclassic.com



တကယ်က ချေမ်းကို ပေါက်ပြားနှင့် ဆင့်ကာဆင့်ကာ ရိုက်နှက်မိ၍ ပေါက်ပြားအသွားနှင့် ဂျူစောင်း ချိတ်မိခုတ်မိကာ ပြတ်ထွက်သွားရခြင်း ဖြစ်လေ၏။

ဒါကိုလည်း ဟန်နေသော ငချမ်း ငြိမ်သက်သွားပြီး နောက်ပိုင်း ကျမှ တွေ့ရှိခဲ့ခြင်းပါ။

"သေစမ်းရောဟဲ့ သူငယ်ချင်းရာ။ မင်းဟာ ကိုယ့်ကိုယ်ကိုယ် အသေခံ ပြီးတောင် သူတစ်ပါးကို ဒုက္ခပေးတတ်တဲ့ ကောင်ကိုး..."

ငချမ်းကို ရိုက်သတ်ခဲ့သည့် ဂေါ်ပြားကိုတော့ အဲဒီရပ်ကွက်နဲ့ ခပ်လှမ်းလှမ်း ခေါက်လက်စကကန်ထရိုက်အနီးအနားမှာ ညတွင်းချင်း သူ လွှင့်ပစ်ခဲ့ပြီးလေပြီ။ မနက်မိုးလင်းသည့်အခါ ဆိုဒ်ထဲကလူများ ထိုဂေါ်ပြားကို (သူတို့အလုပ်ထဲက အသုံးပြုသည့် ဂေါ်ပြားထင်ပြီး) ယူငင်အသုံးပြုခြင်းဖြင့် သက်သေကို ဖျောက်ဖျက်ခဲ့ခြင်းဖြစ်လေ၏။

ပြတ်ထွက်ခဲ့ရသည့် နားရွက်တစ်ဖက်ကိုလည်း သူ ရှာရှာစက်ဆုပ်စွာ ကောက်ယူပြီး အိမ်ပြန်သယ်ခဲ့ရလေတော့၏။

ပြဿနာက သူထင်ထားတာထက်ပင် ပို၍ နက်ရှိုင်းရှုပ်ထွေးခဲ့ရ ပြန်သည်။

အကြောင်းမှာ အိမ်ပြန်ရောက်လို့ မီးဖွင့်လျှင်ဖွင့်ချင်း ညည့်ခန်းထဲ က ဆိုဖာဆက်တီမှာ ငချမ်းကို ဘွားကနဲ ထိုင်ရက်သား တွေ့ရလိုက်ရတဲ့ အတွက်ကြောင့်ပင်။

ငချမ်းရဲ့ အသားအရည်မှာ တစ်ကိုယ်လုံး ခရမ်းရောင် သမ်းလျက် ရှိပြီး နားရွက်တစ်ဖက်မှာလည်း ပြတ်လျက်။ ထိုပြတ်ရှနေသည့် နေရာမှာ သွေးများစီးကျနေကာ မျက်လုံးက ကြောင်တောင်တောင်၊ ပြိတ္တာမျက်နှာ ကြီးနှင့် သူ့အား ကြိုဆိုလျက် ရှိချေသည်။

"ဟင်...ဟာ...မင်း..."

တော်ရုံတန်ရုံ စိတ်မခိုင်သူ တစ်ယောက်သာဆိုလျှင် နေရာမှာပင် ပွဲခြင်းပြီး သေဆုံးသွားနိုင်လောက်၏။

ဒါ ပုံမှန်အနေအထားမှ မဟုတ်တာ။ ငချမ်းက သူ့ အိမ်ရှေ့မှာပင်

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ပြီ မဟုတ်ပါလား။ အခု ဟန်နေသော့ ဧည့်ခန်းထဲအခန့်သား ထိုင်နေသူက ချမ်းကိုယ်ပေါ်ကနေ ခွဲထွက်လာသည့် တစ္ဆေတစ်ကောင်။

သေခါနီး ဖောကပ်ပြီး ဟန်နေသာနောက်ပါလာခဲ့ရခြင်း ဖြစ်ပုံပေါ်၏။

"ထွက်သွား…မင်းထွက်သွားစမ်း.."

"ဂိမ်းက အခုမှ စ,တာနော်…ဟိတ်ကောင်… ချီးကတုံး။ ဟား..ဟား…ဟား…"

"ဟင် …"

ပြောပြီး ချမ်းမှာ ထိုင်နေရာမှ မှိန်ဖျော့ပျောက်ကွယ် သွားလေသော့၏။ သူတစ်ညလုံး မျက်လုံးကြောင်တောင်နှင့် မအိပ်စက်ခဲ့ရပါဘဲ မိုးလင်းခဲ့ရပြန်သည်။

ချမ်းရဲ့ နားရွက်ကြီးတစ်ဖက် အိမ်မှာရှိနေခြင်းကလည်း ကျောချမ်းစရာပင်။ မနက်မိုးလင်းလျှင် တွင်းတူးပြီး မြှုပ်နှံပစ်ရမည်။

ဒါ့ကြောင့် မနက်စောစော ပန်းခြံထဲသို့ လမ်းလျှောက်ထွက်သလောင် သူ ရောက်လာခဲ့ရပြီး၊ လူသူအရောက်အပေါက် နည်းလှသောနေရာအရောက် တွင်းတစ်တွင်း တူးနေရခြင်းပါ။

"ကဲ…တွင်းတော့ တူးပြီးပြီ။ လာလေ့…"

ဘေးက မြေကြီးပေါ်ချထားသည့် ပလတ်စတစ်အိတ် အမည်းထုပ်ကို ကြည့်လိုက်တော့ မရှိတော့…။

"ဟင် …"

သွားပြီ။ သူ ထပ်မံ၍ ခေါင်းနပန်းကြီးသွားရပြန်ပါသည်။

ထိုစဉ် သူ အသံသေးသေးလေးတစ်သံကို ကြားလိုက်ရပြန်၏။

"ခစ်…ခစ်…ခစ်…ခစ်…"

ကလေးတစ်ယောက်ရဲ့ ရယ်သံ…။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 5-a )

မြင်ကွင်းက လုံးဝ လုံးဝ မယုံကြည်နိုင်စရာ..။

တစ်နှစ်ခွဲလောက်ပဲ ရှိပုံပေါ်သေးမည့် ကလေးပုစိကွေးမလေး တစ်ယောက်က စည်းချက်ပင်မှန်မှန်မထိန်းနိုင်သေးသည့် ခြေလှမ်းများနှင့် ပလတ်စတစ် အိတ်အမည်းတစ်ထုပ်ကိုကိုင်ပြီး တောက်တောက်၊ တောက်တောက်နှင့် ပြေးသွားလေ၏။

"ခစ်...ခစ်...ခစ်...အဟီးဟီး...ခစ်...ခစ်...ခစ်..."

တွင်းကို သူအာရုံစိုက်ပြီး တူးနေတုန်း နားရွက်ပြတ် ထည့်ထားသည့် အိတ်ကို ကလေးမလေးစိတ်ဝင်စားပြီး မ,သွားပုံလည်းပေါ်၏။

ဟန်နေသာ ကိုယ့်ကိုယ်ကိုယ် ပက်ပက်စက်စက် ကျိန်ဆဲလိုက်ရင်း ကလေးနောက်သို့ ကုတ်ကုတ် ကုတ်ကုတ်နှင့် လိုက်သွား၏။ ဖြူးဖြဲနှင့် တောင်းလိုက်လို့ ဟိုက ဝါးကနဲ အသံပြဲကြီးနှင့် အော်ငိုလိုက်လျှင် ဒုက္ခ

တော်ကြာ ကလေးမလေးရဲ့မိဘတို့၊ ပန်းခြံထဲက လမ်းသွား လမ်းလာ တို့ သိရှိ သတိထားမိသွားပြီး အထုပ်ကို ဖြည်ကြည့်လိုက်လျှင် ကိစ္စချောသွားပေလောက်သည်။

ဒီအိတ်အမည်းထဲမှာ လူတကာစိတ်ဝင်စားနေသည့် လူ သေကောင်

www.burmeseclassic.com



…း နားရွက်ပြတ်ကြီး ရှိနေသည် မဟုတ်ပါလား···။

"ခစ်···ခစ်···ခစ်···ခစ်···"

"ဟိတ်···မီးမီး···ဟိတ်···"

ကောင်းပါလေရော။

ဟိုကလည်း တောက်တောက် တောက်တောက် လမ်းလျှောက်။ …ိုယ်ကလည်း ကုတ်ကုတ် ကုတ်ကုတ် လိုက်သွား··။

"ဟိတ်···မီးမီး···ချစ်တုံးလေး··မီးမီး··ချစ်တုံးလေး ···ဆို"

သောက်ကမြင်းမလေးက လှည့်ကြည့်၍ သူ့မျက်နှာကို အစွမ်းကုန် …စ်လိုက်၏။

သူ့ဘဝတစ်သက်တာလုံးမှာ ဒီတစ်ခါ မျက်နှာချိုသွေးမှုကြီးက …ရာအကောင်းဆုံးနှင့် အော်ဂလီဆန်စရာ အကောင်းဆုံး ဖြစ်ပေလိမ့် …။

"အဟီးဟီး···အဲဒီအထုပ်က···ဦးဦးဟာကွ···"

"ပေးဘူး···အီး···"

အဲ···။ သေနာမလေးက တောက်တောက် တောက်တောက် …ပြန်၍ သူ ကုတ်ကုတ် ကုတ်ကုတ် လိုက်ရပြန်၏···။

အခြေအနေက ထင်ထားတာထက် ပိုဆိုးနေသည်။

ထိုစဉ်···

"ရွှမ်းပြည့်နဒီထက်···ဂျူလီယာဓော်ထက်···အာ့ကွိကွီးလေး …··"

ဟိုက်ရှ်··။

ခပ်လှမ်းလှမ်းက မိခင်တစ်ဦးရဲ့ တစာစာအော်မြည်သံသဲ့သဲ့···။ …ောင်းနာမည်၊ ဘိုနာမည်၊ အိမ်နာမည် သုံးခုလုံးပိုင်ရှင်မှာ လူသေကောင် …ားရွက်ပြတ်ကို မ,သွားလေသည့် သေနာမလေး ဖြစ်ပုံရသည်။

ဟန်နေသာ ကြောက်ကြောက်နှင့် ချုပုတ်တစ်ခုထဲ ပြေး…လိုက် …တော့၏။

"ဂျူလီယာဓော်ထက်··ရွှမ်းပြည့်နဒီထက်···အာ့ကွိကွီးလေးရေ···

www.burmeseclassic.com

www.burmeseclassic.com



မာမီစိတ်ပူနေပြီ…အာ့ကွီကွီး…”

မိခင်ဖြစ်သူမှာလည်း သူမ၏သမီးဖြစ်သူကို လိုက်ရှာနေရ၍ (သမီးကိုထည့်ပြီး တွန်းလာသည့်)တွန်းလှည်းနှင့် တခြားစီဖြစ်နေပုံရ၏။

ကလေးမလေးက ရပ်ထားသည့် တွန်းလှည်းနှင့်ပင် နီးကပ်လာလေပြီ။

“ခစ်…ခစ်…ခစ်..အဟီးဟီး…ခစ်…”

တွန်းလှည်းအောက်ခြေက စတီးလ်ခြင်းတောင်းလေးထဲကို အာ့ကွီကွီးဆိုတဲ့ သေချင်းဆိုးမလေးက အိတ်အမည်းထည့်လိုက်၍ ချုံပုတ်ထဲက သူ ဆတ်ကနဲ ထ,လိုက်သည်။

အခုအချိန်ဟာ တွန်းလှည်းထဲထည့်ထားတဲ့ အိတ်ကိုလုပြီး ထွက်ပြေးဖို့ အကောင်းဆုံးအချိန်မဟုတ်ပါလား။

သူ ခြေလှမ်း တစ်လှမ်း၊ နှစ်လှမ်းတိုးလိုက်စဉ်မှာပင် မိန်းမ တစ်ယောက် ဘွားကနဲ ပေါ်လာပြီး ကလေးကို ပြေးဖက်ပွေ့ပိုက်ကာ…။

“ကွီးကွီးရယ်…ဘယ်ထွက်သွားရတာလဲ။ မာမီဖုန်း ပြောတာ ဘယ်လောက်ကြာလို့လဲ။ အလုပ်ကိစ္စဖုန်းပြောနေလို့ ကွီးကို မာမီ သတိ လက်လွတ် ဖြစ်သွားတာ။ နောက်တစ်ခါ မာမီလည်း သတိထားမယ်၊ ကွီးလေးလည်း မာမီ့အနားမှာပဲနေနော်”

“ဟီးဟီးဟီး…ခစ်…”

သူ ချုံပုတ်ထဲ နောက်တစ်ကြိမ်ပြန်ပုန်းရပြန်သည်။

မိခင်ဖြစ်သူက ကလေးကို တွန်းလှည်းထဲထည့်ရင်း လူသူပြတ်လပ် သည့်နေရာမှ တရွေ့ရွေ့ထွက်ခွာသွားလေတော့ သူလည်း တောက်ပြား တစ်ယောက်လို နောက်ယောင်ခံပြီး လိုက်သွားရလေတော့၏။

ဘာဆက်လုပ်ရမည်လဲ။ သိပ်မကြာခင် လူစိပ်စိပ်နေရာသို့ ရောက် တော့မည်။

“အစ်မကြီး ခြင်းတောင်းထဲက အိတ်ကလေးက ကျွန်တော့် ဟာပါဗျာ”လို့ တောင်းလိုက်ရမလား စဉ်းစားနေစဉ်…

“နောက်ကို လျှောက်လျှောက်မသွားရဘူးနော် ကြားလား ကွီးကွီး

www.burmeseclassic.com



သေး···ဘုရား···ဘုရား ကံကောင်းပေလို့။ စိတ္တဇ လူသတ်သမား တစ်ယောက်က လူသတ်ပြီး နားရွက်ဖြတ်သွားတဲ့ သတင်းကြားပြီး လန့်ဖျတ် နေရတဲ့ကြားကွယ်···"

အမျိုးသမီးကြီး၏ စကားတစ်ခွန်းနှင့်ပင် သူ တွန့်ကနဲ ဖြစ်သွားရ မြန်သည်။ သူ ထိုသို့ တောင်းလိုက်ပြန်လျှင်လည်း "ရှင့်ပစ္စည်းက ဘာဖြစ်လို့ ကျွန်မခြင်းတောင်းထဲ ရောက်နေရတာလဲ။ နေဦး ကျွန်မ ဖွင့်ကြည့်လိုက်ဦး မယ်" ဆိုလျှင် ပွဲက ပျက်ချေတော့မည်။

ဒီလိုနဲ့ သူ အသည်းတယားယားနှင့် အမျိုးသမီးကြီး သွားရာ လမ်းကြောင်းအတိုင်း လူသူထူထပ်ရာ ပန်းခြံ၏ တစ်နေရာစာသို့ ရောက် လာခဲ့ရသည်။

ဒုက္ခပဲ···။ အခုထိ အမျိုးသမီးဟာ တွန်းလှည်းအောက်မှာ အိတ် တစ်အိတ်ပါလာမှန်း မသိသေး။

အဲ···ဟိုမှာ···ခေါင်းငုံ့နေပြီ။ တွေ့သွားပြီလား မသိ။ ဘုရား··· ဘုရား···တွေ့လို့မဖြစ်ဘူး။ အဲဒီနားရွက်မှာ သူ့လက်ဗွေရာတွေ ရှိနိုင်တယ်။ တွေ့လို့မဖြစ်ဘူး···။

အဲ··ကြည့်နေပြီနဲ့တူတယ်···။

"ဗုတ်···"

"အင့်···"

"ဟာ···ဆောရီး···ဆောရီး···"

"ဘယ်လိုဖြစ်တာလဲကွ။ ဒီလောက် အရှင်းကြီးကို။ ဘာလို့ တိုက်ရတာလဲ···"

"ကျွန်တော်မမြင်လိုက်လို့···မမြင်လိုက်လို့ပါဗျာ···"

တကယ်တော့ သူ အာရုံလွှဲလိုက်ခြင်းပါ။

အမျိုးသမီးမျက်လုံးများက တွန်းလှည်းအောက်ခြေသို့ ရောက်လု ရောက်ခင်မှာပင် ဟန်နေသာမှာ အမျိုးသမီးကြီးနား ပူးကပ်သွားလိုက်ပြီး အနီးအနားမှာရှိသည့် ဝဖိုင့်ဖိုင့်လူတစ်ယောက်ကို ဝင်တိုက်ပစ်လိုက်ခြင်းပါ။

သူ့အကြံအစည်က အောင်မြင်သွားသည်ဟု ပြောရမည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမိခင်မှာ လူနှစ်ယောက်တိုက်မိသွားခြင်းအပေါ် စောင်းငဲ့ကြည့်ရင်း အာရုံပြောင်းသွားပုံရ၏။ အိတ်အမည်းကို သူမ သတိထားမိပုံမပေါ်။

သို့သော် တကယ့်တကယ်တမ်းကတော့ ဟန်နေသာမှာ အိပ်ပျော်နေသည့် ကျားတစ်ကောင်ကို သွားနှိုးလိုက်သလို ဖြစ်သွားမှန်း မရိပ်မိလိုက်ပေ။

တကယ်တော့ သူဝင်တိုက်လိုက်သည့် ဝဖိုင့်ဖိုင့်နှင့် လူကြီးမှာ အရပ်သားဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိတစ်ယောက်ဖြစ်ပြီး သူ့နယ်မြေမှာ ရက်စက်ဆိုးရွားလွန်းသည့် လူသတ်မှုဖြစ်ပေါ်ထားသဖြင့် ရရှိထားသည့် သဲလွန်စများကို ခြေရာခံလိုက်ရင်းကနေ ပန်းခြံထဲသို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခဲ့ခြင်းသာ ဖြစ်လေ၏။

တွန်းလှည်းတွန်းနေသည့် မိခင်ရော၊ သူ့ကို ဘလိုင်းကြီး ဝင်တိုက်သွားသည့် လူငယ်လေးပါ တရွေ့ရွေ့ဝေးကွာသွားစဉ် ဝဖိုင့်ဖိုင့်လူကြီးမှာ သေကံမှုကို သတိထားမိသွားပြီး လာလမ်းအတိုင်း နောက်ပြန်လှည့်ခဲ့လေသည်။

အဖြစ်အပျက်က လုံးဝအရှင်းကြီးပင်။

ဒီချာတိတ်လေးဟာ အရက်မူးရင်မူး၊ မမူးရင် ဆေးကြောင် ဒါမှမဟုတ်ရင် မရိုးသားမှုတစ်ခုခုကို လုပ်ထားတာပဲ ဖြစ်ရမည်။

တကယ်တော့ ဒီကလေးဟာ နှစ်ကျပ်ကွက် ကလေးအထာနင်းသွားတာပဲ။ တစ်စုံတစ်ယောက်ကို အာရုံလွှဲလို၍ event တစ်ခုကိုဖန်တီးလိုက်ခြင်းပဲ၊ ဒါပေမဲ့ သူတစ်ခုလိုသွားတာက သူ့ရဲ့ object ဟာရဲအရာရှိတစ်ယောက်ဆိုခြင်းကို သူသိပုံမပေါ်။

ဟုတ်ပြီ။ သူ့မှာ တွန်းလှည်းတွန်းသွားသည့် ကလေးမိခင်နှင့်ပတ်သက်ပြီး ကိစ္စတစ်ခုခုရှိကိုရှိရမည်။

လူကြီးမှာ ဝဖိုင့်ဖိုင့်နှင့် ခပ်လေးလေးလမ်းလျှောက်လာရင်း စောစောကလူငယ်နှင့် တွန်းလှည်းတွန်းနေသည့် အမျိုးသမီးကို ခပ်ဟဟ မြင်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကံတရားက ဟန်နေသာကို စာကွက်အလေးသာပေးလိုက်သည် ဆိုရမလား··

တွန်းလှည်းထဲက ချီးထုပ်မလေးက အိပ်ပျော်သွားစဉ် မိခင်ဖြစ်သူ ဆီ ဖုန်းခေါ်ဆိုမှုတစ်ခုဝင်လာလေ၏။

မိခင်က ဖုန်းကိုဖွင့်ရင်း ဖုန်းပြောနေသည်။ နောက်တော့ ဖုန်းထဲက အကြောင်းအရာကို အာရုံဝင်စားစွာ ပြောဆိုနေပြီး၊ တွန်းလှည်းကို နောက် ဘာပေးအနေအထားတစ်ခု အရောက်မှာတော့ ဟန်နေသာ အိမ်အမည်းကို ထက်တနဲ ကောက်ယူရင်း သုတ်ခြေတင်ပြေးလေတော့၏။

"ဟိတ်···ဟိတ်···မပြေးနဲ့···"

ဒါကို ခပ်ဝေးဝေးက ရဲလူဝကြီး တွေ့ရှိသွားရလေပြီ။

သူခမျာလည်း မပြေးနဲ့သာဆိုတယ်။ သူကိုယ်တိုင်လည်း အခင်း ဖြစ်သွားတဲ့နေရာဆီကို ပြေးပြီးလိုက်မသွားနိုင် လိမ့်လိမ့် လိမ့်လိမ့်နှင့် သွားနေရ ။ စားထားတာတွေကလည်း များပြီကိုး။ ဘယ်သွက်သွက် လမ်းလျှောက် နိုင်မှာမတုံး။

"မသင်္ကာစရာ လူတစ်ယောက်ကို တွေ့ထားတယ်။ သူ့ကို ခဏ ထားလိုက်"

ဖန်းခြံဂိတ်က အစောင့်တွေကို ဖုန်းနှင့်ညွှန်ကြားရင်း တွန်းလှည်းနှင့် မအေဆီရောက်တော့ ရဲလူဝကြီး ဟောဟဲ လိုက်နေလေပြီ။

"အစ်မကြီး···အစ်မကြီး··ဟောဟဲ···ဟောဟဲ··"

"အဲ···စောစောက ချာတိတ်ကလေး ဝင်တိုက်လိုက်တဲ့ လူတစ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်က အမှတ်( )ရဲ့စခန်းက ရဲအုပ်ထွန်းစိုးပါ"

"ဩော်··ဟုတ်ကဲ့။ ဘာများဖြစ်လို့လဲ။ ရဲအရာရှိကြီး ရှင်···"

"ကျွန်တော် မသင်္ကာလို့ ခင်ဗျားနောက် ပြန်လှည့်ပြီး လိုက်လာ တာ စောစောက ကျွန်တော့်ကို ဝင်တိုက်သွားတဲ့ ကောင်လေးပဲ ခင်ဗျား တွန်းလှည်းအောက်က အိတ်တစ်အိတ်ကို ယူပြီးထွက်ပြေးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာအိတ်ဖြစ်မလဲ သေချာပြန်စစ်ပါဦး"

"ဟင်...ဘာအိတ်လဲ..."

အမျိုးသမီးမှာ တွေဝေနေပုံရပြီး တွန်းလှည်းအောက်က ခြင်းတောင်းကို ပြန်ငုံ့ကြည့်လိုက်ကာ...

"ဘာမှ မပျောက်ဘူးရှင့်။ အောက်က ခြင်းတောင်းထဲမှာ ကလေးရှူးအိုးတစ်ခုပဲ ထည့်လာတာ။ ဘာအိတ်မှအပို မပါဘူး"

"သေချာကြည့်ပါဦးဗျာ...။ ကျွန်တော့်မျက်စိနဲ့တပ်အပ် မြင်လိုက်တာ။ ဒီသူငယ်က ခင်ဗျားနောက်ထပ်ကြပ်မကွာ လိုက်ပြီး ခင်ဗျားဖုန်းပြောနေတုန်း ခြင်းတောင်းထဲက အိတ်ကို ဆတ်ကနဲယူပြီး ပြေးသွားတာ..."

"အို...ဒုက္ခပါပဲ...။ သေချာတာမှ အရမ်းကိုသေချာပါတယ်။ တွန်းလှည်းအောက်မှာ ကလေးရှူးအိုးကလွဲပြီး ကျန်တာ ဘာမှမထားဘူး။ နောက်ပြီး ဒီနေ့က ကျွန်မထွက်လာကတည်းက ဟမ်းဖုန်းနဲ့အိမ်သော့ ကလေးရှူးအိုးကလွဲပြီး ဘာမှ ထည့်မလာခဲ့ဘူးလေ.."

ရဲဗိုက်ပူမှာ ခေါင်းကို တွင်တွင်ယမ်းလိုက်ပြီး...

"လွဲနေပြီ...။ တစ်ခုခုတော့ လွဲနေပြီ..."

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 6 )

ပန်ထျာရီထံမှ ဖုန်းဝင်လာသည်။

ချစ်သူဖြစ်အပြီး နောက်ပိုင်း ပထမဆုံးဝင်လာသည့် ဖုန်းပင်။

"မောင်... "

"ပြော...ချစ်..."

"သတင်းကြားပြီးပြီလားဟင်...ပန်တော့ သိပ်ကြောက်တာပဲကွယ်"

"ဟင်...ဘာသတင်းလဲ.."

"ဟိုတစ်နေ့ညက မောင်မေးတဲ့ မီးထွန်းထားတဲ့အိမ်က ချမ်းမြေ့ထွန်းဆိုတဲ့တစ်ယောက်လေ သူသေသွားပြီတဲ့..."

"ဟင်...ဟုတ်လား..."

"ဟုတ်တယ်။ လူသတ်သမားက ချမ်းမြေ့ထွန်းကို သတ်ပြီး အရှက်တောင် ဖြတ်ယူသွားတယ်တဲ့။ ဟိုတစ်နေ့ညကတောင် မောင်သူ့ကို တွေ့လိုက်သေးတယ်မို့လား။ ပန်လေ... အိမ်နီးချင်းတွေ သေရင် သိပ်ကြောက်တာပဲကွယ်..."

သူ မျက်စိတစ်စုံကို မှိတ်ထားရင်း ငြိမ်သက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြသသနာပေးတဲ့ အဲဒီနားရွက်က ပန်းခြံထဲသွားမြှုပ်ပြန်တော့ လည်ကွိုင်တက်ပြီး (ကံကောင်းလို့ ကိုယ်တောင် အဖမ်းမခံရတယ်) အိမ်ပြ ပါလာ၊ အခု အဲဒီနားရွက်က ဖောင်းပွပုပ်ပွပြီး သူ့လက်ထဲမှာလေ။

"မောင်…ကြားလား…လို့"

"ကြားတယ်…ကြားတယ်..အဲ့ဒါလို့ မောင် ငြိမ်သွားမိတာ…"

ချစ်ရည်ရွှမ်းတဲ့ ချစ်စကားများ၊ အဲ့ဒီညကလို လှိုက်လှိုက်ဖို မပြောနိုင်ဘဲ အေးတိအေးစက်ဖြစ်နေ၍ ချစ်သူက သိပ်ကျေနပ်ပုံမပေါ်။

"မောင်း…"

"ဗျာ..ဗျ.."

"ပန်းကို ချစ်သေးရဲ့လားလို့…"

မိန်းကလေးတွေခမျာမှာလည်း တစ်ဒုက္ခ။ သနားဖို့လည်း ကောင်းပြန်သည်။ သည်းဦးပန်းကို အခြွေခံပြီးရသူတိုင်း သူတို့ရဲ့ ပန်းကလေး ကို တစ်သက်တာ ထာဝရထိုသူကိုပဲ ပေးအပ်ချင်ကြတာ သဘာဝပဲ မဟုတ် ပါလား။

သူတို့ခမျာ ချစ်ကိုစွဲပြီးမြောက်ပြီးတဲ့နောက်ပိုင်း ချစ်သူကို သံသယ စောင့်ကြည့်နေရတာလည်း တမျှော့။

"ချစ်တာပေါ့ပန်ရယ်။ အရမ်းချစ်တယ်"

"ထာဝရချစ်ရမယ်နော်…"

"ထာဝရပါဗျာ…"

တကယ်တမ်းသာ ငချမ်းမသေခဲ့ဘဲ ငချမ်းဖြန့်ချိခဲ့သည့် HDကြီး ဖေ့ဘုတ်ပေါ်တက်လာခဲ့ဦးမည်ဆိုလျှင်တောင် ခုနေအချိန်အခါဟာ ချစ်ရည ကို 'မင်းကိုယ့်ကို ချက်ချင်းလက်ထပ်လိုက်ပါ'လို့ ပြောပြီး ဖြေရှင်းလိုက် ရုံပင်။

ငချမ်းသေသွားတော့ ထိုစကားကိုလည်း မပြောရတော့ အရှုပ်ထုပ်ကို ကိုယ်လွတ်ရုန်းနိုင်အောင် ရှင်းရပေဦးမည်။

"ဘယ်တော့ တွေ့မလဲဟင်.."

"အားတဲ့ တစ်ရက်ပေါ့… မောင်ဖုန်းဆက်လိုက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အားတဲ့တစ်ရက်ဆိုတော့ ခုက မအားတဲ့သဘောပေါ့။ အဲ့လို ...သား..."

"စိတ်မကောက်ပါနဲ့ကွာ။ မောင် အလုပ်နည်းနည်း ရှုပ်နေ ...ပါ.."

"မောင်နော်..ဟွန်း.."

ဖုန်းကို မြန်မြန်ချချင်ပါတယ်ဆိုမှ အရစ်ကရှည်နေပြန်သေးသည်။ ...အချိန် ညကလီးယားစစ်ပွဲလည်း ဆင်နွှဲလို့မရသေး။

ဒါကြောင့် ဖုန်းလိုင်းကျသွားတာလိုလို ဘာလိုလို ဖောရှော လုပ်ရင်း ...နှုန်းကိုပိတ်ပစ်လိုက်၏။

ဒါတွေအားလုံးဟာ တကယ်မဟုတ်ဘဲ အိပ်မက်တစ်ခုဆို ...ကောင်းဘူးလား။ နေပါဦး.. ဒါတွေကလည်း တကယ်မှ မဟုတ်တာ။

ဖုတ်ကောင် ချမ်း နောက်ဆုံးပြောသွားသည် မဟုတ်ပါလား။

"ဂိမ်းက အခုမှ စတာနော်···"တဲ့

ဟုတ်တယ် တကယ်ဆို ဂိမ်းထဲကနေ ပြန်ထွက်နိုင်အောင် ...ပ်ရလိမ့်မယ် ဘယ်နည်းနဲ့များ ပြန်ထွက်ရမလဲ···။

ဂိမ်းက ကဗျာဖတ်ရင်း ရောက်သွားခဲ့တာဆိုတော့ အဲဒီ ကဗျာ ...ရွက်ထဲကနေပဲ ပြန်ထွက်နိုင်အောင် အဖြေရှာလိမ့်မည် ထင်ပါသည်။

ကဗျာစာရွက်ရှည်ကြီးကို သူယူလိုက်ရင်း ကဗျာကို နောက်ဆုံး ...သားကနေ သူပြောင်းပြန် ဖတ်ကြည့်လိုက်သည်။

"အမှောင်တွေကို ဖွေးလို့···တတောင်လုံး ကြွေပစ်လိုက် တယ်··· ...တောလုံးလေအတိုက်···အပွင့်ဝေသူ တောင်တန်းခများ···"

"ဟားဟားဟားဟား···ကလေးအထာနဲ့ ကဗျာကို ပြောင်းပြန် ...တ်လို့ပါလား ချီးကတုံးရာ။ အဲဒီလို ဖတ်လိုက်တော့ရော ဂိမ်းထဲက ...ပြန်ထွက်ရလိမ့်မယ် ထင်နေလို့လား"

"ဟင်···အမလေး···"

ဘွားကနည်း ပေါ်လာသည့် ဖုတ်ကောင် ချမ်း···။ တစ်ကိုယ် ...လုံးလည်း ခရမ်းရောင်သန်းလျက်။ နားရွက်ပြတ်ထဲက သွေးကစီးလျက်

www.burmeseclassic.com

www.burmeseclassic.com



မျက်ဖြူကဆိုက်ပြီး ကြောင်တောင်တောင်နှင့်။

"မင်းက အွန်လိုင်းဂိမ်းတွေကို လက်တည့်စမ်းလွန်းတာကိုး ကွ··"

"မင်းလို သူတစ်ပါးကို လိုက်ဒုက္ခပေးမနေရင် ပြီးရော မဟုတ်လား"

"ကျွန်တော့်ကဗျာမှာ ခင်ဗျားဘာမဆို ဖြစ်ခွင့်ရှိတယ်ဆိုတာနဲ့ အကြိုက်တွေ့ပြီး ကစားမိရင်ကစားမိတယ်ပေါ့ကွာ။ အေး····။ ဘာမဆို တော့ ဖြစ်ခွင့်ရှိတယ်။ ဒါပေမယ့် မင်းကြိုက်တဲ့ ဘာမဆိုတော့ မဟုတ်ဘူး နော်။ မင်းမကြိုက်တဲ့ ဘာမဆိုတွေလည်း ဖြစ်လာဦးမှာပဲ··။ အပေး-- ယေား··"

"ငါ့အိမ်ထဲက ထွက်သွားစမ်း ဟျောင်···move... move ···"

ဟန်နေသာ ဟန်ပါပါနှင့် လွတ်တော်အမတ်တစ်ဦးပြောခဲ့ဖူးတဲ့ flow အတိုင်းနင်းကာ ပြောနေတော့ ဖုတ်ကောင်မှာ··

"တကယ်တော့ မင်းဆော့တဲ့ဂိမ်းက ကြိုးနဲ့ချည်ထားတဲ့ ကံကြမ္မာ ကို ကြိုးဖြည်ပေးလိုက်တဲ့ သဘောပဲ။ ကံကြမ္မာက မကြာခင် ကစုန်ပေါက် ပြီး ဒုန်းစိုင်းလိမ့်မယ်။ ချီးကတုံးရေ··"

"မသာ···။ အရေးထဲငါ့ကို ကျိန်စာလာတိုက်နေသေးတယ်···"

သူ ဒေါသထွက်ထွက်နှင့် ပုပ်ပွနေသည့် နားရွက်ပြတ်ကို မိုက်ခရို ဝေ့အာဗင်ထဲ ထည့်ပစ်လိုက်လေသည်။

"ဟိတ်···ဟိတ်ကောင်···အဲဒါ ငါ့နားရွက်။ အဲဒါ ငါ့နားရွက် ···"

"အေး··မင်း သောက်ချိုးမပြေလို့ ···မင်းနားရွက်ကို ကင်လိုက် ပြီ"

ဖုတ်ကောင်မှာ အကြီးအကျယ် ဒေါသထွက်သွားရလေတော့၏။ ရှူးကနဲ ရှဲကနဲနှင့်။

"မင်း···မင်း···ငါ့ဖုန်းကိုလည်း ခွဲခဲ့တယ်။ ငါ့နားရွက်ကိုလည်း မီးရှို့တယ်။ အေး···မင်းကို···မင်းကို ငါ လူတစ်ယောက်နဲ့ မိတ်ဆက်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ်..”

“move…”

လွှတ်တော်အမတ်ကြီး ပြောခဲ့ဖူးတဲ့စကားကို ဗန်းစကားလိုပြောရင်း သူလှောင်လိုက်ချိန်မှာပင်…

“ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…”

“ဟင်…”

တံခါးခေါက်သံ တစ်ခု…။

“ဒေါက် ဒေါက်…ဒေါက်ဒေါက်..ဒေါက်ဒေါက်..”

“လာပြီ…”

ဒုက္ခပဲ..။

အိမ်ရှေ့မှာ တံခါးလာခေါက်နေတဲ့ ဧည့်သည်ကလည်း ရောက်နေလေပြီ။ နားရွက်ကင်ဆီကလည်း အကင်နံ့တွေက လှိုင်တက်လာလေပြီ။

ချေမ်း…ချေမ်း…အစိမ်းအဝါးဘဝနဲ့တောင် ငါ့ကို လိုက်ပြီးနှောင့်ယှက်နေတုန်းပါလား..

“ရောက်လာတဲ့မိတ်ဆွေနဲ့ စကားပြောအဆင်ပြေပါစေ ချိုးကတုံးရေ…”

ချေမ်းက ပြောရင်း ရုတ်ချည်း ပျောက်ကွယ်သွားလေတော့၏။

သူ တံခါးကိုဖွင့်လိုက်တဲ့ အချိန်မှာတော့….။

“ဟင် … …”

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 7 )

ပြဿနာကတော့ စတင်တက်လေပြီ ထင်သည်။

အိမ်တံခါးရှေ့ ရပ်လာလေသော ဝတုတ်တုတ်လူကြီးကို ကြောင်အမ်းစွာ တစ်ချက်ကြည့်ရင်း၊ မျက်နှာမပျက်စေဖို့ သူမနည်း ဟန်ဆောင်လိုက်ရလေ၏။

နားရွက်ကို ပြန်လုဖို့ ပန်းခြံထဲမှာ သူ အတင်းဝင်တိုက်ခဲ့မိတဲ့ ဗိုက်ပူကြီးပါလား...။ ဘုရား..ဘုရား...။ ရဲယူနီဖောင်းကြီးနဲ့ ရောက်ချ လာလေပြီ။

"မင်္ဂလာပါ...သား..."

"ဟုတ်...မင်္ဂလာပါ..."

"ဦးလေးက အမှတ်(   )ရဲစခန်းက ရဲမှူးဝဏ္ဏစိုး"

"ဩော်...ဟုတ်ကဲ့...'ဘာများကူညီပေးရမလဲ.."

ဘာများကူညီပေးရမလဲလို့သာ မေးလိုက်ရတယ်။ အခုထိ ဒုံဗိုက်ပူ ကို အထဲဝင်ထိုင်ဖို့ သူ့ဖိတ်မန္တက မပြုရသေး။

ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း သူမသိမသာ ချွေးပျံ နေလေပြီ။ မီးဖိုဆောင်ထဲမှာ ကင်ထားတဲ့နားရွက်ကလည်း အနံ့ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေပြီ မဟုတ်ပါလား···။

"ဘာကူညီရမလဲ မပြောခင်···တို့ အပြင်မှာ ဆုံဖူးကြသလား လို့··"

"ဗျာ···"

ဟိုက်ချ်···။ အမှုက မစစ်ရသေး။ တရားခံက ပေါ်တော့မည ထင်သည်။

အဲဒီနေ့က အမျိုးသမီးကြီးရဲ့ခြင်းတောင်းအောက်က အထုပ်ကို ဆွဲနှိုက်ယူပြီးထွက်ပြေးတော့ ထိုဗိုက်ပူကြီးဆီမှ 'မပြေးနဲ့' ဆိုတဲ့အသံနဲ့ အတူ သူနောက်ကို လိမ့်လိမ့် လိမ့်လိမ့် လိုက်လာခဲ့သေးသည် မဟုတ် ပါလား····

ကျေးဇူးပြုပြီး မမှတ်မိပါစေနဲ့···။ ကိုယ့်ကို ပန်းခြံထဲမှာ ခင်တိုက်ဖူးခဲ့တဲ့ကောင်လေးလို့ မမှတ်မိပါစေနဲ့···။

"ကျွန်တော် ဦးကို မသိဘူးဗျ···"

"ဟုတ်ပါ့မလား···သေချာစဉ်းစားပါဦး···"

"ကျွန်တော်တော့ မသိဘူး····"

ရဲဗိုက်ပူကြီးက မျက်မှောင်ကြုတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။

သူတို့ခမျာမှာလည်း တစ်ပတ်တစ်ပတ် သူခိုး၊ ဂျပိုး၊ မုဒိန်းကောင်၊ လူသတ်သမား ဘယ်နှစ်ယောက်လောက်နဲ့ ရင်ဆိုင်နေရလေတယ် ရယ်မသိ ···။

ဒီကြားထဲ ကျောင်းသားနဲ့ တောင်သူလယ်သမားကိစ္စ ဖမ်းရဆီးရ တာတွေလည်း ပါသေးတယ်မဟုတ်ပါလား···။

အရောရော အထွေးထွေး ဖြစ်နေသည်ကိုပင် နတ်ကောင်း သော်မြတ်တွေကို ကျေးဇူးတင်စရာ ကောင်းနေပေသည်။

"အေး···ဟုတ်ပါတော့ကွာ···။ ငါကလည်း တစ်နေရာမှာ မြင်တွေ့ဖူးသလားလို့ပါ"

"မတ်တပ်ရပ်နေတာ အားနာစရာကြီး၊ အထဲဝင်ထိုင်ပါဦး···။

www.burmeseclassic.com

www.burmeseclassic.com



လာရင်းကိစ္စလည်း ပြောပါဦးခင်ဗျ..''

ဒီလိုနဲ့ ရဲဗိုက်ပူကြီး အိပ်ခန်းထဲက ဆက်တီပေါ်ဝင် ထိုင်လိုက်၏။

အခုနေများ ဖုတ်ကောင်သာ ဘွားကနဲပေါ်လာလို့ကတော့ ပွဲက လှပြီ။

''လာရင်းကိစ္စက ဒီလိုပါ...''

''ဟုတ်ကဲ့ ...''

''လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်လောက်က လူသတ်မှုတစ်ခု ဖြစ်ခဲ့တယ်။ မင်းလည်း ကြားပြီးလောက်ရောပေါ့...''

ဂလု..;။

''သိပါတယ်..။ အသတ်ခံရသူက ကျွန်တော့် သူငယ်ချင်းပါ။ သိပ်တော့ အရင်းနှီးကြီး မဟုတ်ပါဘူး။ ကျွန်တော်တို့ UFL ကျောင်းက ပါပဲ...''

''ဩော် ....''

ရဲဗိုက်ပူကြီးရဲ့ ဩော် ... ထဲမှာ အဓိပ္ပာယ်များစွာ ပါဝင်သွားတာမို့ သူမသိမသာတံတွေးမျိုချလိုက်ရလေ၏။

''ဒီလိုပါ...အခု သေဆုံးသူရဲ့မိဘတွေနဲ့ ဦးတို့ရဲတပ်ဖွဲ့ အရာရှိတွေ ပူးပေါင်းပြီး အမှုမှန်ဖော်ထုတ်နေကြတော့ သက်သေတချို့လည်း တွေ့သင့်တာ တွေ့ပြီးပါပြီ။ သဲလွန်စတွေလည်း ရသင့်ရသလောက် ရထားပြီးပြီ...''

''ဟုတ်ကဲ့ပါ...မြန်မာ့ရဲတပ်ဖွဲ့က အရှေ့တောင်အာရှမှာ အကျော်ကြားဆုံးစာရင်းဝင်တွေပဲဗျာ...။ အမှုမှန်ပေါ်ရမှာပေါ့...''

သူက ဖောတော့ ရဲဗိုက်ပူက...

''ငါပြောတာ ဖြတ်မပြောနဲ့ဦး...။ အခု ထူးခြားချက်က သေဆုံးသူရဲ့ အသစ်စက်စက် ဟမ်းဖုန်းကို ရှာမတွေ့ဘူး...။ ဒီဖုန်း ပျောက်နေတယ်...'

''ဟုတ်...ဩော်...ဖုန်းသူခိုးကများ ဖုန်းလုချင်လို့ သူ့ကို သတ်ပြီး လုသွားတာများလားနော်...''

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ချေတွေ များစွာထဲက တစ်ခုဆိုပါတော့။ မင်းကလည်း ငါ့စကားဖြတ်ဖြတ် မပြောနဲ့ဆို···"

"ဟုတ်ကဲ့ပါ··အဟီး···။ ကျွန်တော်ကလည်း ဒီကောင့်အမှုမှာ တရားခံမပေါ်သေးလို့ အသည်းတွေ ယားနေတာ··"

"အေး···မင်းက အသည်းတွေယား။ ငါဆို အသည်းပါ ပေါက်နေတာ။ ဖြစ်တာက ငါ့နယ်မြေမှာလေ။ ထားပါတော့··။ ဖြတ်ဖြတ် မပြောပါနဲ့ဆို··။ မင်းက ဖြတ်ပြောလိုက် ပြန်သေးတယ်။ အခု··· သေဆုံးသူရဲ့ ဖုန်းကိုတော့ မတွေ့ဘူး။ ဒီအထိက အိုကေ···။ ဖုန်းကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးတော့ Call List တွေ ရှာကြည့်တော့ သူမသေခင် နာရီပိုင်းအလိုမှာ နောက် ဆုံးဖုန်းပြောခဲ့တဲ့သူ 'မင်း' ဖြစ်နေတယ်···"

ဟန်နေသာ ခေါင်းနပန်းကတော့ဖြင့် ကြီးသွားရချေပြီ။

"ဗျာ···သေချာလှချည်လား···"

"အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ မသေချာဘူးဆိုတာ ဘာမှမရှိဘူး။ ဖုန်းကုမ္ပဏီကနေ call list ကို ရှာကြည့်တော့ သေဆုံးသူနဲ့ပတ်သက်တဲ့ ဖုန်းနံပါတ်တော်တော်များများကို တွေ့လိုက်ရတယ်။ နောက်ဆုံးနံပါတ်က မင်းရဲ့နံပါတ်။ ထပ်ပြီးအင်ကွာရီ လိုက်ကြည့်တော့ ဖုန်းဝယ်ယူခဲ့တဲ့ လျှောက်လွှာမှာ မင်းရဲ့ ဝယ်ယူသူကိုယ်ရေးရာဇဝင်တွေ ကိုယ်တို့ရခဲ့တယ်။ ဟုတ်တယ်မဟုတ်လား···"

ပြောရင်း ရဲဗိုက်ပူက သူ့ဖုန်းကို ထုတ်ကာဂဏာန်းတချို့ကို နှိပ်လေ၏။ ဟန်နေသာ့အိတ်ကပ်ထဲမှာ ဖုန်းမြည်သံ ထွက်လာလေသည်။

သူ့ဖုန်းကို မကိုင်တော့။ တော်ပါပေတယ်ဆိုတဲ့သဘောနဲ့ ခေါင်းသာ တစ်ချက်ညိတ်ပြလိုက်လေ၏။ ရဲဗိုက်ပူကြီးကလည်း ဗိုလ်အောင်ဒင် ချက်နှာပေးနဲ့ မျက်လုံးတစ်ဖက်မှိတ်ပြလိုက်သေးသည်။

သူငြင်းလို့မရတော့။ အစောကတည်းကလည်း ပြောင်ပြောင် တင်းတင်းပင် 'သူငယ်ချင်းဖြစ်သည်'ဟု ပြောထားသဖြင့် ဖုန်းဆက် သွယ်ရှိခဲ့မှုအပေါ် သွေးပျက်စရာအကြောင်းလည်း မရှိ။

"ဖုန်းကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးတော့ ဖုန်းပြောခဲ့မှုးတဲ့ အသံဖိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေကို နည်းပညာအားကိုးနဲ့ ပြန်ယူဖို့ အခုဦးတို့ ကြိုးစားနေတယ်။ call list ကို ရှာရတာ မခက်ပေမယ့် ဖုန်းပြောခဲ့ဖူးတဲ့ အသံဖိုင်တွေကို ပြန်ယူတဲ့နေရာမှာတော့ အခက်အခဲရှိတယ်လို့ ပြောတယ်။ ဒါပေမယ့် ဖုန်းကုမ္ပဏီက အသံဖိုင်တွေရ အောင်ယူပေးမယ်လို့တော့ ကတိခံထားတာပဲ···။ အမှုမှန်ပေါ်ဖို့က နီးစပ်နေပါပြီ···"

"ဟုတ်ကဲ့···။ ကျွန်တော် ဖြတ်ပြောမနေတော့ပါဘူး"

"အေး··မင်းဖြတ်မပြောတာကိုက ဖြတ်ပြောသလို ဖြစ်နေပြီ···"

"ရော်···ခက်ပါလား···"

ရဲဗိုက်ပူက သူ့ကို တစ်ချက် စွေစောင်းကြည့်လိုက်သေးသည်။

ကိုယ့်မှာလည်း အဖမ်းခံရပြီး ကြောင်ခံတွင်းဝမရောက် သေးဘဲ အကာစားခံနေရတဲ့ ကြွက်ကလေး ဂျယ်ရီလိုလို ဘာလိုလို။

တကယ်လို့ ငချမ်းနဲ့သူနောက်ဆုံးပြောခဲ့တဲ့ ဖုန်း အသံဖိုင်ကို ရဲဗိုက်ပူကြီးရသွားရင်တော့ ပွဲကပြတ်နေပြီ။ ဖုန်းထဲမှာ ပဋိပက္ခမျိုးစုံ၊ ဒေါသမျိုးစုံ ပါသွားသည်မဟုတ်ပါလား။

"ဒီအိမ်မှာ မင်းတစ်ယောက်တည်းနေတာလား··"

"ခင်ဗျာ··သြော်··မဟုတ်ဘူးဗျ။ အမေနဲ့ကျွန်တော် နှစ်ယောက်ပါ"

"အဖေကရော··"

"အဖေက ဆုံးသွားတာ ကြာပါပြီ···"

"အမေလည်း မတွေ့ပါလား···"

"အမေက ရိပ်သာဝင်နေတယ်ဗျ··"

"ဒါဆို လောလောဆယ် မင်းတစ်ယောက်တည်း နေနေတယ် ဆိုပါတော့··"

"ဆိုပါတော့··"

"ဘယ်လောက် ကြာပြီလဲ··"

"တစ်ပတ်လောက်တော့ရှိပြီ··"

စိတ်ပျက်လိုက်တာ။ သူ လုံးဝ ဖီးလ်ကျဲနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ပါဦးလား အန်ကယ်..."

"နေဦး..မွေးတယ်ကွ။ မင်း ဟင်းချက်နေတာလား.."

"ကျွန်တော် အကင်လုပ်စားမလို့ပါ.."

"ဟေ...တယ်ဟုတ်ပါလား..."

ရဲဗိုက်ပူကြီးက မတ်တပ်ရပ်လိုက်သည်။

ဟန်နေသာကိုလည်း သင်္ကာမကင်းသည့် မျက်လုံးနှင့် ရံဖန်ရံခါ ကြည့်တတ်ပြန်သည်။ ရဲဆိုတာတော့ ဒီလိုပါပဲ။ ဘယ်သူ့ကိုမှ ရာခိုင်နှုန်း ပြည့်အယုံအကြည် မရှိတာ သူတို့ အကျင့်လိုလို ဖြစ်နေပြီ။

"ဦး..မင်းရဲ့အိမ်ကို တစ်ချက်ကြည့်ချင်တယ်.."

ဒုက္ခပဲ...။ နောက်ဖေး တည့်တည့်ဝင်သွားလေပြီ။

နှာခေါင်းကို ပွရှုံ့ပွရှုံ့လိုက်ပြီး အကင်နံ့ကို ရှုရှိုက်နေပြန်၏။ ဟန်နေသာ အသက်ပင်ရဲရဲမရှူဝံ့ဘဲ နောက်မှ ထပ်ကြပ်မကွာ လိုက်သွား ခဲ့၏။

ရင်ဆိုင်ရမည့် ပြဿနာအားလုံးကို သူကြိုတွေးရင်း အသက်ကိုဝဝ တစ်ချက် ရှူလိုက်သည်။

ရဲဗိုက်ပူမှာ မိုက်ခရိုဝေ့အာဗင်ရှေ့သို့ပင် ရောက်ရှိနေလေပြီ။

"အကင်စားသွားပါလား အန်ကယ်..."

မိုက်ခရိုဝေ့အာဗင်ထဲ ထည့်ကင်ထားတဲ့ အကင်ကို ကြည့်ရန် ခိုးကိုအနည်းငယ် ကွေးညွတ်လိုက်ပြီး၊ ဟန်နေသာ အသံကြား၍ နောက်လှည့်ကြည့်ရင်း...

"ဘာ အကင်တွေလဲ ကွ..."

"ဝက်နားရွက်ကင်ပါ..."

ရဲဗိုက်ပူကြီးမှာ မျက်နှာရှုံ့တွသွားရပြီး၊ ကွေးညွတ်ထားသော ဒူးကို ဆန့်လိုက်ကာ မီးဖိုဆောင်ထဲကနေ တလှမ်းချင်းထွက်လာရင်း..။

"ခြေလေးချောင်းသား ငါးမစားဘူးကွ။ ဝက်သားစားရင်း ငါ ခြေထရန်စဖာကျတယ်။ အပြောင်းအရွှေ့တွေများတော့ အာရုံနောက်တာပေါ့။ ဒါကြောင့် ဝက်သားဆို သားသားကြောက်ကြောက်ပဲ..."

www.burmeseclassic.com



သူကလည်း လူငယ်အထာနဲ့ပြန်ပြောကြလေ၏။ ဒါဆိုလည်း move တော့ဗျာ..။

ဟန်နေသာ ကြာလျှင် နှလုံးရောဂါရပြီး သေဆုံးသွားမှာပင် စိုးရိမ်ရ၏။ လက်ထိပ်စာမိခါနီးကျမှ ကပ်ကပ်ကလေး လွဲသွားရလေသည်။

"အိုကေ...ကိုယ်ပြန်ဦးမယ်..တစ်ယောက်တည်းနေတယ်ဆိုတော့ ဂရုစိုက်ပါသား..."

"ကျေးဇူးပါ အန်ကယ်..."

ရဲဗိုက်ပူမှာ အိမ်တံခါးဝကို ရောက်သည်နှင့် ဟန်နေသာအား သမင်လည်ပြန်စောင်းငဲ့ကြည့်လိုက်ရင်း...။

"ကိုယ် ဒီနေရာကို နောက်တစ်ကြိမ် ပြန်မလာချင်ပါဘူး။ ဂွတ်လပ်(ခ်).."

ဗိုက်ပူစကားက တာသွားလွန်းလေပြီ။

ဒီနေရာကို နောက်တစ်ကြိမ် ပြန်မလာချင်ပါဘူး..တဲ့။ ဆိုလိုတာက တရားခံဟာ မင်းမဖြစ်ပါစေနဲ့လို့ ပြောချင်ပုံရလေ၏။

သူ ပခုံးသာတွန့်ရင်း ဟန်ပါပါ ရပ်လျက် ကျန်ရစ်ခဲ့လေသည်။

ရဲဗိုက်ပူ ထွက်သွားနေလေတော့မှ...။

"ဟူး..."

အောင့်ထားသည့် သက်ပြင်းရှည်ကြီးကို ချနိုင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (8)

ညညအိပ်မပျော်၍ မျက်တွင်းဟောက်ပက်နှင့် လူစင်စစ်ကနေ ဒါဝက်ဝံတစ်ကောင်နှင့် တူမှန်းမသိ တူလာလေပြီ။ ဆံပင်တွေကလည်း ရရာကျဲ…။ သူဝတ်ထားသည့် အဝတ်အစားများဆိုသည်မှာလည်း ဝတ်သီ‥။

ဟန်နေသာမှာ အရင်လို စမတ်ကျကျနှင့်နောက်တတ် ပြောင်တတ် သော လူငယ်လေးတစ်ယောက်ပုံစံ မဟုတ်တော့။

ခြံတံခါးကိုပိတ်ပြီးသည်နှင့် သူ့မျက်လုံးများက သူ့ကို မမြင်ကွယ် နေ ဘယ်သူရှိုးနေမလဲဆိုတာ ခိုးကြောင်ခိုးဝှက် ကြည့်လိုက်သေးသည်။

ဒီကိစ္စက ပေါ့သေးသေးမဟုတ်။ လုံးဝမှကို ပေါ့သေးသေးမဟုတ်။

စဉ်းစားကြည့်လေ။ မိမိ အိမ်ထဲကို တံခါးမရှိ ဓါးမရှိ၊ ဘွားကနဲ လာ၊ ဖုတ်ကနဲ ပျောက်သွားတတ်တဲ့ ဖုတ်ကောင် တစ်ကောင်ကို ဖြတ်ချေမှုန်းသင့်ပြီ မဟုတ်ပါလား။

ညအိပ်နေတုန်းပဲ ကိုယ့်ရှေ့ရောက်လာလေမလား။ မိမိ တက်နေတုန်းပဲ ကိုယ့်ကိုစောင့်ကြည့်နေမလား လိပ်ပြာမလုံ ကြက်သီး နေရတဲ့ ဘဝကြီးက ကြာလာလျှင် ကျန်းမာရေးပင် ထိခိုက်လာမှာ

www.burmeseclassic.com



စိုးရိမ်ရ၏။

ဒါ့ကြောင့် သူ ဖုတ်ကောင်ကို နှိမ်နင်းရန် ဂမ္ဘီရစာရေး ဆရာကြီး ဒဿဘူဗ္ဗာနှင့်တွေ့ဆုံပြီး အစီအရင်လုပ်ဖို့ တိုင်ပင်ချင်သည့်အတွက် အိမ်ထဲက ထွက်လာခဲ့ခြင်းပါ။

သူ လမ်းလျှောက်နေပုံမှာလည်း အိပ်ရေးကောင်းကောင်း မဝထား သဖြင့် ဒယီးဒယိုင်။

ဒါကို ခပ်လှမ်းလှမ်းလမ်းမပေါ်မှာ ရပ်ထားတဲ့ ကားထဲကနေ မှန်ပြောင်းနှင့်ကြည့်ရှုနေသူ ရဲဗိုက်ပူက ခေါင်းညိတ်လိုက် ခေါင်းခါလိုက် လုပ်နေလေသည်။

ဟန်နေသာကတော့ ရဲဗိုက်ပူကို မမြင်။

သူမြင်သွားသည်က ချုံပုတ်တစ်ခုနောက်ကနေ ဘွားကနဲ ပေါ်လာ လေသည့် ပုံရိပ်တစ်ခု…။

"ဘွား… …"

"အောင်မလေး…ကြောက်ပါပြီဗျ…"

သူ သတိလက်လွတ်နှင့် ကြောက်ပြီး အော်လိုက်မိခြင်းပါ။

သူသတိဝင်လာလေတော့ သူ့ကို ကလေးအထာနှင့် 'ဘွား…' ကနဲ ခြောက်လှန့်လိုက်သည့် သေချင်းဆိုးမလေးကို ဖနောင့်နှင့် သုံးချက် လောက် ဆောင့်ကန်ချင်သွားမိသည်။

"မောင်း…"

"ပန်ကလည်းကွာ။ ကလေးကျနေတာပဲ။ မောင် လန့်သွားတာပဲ"

"အမယ်…ကိုယ့်ချစ်သူကို စ,စတွေ့ချင်း ဒီလို အပြစ်ပြော တယ်။ ဟုတ်"

အရေးထဲ‥သူက တမှောင့်‥။

ပန်ထျာရီမှာ သူမရဲ့ချစ်သူကို ခြေဆုံးခေါင်းဆုံး ရှုမဲ့ ကြည့်ပြီး ရင်း…

"မောင်‥ဒါက ဘာပုံစံကြီးလဲ‥"

"အိမ်နေရင်း ပုံစံလေ‥"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူလမ်းဆက်လျှောက်လာတော့ သူမက သူ့နောက် ထပ်ကြပ်မကွာ လိုက်လာလေ၏။

"မောင်..နေစမ်းပါဦး..ဒါက ဘယ်သွားမလို့လဲ.."

"ယတြာလေးဘာလေး သွားယူမလို့.."

"ဟမ်..မောင်က ဘာလုပ်ထားလို့လဲ..ဘယ်သူ့ဆီ ယတြာသွားယူ လို့လဲ.."

သူ ဘာမှ မဖြေဖြစ်ဘဲ သက်ပြင်းရှည်ကြီးချလိုက်တော့ ပန်က...

"မောင့်ပုံစံကိုလည်း ကြည့်ဦး..။ ညစ်ပတ်စုတ်ပြတ်နေတာ ..."

"ဟုတ်တယ်။ မောင် ညဘက်တွေ မအိပ်ရဘူး။ ပရိုးမီးယားလိဂ်(ဂ်) ပွဲ စောင့်ကြည့်နေရလို့ပါ..။ ဟိုဟာလေ.. မောင် အချိုကြီးလောင်း ထားလို့.."

"ဘုရားရေ..ရှင်က အလောင်းအစားလည်း ဝါသနာပါတယ် ပေါ့လား။ ကြည့်စမ်း..ဒါကို ကျွန်မဘာ့ကြောင့်များ မသိခဲ့ရပါလိမ့်.."

"ပန်...ပန့်ကို မောင်ချစ်ပါတယ်၊ ချစ်တာမှ ဟိုးလွန်ခဲ့တဲ့ ငါးနှစ်၊ အနှစ်နှစ်ဆယ်ကတည်းက ချစ်ခဲ့ရတာပါ။ မောင် ဒီရက်ပိုင်း ချောလူပါအရမ်း စိတ်ရှုပ်နေရလို့ပါ။ အခု ယတြာသွားယူမှာလည်း လုံးပွဲကိစ္စလေ။ ပန် ပြန်လိုက်ပါလား မောင် တက္ကစီငှားပေးလိုက် မယ်.."

ပန်မှာ ချစ်ရသူကို လွမ်း၍ တွေ့ချင်မြင်ချင်လွန်းပြီး လိုက်လာမိကာ အနှင်အလွှတ်ခံရ၍ ရှက်စိတ်နှင့်မျက်နှာနွေးသွားပြီး...

"မောင်း ...ဒါ သစ်စိမ်းချိုးချိုးတာလား..."

"ဟောဗျာ...သစ်စိမ်းချိုးချိုးရအောင် ပန်က မန်ကျည်း ပင်လား.."

"ဒါဆို...အမှည့်ချွေချွေတာလား.."

"လုပ်ပြန်ပြီ...အမှည့်ချွေချွေရအောင် ပန်က ငှက်ပျောသီးလား၊ သီးလား..."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်တိုလာပြီကွာ…"

ပန်က စိတ်တိုလာ၍ အာပြဲကြီးနဲ့အော်ပြီး ခြေကို ဆောင့်ကာ…

"ဒီမယ်မောင်း…။ သူများကို ချစ်တုန်းကချစ်၊ ရည်းစား တော်တုန်းက တော်ပြီး အခုမှ မုန်လာဥတွေ အာတာ လွှတ်ဥတွေလုပ် မကြိုးစားနဲ့။ ဒီနေ့က ဝင်းလဲခိုင်မွေးနေ့ရှိတယ်။ အဲဒါ ပန်သွားမလို့ မောင့်ကို ဝင်ခေါ်တာ။ မရဘူး… လိုက်ခဲ့…"

"ဟာ …"

ပန်ထွေဖျော်က စိတ်ကြီး၏။ သူ့ကို ဖွတ်တရွတ်ဆွဲခေါ်ပြီး ဘတ်(စ်)ကားမှတ်တိုင်သို့ ချီတက်သွားလေပြီ။ ဒါကို ရဲဗိုက်ပူကလည်း မှန်ဘီလူးကြီးတကားကားနဲ့ ကားမောင်းရင်း နောက်ယောင်ခံလိုက်ကြည့်၏။

မြင်ကွင်းက သာမာန်မြင်ကွင်းမဟုတ်ဘူး။ မဟုတ်ပါလား…။

"လိုက်မယ်…လိုက်မယ်…။ လူကြားထဲ မောင့်ကို အဲလို ဆွဲလား ရမ်းလား မလုပ်နဲ့။ မောင် ရှက်တယ်…"

"ရှက်တတ်ရင် ဘာလို့ သူများအိမ်ကို ညဘက်ကြီး ခိုးဝင်လဲ…"

"အာ…ရှူး…ပန်က မိန်းကလေး…"

"အသည်းပေါက်နေတာနော်…ဟွန်း…"

ဒီလိုနဲ့ သူတို့နှစ်ယောက် လိမ်ဖယ်လိမ်ဖယ် ယက်ကန် ယက်ကန် နှင့် ဘတ်(စ်)ကားမှတ်တိုင် ရောက်ခဲ့ကြလေသည်။

ဖြစ်ချင်တော့ အဲဒီအချိန်က ဘတ်(စ်)ကားကြီးနှစ်စီးမှာ ခေါက်ဆွဲ လုမောင်းပြီး ဖိုက်နေတဲ့အချိန်…။

ဘတ်(စ်)ကားပေါ်က လူများဆိုတာလည်း စကောထဲ ထည့်အလှုပ် ခံရတဲ့ ဇီးဖြူသီးတွေလို ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ရှေ့ဘက်ရောက်သွားလိုက် ဝုန်းဝုန်းဝုန်းဝုန်းနဲ့ နောက်ဖက်ရောက် သွားလိုက်၊ တချို့က ဘုရားစာတွေ တချို့က ကားဆရာကို ကျိန်ဆဲ…တချို့က စပယ်ရာ မေတ္တာပို့နှင့် ပျက်နေသည့် အချိန်။

"တောက်လျှောက်…တောက်လျှောက် မေးမှာနော် … ကျောင်းထဲမဝင်ဘူး။ ခုနစ်မိုင်ခွဲ၊ ကုန်းမြင့်သာ၊ ကံဘောင်၊ မာ

www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်း၊ လှည်းတန်း···လှည်းတန်းကို···”

စပယ်ယာက ကားပေါ်ကလူတွေကို ဆွဲချ၊ ကားအောက်က လူတွေကို အတင်းထိုးတင်၊ သူ့ခမျာ နောက်ကားလိုက်လာသည်ကိုပင် သမင်းလိုက်လာသူလို ကျားချောင်းချောင်း အလုပ်ရှုပ်နေစဉ်····

“တက်···တက်···ပန်က မိန်းကလေး။ သူတို့က ခြေထောက် တစ်ဖက် ကားပေါ်ရောက်တာနဲ့ မောင်းတာ။ မောင်က ကိစ္စမရှိဘူး။ လေဟုန် စီးလိုက်လို့ရတယ်··”

ဒီလိုနဲ့ အရှုပ်ထုပ်မက ကားပေါ်ရောက်သွားလေပြီ။ သူကတော့ တုတ်တုတ်အန်တီကြီးကို သနားလို့ လမ်းဖယ်ပေးသလို ဘာလိုလိုလုပ်ရင်း ပေါက်ဝကနေ ရှောင်ထွက်ပေးလိုက်ကာ···

“အောင်မလေးဗျ···အောင်မလေးဗျ··ဂုတ်ထဲက ယားလိုက်တာ။ ဘာအကောင်ဝင်သွားလဲ မသိဘူး··”

မှတ်တိုင်ဘေးမှာ ပေါက်နေတဲ့ မန်ကျည်းပင်ကြီးကို ရှုးသလို ဆဲသလို မော့ကြည့်နေစဉ် စပယ်ယာက···

“လိုက်မှာလား···ညီအစ်ကို··ဧည့်စာရင်းမတိုင်ဘူး နော်··အခု ထွက်မှာ။ တော်ကြာထွက်မှာ··ထွက်ချင်မှထွက်မှာ။ ဆွဲ···ဆရာ·· ညင်းကုန်းတက်လာပြီ”

ဘတ်(စ်)ကားကြီးမှာ ဝူးကနဲ မောင်းထွက်သွားရလေပြီ။

ချက်ချင်းဆိုသလို ပြတင်းပေါက်တစ်ခုမှ မယ်မင်းကြီးမ ခေါင်းပြူထွက်လာပြီး···

“မောင်း···။ ကလေးအကွက်နင်းသွားတယ်ပေါ့လေ။ တွေ့မယ်။ နောက်မှတ်တိုင်ဆင်းပြီး လိုက်လာမှာ··ဟင်းဟင်း··”

ပြောပြီး ပြတင်းပေါက်မှာ ပြူထွက်နေတဲ့ ခေါင်းမှာလိပ်လို ပြန်ဝင် သွားလေ၏။

ကြည့်ရတာ စပယ်ယာပါးစပ်နှင့်တွေ့သွားသည် ထင်ပါသည်။ သူ စိတ်ရှုပ်စွာနှင့် ဒဿဘူဇ္ဇာထံ သုတ်ခြေတင်တော့လေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 8-a )

ဘုရားစင်ကြီးက ပန်းပေါင်းစုံ၊ သစ်သီးပေါင်းစုံနှင့် ဟီးဟီး ထနေ၏။ ဘုရားစင်ထက် တစ်ဆင့်နိမ့်သည့်နေရာတွင် ရုပ်ထုပေါင်းစုံက နေရာယူလျက်ရှိချေသည်။

၃၇ မင်းနတ်တွေရော၊ နောက် ဘာနတ်တွေမှန်းလည်းမသိ။ အုန်းပွဲ ငှက်ပျောပွဲတွေကလည်း စီစီရီရီ။ အမွှေးတိုင် ရနံ့တွေကလည်း မွှန်ထွန်နေ၏။

ဘုရားစင်ရှေ့တည့်တည့် ခပ်လှမ်းလှမ်းတစ်နေရာတွင် ဒဿဘူဇွာ စာရေးနေသည်။ သူ့ စာရေးစားပွဲမှာ ဖယောင်းတိုင် တစ်တိုင်လည်း ထွန်းထား၏။ သူ့ ဝတ္ထုရဲ့ ဇာတ်ကောင် မင်းသမီးကတော့ ever မဖဲနီပင်။

"ဒေါက်..ဒေါက်..ဒေါက်...ဒေါက်..."

"ကျွတ်..."

ဒဿဘူဇွာ ဖီးလ်ကျဲသွားရလေပြီ။

တံခါးဖွင့်ကြည့်လိုက်တော့ ရုပ်ကွက်ထဲက လူငယ်လေး ဟန်နေသာ။

"ချစ်ကိုကြီး .."

"ဟေ ..."

www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက်ဖြစ်သွားပြီလား..."

"မဖြစ်ပါဘူး...မလာစဖူး.."

"အစီအရင်လေး ဘာလေးများ လုပ်မပေးနိုင်ဘူးလားလို့..."

"အထဲဝင် ပြောရအောင်...။ လာလေ..."

ဒီလိုနဲ့ ဟန်နေသာ ဒဿဘူဗွာရဲ့ တိုက်ခန်းထဲ ရောက် လာရလေသည်။ ဧည့်ခန်းတစ်ခန်းလုံး ခြုံငုံကြည့်လိုက်ရုံနှင့် ဘုရားနှင့် ပုဂ္ဂိုလ်ထူးများကို လွန်ကဲစွာမှိုခိုအားပြုနေမှန်း သူသိလိုက်ပြီး သက်ပြင်းသဲ့သဲ့ ရှိုက်မိလေ၏။

"ဩော်...အစ်ကိုတို့ စာရေးရတာလည်း မလွယ်ဘူးနော်.."

"ထိပ်ဆုံးကို ရောက်ချင်တာကိုး...အဖက်ဖက်က နည်းလမ်းသုံးရတယ်ကွ"

စင်မြင့်လေးတစ်ခုမှာ တင်ထားတဲ့ ဒါန်းသေးသေးလေးကို သူတွေ့သွားပြီး ဘာရယ်မဟုတ် လက်နှင့်တောက်မိစဉ်..

"ဟ..ဟိတ်..ဟိတ်ကောင်...အဲဒါ..သခင်မ ဒါန်း.. သခင်မ ဒါန်း...သွားမလွဲနဲ့...။ ရှော့(ခ်)ရှိတယ်..."

"ဟောဗျာ..ဘယ်သခင်မက ဒီဒါန်းပေါက်စလေးကို စီးတာတုံး..."

"လျှာရှည်တာကွာ...။ မင်းနဲ့တော့...။ ကဲကဲ...ပြော...လာရင်းကိစ္စ..."

"လာရင်းကိစ္စကတော့...ဟင်း...ဘယ်နှယ့်တောင် ပြောရမလဲ မသိတော့ပါဘူးဗျာ.."

"ပြောပါကွာ မင်းကလည်း ဘာဖြစ်နေလို့လဲ"

"ကျွန်တော့်ကို ပရလောကသားတစ်ယောက် နှောက်ယှက်နေတယ် ကိုကြီး.."

"ဟေ ..."

"သူ့ကို ကျွန်တော်ပဲ မြင်ရတယ်။ ဘယ်သူကမှ မမြင်ရဘူး။ ကျွန်တော့်အိမ်ကို အဲဒီဖုတ်ကောင်က ဝင်လိုဝင် ထွက်လိုထွက် လုပ်လို့ရတယ်။ ညဘက်ကြီး ကုတင်ဘေးမှာ ဘွားကနဲ့ပေါ်လာရင်

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြောက်စရာကောင်းတာဗျာ… ကျွန်တော်ကတော့ ယောကျ်ားလေး… ထားပါတော့‥။ ကျွန်တော့် အမေ ရိပ်သာကနေ အိမ်ပြန်ရောက်လာရင် အားလုံး ဒုက္ခရောက် ကုန်ကြလိမ့်မယ်"

"မင်း ဘာတွေများ အမှားအယွင်းလုပ်ထားလို့လဲ…"

"အမှားအယွင်းတော့ လုပ်ထားမိတယ်။ ပြောရမှာလည်း ခက်… တယ်"

"ပြောပါကွ‥။ ငါ စိတ်ဝင်စားပါတယ်။ အဲလို ကိစ္စမျိုးဆို‥"

"မဖြစ်ဘူး…နှုတ်လုံမှ ဖြစ်မှာ‥"

"သြော်…လုံတယ်ကွာ…။ ကဲ…"

"ခဗျား‥နှုတ်မလုံရင် ကျွန်တော် ဘဝပျက်မှာ အစ်ကိုကြီးရဲ့‥"

"ပြောမှာပြောကွာ…ငါ အသည်းယားလာပြီ။ ကဲ‥ဒါ… ဒီလိုလုပ် ငါ သစ္စာရေသောက်ပြမယ် ဘယ့်နှာ့လဲ…"

"အဲ… ကျွန်တော်က အကူအညီလာတောင်းတာ အစ်ကို… သစ္စာရေပါသောက်ပြီး ကူညီပေးမလို့လား…"

"ငါတို့ ဂမ္ဘီရလောကသားတွေက ခုနစ်ရက်သားသမီးကို သစ္စာ… စောင့်သိပြီး ကူညီနေကြတာပဲဟာ‥"

ပြောပြောဆိုဆိုနှင့် ကိုညှပ်မှာ ဘုရားစင်ပေါ်တင်ထားသည့် ပရိတ်… ရေဗူးထဲကရေကို ခွက်သေးသေးနှင့်ထည့်ကာ ဂလုကနဲ မော့ချလိုက်လေ… သည်။

ဟန်နေသာမှာလည်း မျိုသိပ်ထားခဲ့ရသမျှ တဘာရိတ်ထဲ သွန်ချပစ်… လိုက်လေတော့၏။

ကိုညှပ်ကို သူယုံကြည်သွားပြီလေ။ ပြောလိုက်ရတော့ ရင်ထဲ… ပေါ့သွားတာပေါ့။

အဖြစ်သနစ်မှန်သမျှကို ကိုညှပ်သိရှိပြီးသွားသည့် နောက်မှာ… တော့…

"ဘုရား‥ဘုရား…ဒါဆို မင်းက တစ်မြို့လုံးစိတ်ဝင်စားနေတဲ့ လူသတ်မှုကို ကျူးလွန်ခဲ့တဲ့သူကိုး…"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုကြီး မပြောနဲ့လေဗျာ··။ ကျွန်တော်လည်း ကြက်သီးထတာပဲ။ ဟိုကောင် ငချမ်းမှားလို့ ဖြစ်ခဲ့ရတဲ့ဟာ"

"အေးကွာ···။ ဒီကိစ္စက တကယ်တော့ ဟိုဘက်က မတရားလို့ ဖြစ်ရတဲ့အမှုကိစ္စပါ။ ဒါပေမယ့်လို့ လူတွေက နားရွက်ဖြတ်ပြီး ယူသွားတဲ့ အရက်စက်ဆုံး လူသတ်မှုလို့ ထင်နေကြတယ်"

"ကဲ··ကိုညွှပ်ရေ···ကျွန်တော့်ကို အဲဒီဖုတ်ကောင်ကြီးကိစ္စ ဘယ်လိုပျောက်အောင် လုပ်ပေးမတုံး။ ယတြာလေးဘာ လေး ချေမပေးနိုင်ဘူးလားဗျ···"

"လုပ်ပေးလို့တော့ ရတယ်ကွ···။ အောက်လမ်းနည်း သုံးရမှာ···"

"ဗျာ···"

ကိုညွှပ်က ထိုသို့ ပြောလေတော့ သူကျောထဲ စိမ့်ကနဲ···။

"မင်း ငါ့ဆီရောက်လာတာ တစ်ခုတော့ကောင်းတယ်။ ငါလည်း အဲဒီလိုကိစ္စမျိုး ဆန်ဆန်ကို ပညာပေးချင်လို့ စမ်းသပ်ချင်နေတာ ကြာပြီ။ အစိမ်းအဝါးကို အစိမ်းအဝါးနဲ့ တိုက်ထုတ်တဲ့နည်း ဆိုပါတော့ကွာ··"

"ဩော်··ကိုညွှပ်က တကယ်လိုက်လုပ်ပေးမှာလား"

"လုပ်ပေးမှာပေါ့ကွ။ မင်းဘက်က ငါ့အပေါ် ယုံကြည်မှုနဲ့ သတ္တိရှိဖို့တော့ လိုတယ်···"

"instruction အဆင့်ဆင့်ကို ကျွန်တော် သဘောပေါက်အောင် ရှင်းပြဦးလေ ကိုညွှပ်···"

"မင်းငါနဲ့ ည ဆယ့်နှစ်နာရီဝန်းကျင် သင်္ချိုင်းကုန်းကို လိုက်ခဲ့ရမယ်···"

"ငင် ···"

"သင်္ချိုင်းစောင့်မလေး မဖဲနီကိုပင့်ဖိတ်ပြီး မင်းကို နှောက်ယှက်နေတဲ့ ဖုတ်ကောင်ရဲ့ ဝိညာဉ်ကို နှုတ်ရမှာ···"

"ဟမ်··သူက လူမှမဟုတ်တော့တာ။ ဝိညာဉ်ပဲဟာ·· ဝိညာဉ်ထဲ ကနေ ဝိညာဉ်ကို ဘယ်လိုဆွဲနှုတ်မှာတုံး···"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဆက်နှောက်ယှက်လို့ မရတော့အောင် ဝိညာဉ်ကို ချုပ်ပစ်ရမှာပေါ့ဟ…"

"စိတ်တော့ ဝင်စားပါတယ်။ သချိုင်းကုန်းကြီး ညဘက်သွားရမှာဆိုတော့ ကြောက်တော့ကြောက်တယ်ဗျ။ နေ့ခင်းဘက်သွားပြီး အစီအရင်လုပ်လို့ မရဘူးလား…"

"မင်းအဘာတဲ့မှ။ အမှောင်ကြီးစိုးတဲ့အချိန် ဝိညာဉ်ကို အမိန့်ပေးရတာ အထိရောက်ဆုံးနဲ့ အလွယ်ကူဆုံးကွ။ ကူညီတဲ့ သူကတောင် တက်ကြွနေတာ မင်းက ဘာလို့ ဒီလောက်ကြောက် နေရတာတုံး…"

"အင်းပါ…ဟုတ်ပါပြီ။ ဘယ်ည သွားကြမလဲ။ သချိုင်းကုန်းကို.."

"မနက်ဖြန်ည.."

"ကျွန်တော် ဘာတွေ ယူလာခဲ့ပေးရမလဲ.."

"ဧကောတစ်ချပ်ရယ်။ ဖယောင်းတိုင် ငါးတိုင်ရယ်။ မိန်းမ တစ်ယောက် ဝတ်လေ့ရှိတဲ့ ထမိန်အထက်ဆင်စရယ်၊ နောက်ပြီးတော့ ဟိုကွာ.."

"ဟိုကွာ…ဘာဖြစ်လဲ.."

"အမဲသား အစိမ်း ငါးဆယ်သား.."

"ဟင် … …."

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 9 )

ခြောက်ခြားစရာ သင်္ချိုင်းကုန်း ည…။

ဟန်နေသာတို့ သင်္ချိုင်းကုန်းမှာ အစီအရင်သွားလုပ်တဲ့ ညကျမှ တိုက်တိုက်ဆိုင်ဆိုင် Blood Moon ဖြစ်စဉ်နှင့် တိုးနေ ပြန်သေး၏။

သွေးရောင်လွှမ်းနေသည့် လမင်းနှင့်ကြွမ်ိုးမှောင်နေသည့် လူသား။

ကိုညွှပ်မှာ အမည်းရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး မှော်ဆရာ ဆောင်းသည့် ဦးထုတ်ရှည်ကို ဆောင်းထားကာ အုတ်ဂူတစ်ခုတွင် ဇကော တစ်ချပ်ကို တင်လိုက်၏။

"အုစ… ဟူ…ဟူ…အု…ဟူ…ဟူ…ဟူ…"

ရှည်လျားစွာ အူနေသည့် ခွေးအူသံသဲ့သဲ့က သင်္ချိုင်းရဲ့ အနောက်ဘက်ကနေ စတင်၍ သုသာန်တစ်ခုလုံးကို လွှမ်းသွား၏။

"အူ…ဟူ…ဂိန်…ဂိန်…အီ…အီ…အု‥"

ဒဿဘူဈာသာ မပါခဲ့လျှင် ဟန်နေသာအခုလောက်ဆို ဖနေ့ဒ်နဲ့ ဖောင်ပါး တသားတည်းကျအောင် ပြေးပြီးနေလောက်ပြီ ထင်သည်။

ဒဿဘူဈာကို အကူအညီတောင်းမိလေသမျှ လူပေါ်ငါးမှားပြီလား သေ၏။ သူက ဂမ္ဘီရရှူးရှူးနေသူ‥။ ဘာကိုမှ မကြည့်နှင့်။ သူရေးတဲ့ ဝတ္ထုကို

www.burmeseclassic.com

www.burmeseclassic.com



သာကြည့်။ ပြဿနာအားလုံးဟာ သင်္ချိုင်းကုန်းမှာစပြီး သင်္ချိုင်းကုန်းမှာ ဆုံးလေ့ရှိသည့်သူ။ အားမနာတမ်းပြောရရင် သူ့ဝတ္ထုရဲ့ ဇာတ်ရှိန် မြင့်တင်ရာအရပ် က သင်္ချိုင်းကုန်း။ ခုလည်း ဖုတ်ကောင် ခြောက်လှန့်နေခြင်းကို ကာကွယ်ရန်ဆိုပြီး ဟန်နေသာကို ညာဘက်ကြီး သင်္ချိုင်းကုန်း ခေါ်လာပြန်၏။ သူ့ အစီအရင်က ဟုတ်ကော ဟုတ်ရဲ့လားလည်း မသိ။

"အူဝဲ...အူဝဲ...အူဝဲ...အူဝဲ..."

"အမလေး..."

ထိန်းထားရင်းကြားမှ ဟန်နေသာ ခပ်တိုးတိုးလေး အမလေး တ,မိပြန်၏။

သင်္ချိုင်းဇရပ်ပျက်ကြီးဆီမှ ကလေးငိုသံသဲ့သဲ့က လေနှင့်အတူ ပါလာခဲ့ပြီ မဟုတ်ပါလား။ ဘုရား...ဘုရား.. ဒီအချိန် သင်္ချိုင်းကုန်းမှာ ဘယ်သူက ကလေးလာပြစ် သွားပါလိမ့်..

"က...က...ကို...ကိုညွပ်.."

"ဘာလဲ..."

ဒဿဘူရွှာအသံက စိတ်မရှည်ဟန်။ သူ အစီအရင်လုပ်နေတုန်း ခေါ်လိုက်၍ အာရုံနှောက်သွားပုံပေါ်၏။

"ဟို...ဟို...ဟို...ဇရပ်ပျက်ကြီးဆီက ကလေး..ကလေးငိုသံ ကြားတယ်..။ ကျ..ကျ...ကျွန်တော်တို့...သွား ကယ်မှနဲ့တူတယ်..."

"လခွီးတဲ့မှ...အဲဒါ ကြောင်စုန်းအော်နေတဲ့အသံဟ။ ကြောင်စုန်း အော်နေတဲ့အသံ။ ငါတို့ ဒီက အစီအရင်လုပ်နေတဲ့ အမည်းသားအစိမ်းအနံ့ ကိုရပြီး စားချင်နေတာ..."

"ဩော်...ဘုရား...ဘုရား..."

"အရေးအကြီးဆုံး အစိတ်အပိုင်းကို ရောက်နေပြီနော် မကြာခင် မဖဲနီလာတော့မယ်။ သခင်မကို ငါတို့ တိုင်တည် အကူအညီတောင်း ရတော့မယ်။ ဘာစကားတစ်ခွန်းမှ လာမပြောနဲ့။ ဟုတ်ပြီလား။ သေရေး ရှင်ရေးဖြစ်နေရင်တောင် လာမပြောနဲ့"

"ဟုတ်..."

www.burmeseclassic.com

www.burmeseclassic.com



ဟန်နေသာ ဇက်ကလေးတော့ဖြင့် ပုသွားရလေတော့၏။

ကိုညွှပ်က ဇကောချပ်ကြီးအလယ်မှာ အမဲသားတစ်ကို ပုံလိုက်ပြီး၊ ဖယောင်းတိုင်ငါးတိုင်ကို ဘေးပတ်ပတ်လယ်မှာ ထောင်လိုက်၏။ နောက်တော့ ဟန်နေသာ သူများထမိန်တန်းက ခိုးယူလာခဲ့သည့် အထက်စင်စကို ဆုတ်ဖြဲလိုက်ကာ ဖယောင်းတိုင်တစ်တိုင်ချင်းဆီမှာ ချည်နှောင်လိုက်လေသည်။

ကြောက်စရာ ကောင်းလိုက်သည့် အစီအရင် တစ်ခုပါလား…

"ရှဲ…ရှဲ…ရှဲ…ရှဲ…ရှဲ…ရှဲ…"

"ဟင်…"

"အူဝဲ…အူဝဲ…အူဝဲ…"

"အူ…ဟူ…ဟူ…ဟူ…"

သချိုင်းကုန်းက ကမ္ဘာပျက်နေသလိုပင်။

လေစိမ်းများ တိုက်ခတ်လာ၍ ညောင်ရွက်များက တရှဲရှဲ။ ရေပ်ပျက် ဆီက ကြောင်စုန်းက ကလေးငိုသံလို အော်မြည်လျက်။ ခွေးအူသံများကလည်း ဟိုမှဒီ…။

"ဦ…သခ်မရျာကြံန်…ဂန်ကြံန်…ချစန်…ကြက်သမံ ခြီးမိစ္ဆာဗွယိုး…သရိုးကာယံ

မေထုံပဝိကြဲ …ညဠဗံ

ဆလံဒ နာတွ…ဇာရရ …လာဟ…လာဟ…နွဖိန်လန်

ဇျာသနာအိ ဒုတ်ထို…အပောသိကံ

ဖိန်လံ…ဖိန်လံ…ချစန်…တွာတလံ

နာမ်ခံ…နာမ်ခံ…ဣရခံ…"

ကိုညွှပ်က ဂါထာကို အောင်မြင်ကြီးမြတ်သည့် လေသံကြီးနှင့် တိုင်တည်ရွတ်ဆိုနေလေတော့၏။

ဖယောင်းတိုင် မီးညွှန့်များက တစ္ဆေတစ်ကောင် ကခုန်နေသလို ဆိမ်းထိုးလှုပ်ရှားလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ…။

ဂါထာရွတ်ဆိုမှုကလည်း ထပ်ကာတလဲလဲ။

ကြောက်နေ၍လား၊ စိတ်ဆောက်တည်ရာမဲ့နေ၍လား တော့မသိ…မဖဲနီကို ပင့်ဖိတ်သည့် ဂါထာကို ဟန်နေသာကြား နေမိသည်က အခုလို ဖြစ်နေ၏။

"ဉ…သွားခေါ်မစ္စာကျယ်…ဂန်ကျယ်…ချီးစော်နံ…ကျက်သမဲ
ချီးမစား ပတ်ပျိုး…သူခိုးကာရန်
မေထုန်ပွတ်ကြ…ညဘက်
ဆလံတ ငါကွ…ဘာရရ…လာဟ…လာဟ…ငါ့ ဖင်လှန်
ဖင်လှန်…ဖင်လှန်…ချီးစော်နံ…တာတေလံ
ပြဿနာအိုး တုတ်ထိုး…အဟောသိကံ
နင်ခံ…နင်ခံ…အခုခံ…"

ထိုစဉ် Blood Moon ဖြစ်နေသည့် 'လ'မှာလည်း တိမ်အမည်းတွေကြား ရောက်ရှိသွားလေပြီ။

"ရွတ်…"

လေကြမ်းတစ်ချက် ဆောင့်အတိုက် ဖယောင်းတိုင်မီး အားလုံး ငြိမ်းသတ်ကာသွား…။

"မဖဲနီလာပြီ…"

ကိုညွှပ်အသံက သိသိသာသာ တုန်ယင်နေလေပြီ။

ပတ်ဝန်းကျင်က မှောင်အတိ…။ အဝေးဆီမှ အပုပ်နံ့လိုလို လှိုင်လှိုင်ထွက်နေပြီး အရိပ်မည်းကြီးတစ်ခု လှုပ်လှုပ် လှုပ်လှုပ်နှင့် ရွေ့လျားလာလေပြီ။

"မေ ထုန်ပွတ်ကြ…ညဘက်…ဆလံတ…ငါကွ…
ဘာရရ…လာဟ…လာဟ…ငါ့ဖင်လှန်…"

တော်ပါတော့ ကိုညွှပ်ရယ်။ ခင်ဗျားကလည်း ဒါ့ရှည်းပဲ…။

ဟိုက အရိပ်မည်းကြီးကလည်း ရှစ်ရှစ်နဲ့ နီးနီးလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မေထုန်ပွတ်ကြ··ညဘက်···ဆလံတ··ငါ့ကွ···
ဟန်····ဟန်···ဟန်နေသာ···"

ရုတ်တရက်ဆိုတော့ သူကြောင်သွားရလေပြီ။ သူ့ဂါထာထဲမှာ ကိုယ့်နာမည်ပဲ ထည့်ရွတ်လိုက်လေသလားပေါ့။

သူက သေရေးရှင်ရေးတွေ့နေရင်တောင် သူ့ကို စကားမပြောပါနဲ့ မှာထား၍ ကိုယ့်မှာလည်း တုပ်တုပ်ပင်မလှုပ်ရဲ။

"ဟန်···ဟန်နေသာ··ဟန်နေသာ···ဆို···"

"ဟောဗျာ···ခေါ်တာလား···"

"မင်းမခေါ်လို့ ဘယ်သူ့ခေါ်ရမှာတုံး···"

"ခင်ဖျားပဲ စကားမပြောနဲ့ဆို··"

"စကားကို ကပ်ပြောမနေနဲ့···ငါ···ငါတို့ အခြေအနေ ကောင်းဘူး··"

"ဟင်···"

"ငါ···ဂါထာ···ဂါထာ···တစ်ဝက်မှာ မေ့နေပြီ··"

"ဟောဗျာ···"

ထင်တော့ ထင်သား···။

လာဟ··လာဟ··ငါ့ဖင်လှန်မှာ ထစ်နေပါတယ်လို့။

ဟန်နေသာ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်ရင်း···

"ခင်ဗျားပြောတော့ ခင်ဗျား ဂါထာက စွမ်းတယ်ဆို"

"စွမ်းတာက စွမ်းတယ်။ ဒါပေမယ့် အဲဒါက ငါ နေ့ခင်းဘက် ပြောတဲ့စကားလေ"

"ဟင်···"

"ငါစကားပြောရင် နေ့ခင်းဘက်ပြောတာမယုံနဲ့··· ညဘက်ပြော တာယုံ"

"ဘာ ···"

ဖြစ်ရလေ··နိုင်ငံကျော် စာရေးဆရာ ဂမ္ဘီရဆရာကြီးရဲ့။

ပတ်ဝန်းကျင်အနေအထားကလည်း ကြောင်စုန်းအော်သံ၊ ခွေးအူသံ၊

www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်လေတိုးသံတွေနဲ့…

"ဂါ…ဂါထာက တစ်ဝက်တစ်ပျက်နဲ့…သ…သရဲတွေ စိတ်ဆိုး ကုန်ကြပြီ ထ…ထင်တယ်…"

"အဲ..အဲဒီတော့ ဘာလုပ်ရမလဲဟင်…"

"ပြေးရမှာ.."

"ဟင် …"

"ပြေး … …"

"အား … …"

မှန်၏။

နှစ်ယောက်စလုံး သင်္ချိုင်းကုန်းကနေ ခုနစ်သံချီပြီး ခွေးပြေး ဝက်ပြေး ထွက်ပြေးလာခဲ့ကြသည်။ ပုဆိုးလည်း ကျွတ်ကျခဲ့လေပြီ။ လိပ်ပြာပင် လွင့်မကျန်ခဲ့သည်က ကံကောင်း။

တကယ့်တကယ် သူတို့နှစ်ယောက် သိမသွားခဲ့ကြရသည့် အဖြစ် ကတော့ အပုပ်နံ့တွေ လှိုင်ထွက်လာခဲ့သည်ကလည်း ဟုတ်၏။ သူတို့ဆီသို့ အရိပ်မည်းကြီး တလှုပ်လှုပ် ရွေ့လျားလာခဲ့သည်ကလည်း ဟုတ်၏။ သို့သော် သူတို့ထင်သလို သင်္ချိုင်းစောင့်မလေး မဖဲနီတော့ဖြင့် မဟုတ်..။

ဖြစ်ပုံက ဒီလိုပါ….

ဟန်နေသာ နောက်သို့ အမြဲနောက်ယောင်ခံလိုက်နေသည့် ရဲဗိုက်ပူမှာ အဲဒီည ဆယ့်နှစ်နာရီခန့်က သင်္ချိုင်းကုန်းသို့ ရောက်ခဲ့ပြီး အုတ်ဂူ တစ်ခုကို အကာအကွယ်ယူကာ ကြည့်ရှုချောင်းမြောင်းခဲ့လေသည်။

သို့သော် ရဲဗိုက်ပူခမျာမှာလည်း အသည်းတော့ဖြင့် ငယ်တတ်၏။

ဒဿဘူဗ္ဗာမှာ အမည်းသားအစိမ်းတွေနဲ့ရော၊ အထက်စင်စတွေ နဲ့ပါ ပေါက်တတ်ကရတွေ လျှောက်လုပ်နေစဉ် ရဲဗိုက်ပူခမျာမှာလည်း ကြောက်လွန်း၍ ဒူးတဆတ်ဆတ်တုန်နေလေပြီ။

သွေးရောင်လွှမ်းနေသည့် လကလည်း တိမ်တိုက်တွေ ကြားရောက် အသွား၊ ကိုညပ်ထွန်းထားသည့် ဖယောင်းတိုင်များကလည်း လေအတိုက် မီးငြိမ်းစဉ် ခွေးအူသံ၊ ကြောင်စုန်းအော်သံ၊ ညောင်ရွက်တွေ တရှဲရှဲ

www.burmeseclassic.com

www.burmeseclassic.com



အော်မြည်သံတို့ကြောင့် တရားခံဟု ယူဆရသူနှစ်ဦး(လူဆိုလို့လည်း သချိုင်းကုန်းမှာ ဒင်းတို့နှစ် ကောင်ရှိတာကိုး)ဆီ သွားရောက်ပူးပေါင်းရန် အမှောင်ကြား စမ်းတဝါးဝါး သွားမိခဲ့ခြင်းသာ ဖြစ်လေ၏။

ဒီကြားထဲ အမှောင်ထဲ မမြင်မကမ်းနဲ့ ပုပ်ပွနံဟောင်နေသည့် အရိုက်ပုံတစ်ခုဆီ တည့်တည့်တိုးမိခဲ့ပြန်သေးသည်။

“သရဲ･･･သရဲလာနေပြီ･･･ပြေးပြေး･･”

“ဟင်･･･အား･･･အား･･”

“အား･･･အား･･･ အား･･･”

ဂျီအီး ဂျီလန့်ဆိုတာ ဒါမျိုးပင် ဖြစ်မည် ထင်ပါ၏။

ရဲဗိုက်ပူမှာ အမှောင်ကြား တရွေ့ရွေ့တိုးသွားစဉ် သံသယ ဖြစ်ဖွယ် ရှိသူ နှစ်ဦးမှ ‘သရဲလာနေပြီ’ဟု အသံနက်ကြီးနှင့် အော်ပြီးပြေးသဖြင့် ဗိုက်ပူလည်း ကြောက်အားလန့်အားနှင့် ထွက်ပြေးခဲ့ရလေသည်။

တကယ်တော့ သရဲဆိုသည်မှာ သူ့ကို ရည်ညွှန်းပြီး ဟိုနှစ်ကောင် ကြောက်ကြောက်နှင့် ပြောပြီးပြေးခဲ့မှန်း ရဲဗိုက်ပူ မသိခဲ့ရရှိးအမှန်ပါပေ။

သိများ သိခဲ့မည်ဆိုပါကလည်း ရဲဗိုက်ပူအတော်ကလေး ခံစားရ သိမ့်မည်ထင်ပါ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 10 )

ဒီအဖြစ်အပျက်တွေ မဖြစ်ခင် ဟိုး…လွန်ခဲ့တဲ့ လအနည်းငယ်က ဖေ့(စ်)ဘုတ်မှာ လူငယ်လေးတစ်ဦး ဟော့(ထ်) ဖြစ်ခဲ့ဖူးသည်။

သူက နာမည်ကောင်းနှင့်ကျော်ကြားခဲ့သူတော့ မဟုတ်။

ဟန်ဆောင်ဖုံးကွယ်ထားသည့် မျက်နှာဖုံးကြီး 'ဘွား' ကနဲ ကွာကျခဲ့ရပြီး ပိုင်းလုံးချူဆီ တစ်ယောက်အဖြစ် သောက်ရှက် ဗျန်းဗျန်း ကွဲကာ ကျော်ကြားခဲ့ရခြင်းဖြစ်လေသည်။

ဖြစ်ပုံက ဒီလိုပါ။ ဖေ့(စ်)ဘုတ်မှာ ဆယ်လီ(ကျော်ကြားသူ)တွေ အတော်များများ ရှိသည်မဟုတ်ပါလား။ တချို့ကလည်း ထိုသို့ ကျော်ကြားသူများကို စတော်(စတော်ဘယ်ရီ)ဟု ခေါ်ကြ၏။

ထားပါ။ သိန်းလင်းစိုးဆိုသည့် ငတိလေးကလည်း ထိုသို့ စတော် တစ်ယောက်ပင်။

လူက ပိုးဟပ်ဖြူလို နွဲ့နွဲ့နှောင်းနှောင်း ဖြူဖြူပါးလျလျ။ ဆံပင်ပုံစံ ကလည်း ခုခေတ်ပေါ်ဆံပင်ပုံစံအတိုင်း ခွဲကြောင်း(စစ်ကြောင်း) မရှိဘဲ ဘယ်ဘက်ကနေ ညာဘက်ကို ဂျယ်လီအားကိုးနဲ့ စောင်းငမ်းငမ်း (မျက်လုံး တစ်ဖက်ဖုံး)ထားသည့် စတိုင်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေကလည်း ခုခေတ်ကောင်မလေးများ အကြိုက် ညည်လဲဝတ်နိုင်ပြီး၊ selfieပုံများ(မိမိဘာသာ မိမိဖုန်းနှင့် ဓာတ်ပုံရိုက်ယူခြင်း) တင်ရင်းကနေ နာမည်ကြီးလာသူ။

အံမယ်…။ သူကလည်း နယ်နယ်ရရတော့ မဟုတ်။

သူ့ရဲ့ ဖွဘုတ် စာမျက်နှာမှာ…

"broတင်းလာပြီနော်…။ ဘာမှတ်နေလဲ"ဆိုတဲ့ စတေးတပ်လေး တစ်ခု တင်လိုက်ရုံနဲ့ တစ်နာရီအတွင်း Like ခြောက်ရာလောက် တက်ကာ sharing (မျှဝေသူ)ပေါင်း သုံးရာလောက်နှင့် တာသွားနေတဲ့သူ…။

"စေ၃၄ တို့ ဘရိုကို ခင်သေးရဲ့လား"..တို့၊

"ဗိုက်ဆာတယ်ကွာ…"…တို့၊

"ခင်သေးရင် မနိ့သွားကြဦးလေ…"တို့။

"လက်မလေးတွေ ထောင်ပြပါဦး.."တို့ အစရှိသဖြင့် ဘာတွေ နေ့မသိ တောင်စဉ်ရေမရ အလေနတောတွေ တင်ရင်း ကျော်ကြားလာတဲ့သူ။

အဲဒီမှာတင် သိန်းလင်းစိုးကို ခင်ချင်၊ တွဲချင်တဲ့ အချဉ် မလေးတွေ က အော်တိုမက်တစ်ပေါ်လာပါရော။

သိန်းလင်းစိုးတစ်ယောက်လည်း ကောင်မလေးများစွာနှင့် တွဲရင်း တွဲရင်းကနေ၊ စတော်ကနေ ဓာတ်ရှုပ်၊ ဓာတ်ရှုပ်ကနေ ချီးထုပ်၊ ချီးထုပ်ကနေ ဘဖြည်းဖြည်း ပိုင်းလုံးချူဆီ တစ် ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရလေတော့၏။

ဖြစ်စကတော့ ဖုံးဖုံးဖိဖိပင်…

ပိုက်ဆံချမ်းသာသည့် မိန်းကလေးတစ်ယောက်နှင့် တွဲမည်။ selfie ကြမည်။ wallမှာ တင်ကြမည်။ "note 3 လေး လိုချင်လိုက်တာကွာ။ အောင့်မှာ ပိုက်ဆံက မရှိဘူးရယ်"လို့ တော်ကီတွေပွား၊ အကွက်တွေဟာ ညည်းစားတွေက ဝယ်ပေး။ ငါးစိမ်းတွေ့တော့ ငါးကင်ပစ်…။ သူ့ဟာနဲ့သူ တော့ ဟုတ်လို့…။

တစ်ရက်ကျတော့ သိန်းလင်းစိုး ဖြတ်ခဲ့တဲ့ ရည်းစားရဲ့ သူငယ်ချင်း ဖြစ်သူက သိန်းလင်းစိုးကို chat box ကနေ ဆက်သွယ်ရင်ဖွင့်ပါ၏။

ကလေးမလေးက အသည်းကွဲနေသည့် သူမရဲ့ သူငယ်ချင်းမလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် မခံမရပ်နိုင်ဖြစ်နေသူ မဟုတ်ပါလား။

"ပန်းနုကို အပြစ်မရှိပါပဲ broဖြတ်ပစ်လိုက်တာတော့ အရမ်းလွန်တယ်"

"ဟ..ဟ...။ မင်းက ဘယ်သူလဲ..."

"ပန်းနု သူငယ်ချင်း မစ်ကီ..."

"ဪ...ဪ...မင်း သူငယ်ချင်းက ငါ့ကို သူဌေးသမီး ဟန်ဆောင်ပြီး တွဲခဲ့တဲ့အပြစ်ကိုလည်း ထည့်ပြောဦးလေ"

"သူ broကို ချစ်လို့ နီးစပ်အောင် ကြံခဲ့တာပဲဟာ"

"အေး..ငါ့ဘဝမှာ အကြံခံရတယ်ဆိုတဲ့ ထုံးစံမရှိဘူး။ ကိုယ်က ကြံခဲ့တာပဲရှိတယ်"

"broမှာ ညီမ၊ အစ်မ မရှိဘူးလား၊ မရှိရင် အမေတော့ ရှိမှာပေါ့နော်"

"ရိုသလို ထေ့သလို လာမလုပ်နဲ့နော် မိန်းကလေး။ မင်းပါ block ခံရမယ် သတိထား.."

"broစကားပြောရင့်လှချည်လား။ ပန်းနုအခု ဘယ် ရောက်နေလဲ သိလား။ ဆေးရုံမှာ..။ သိရဲ့လား...။ ဆေးရုံမှာ..."

"မသိဘူး...အေး။ စကားပြော ရင့်တာကတော့ မွေးရာပါ အားနည်းချက်ပဲ။ လုပ်ရပ်တွေလည်း ရင့်တယ်နော်...။ ငါနဲ့ ချစ်သူဖြစ်တဲ့ မိန်းကလေးတိုင်းက ငါ့ကို စပွန်ဆာပေးကြရတယ်။ ခု ငါနေတဲ့ တိုက်ခန်း...အေး...အဲဒီ တိုက်ခန်းကလည်း အမေရိကားက ငါနဲ့ အွန်လိုင်းပေါ်ကနေ ကြိုက်နေတဲ့ ကောင်မလေး စပွန်ဆာပေးထားတာပဲ"

" :( "

"ခု...ငါကိုင်နေတဲ့ I phone 6။ အဲဒါလည်း မိုးကုတ် သူဌေးသမီး တစ်ယောက် ဝယ်ပေးခဲ့တာပဲ"

" :( "

"ငါ...ခုလို ပေါပေါသီသီ သုံးနိုင်နေတဲ့ ပိုက်ဆံ။ အေး..အဲဒါလည်း တောင်ကြီးက ဝိုင်လုပ်ငန်းရှင်တစ်ယောက်ရဲ့သမီးက ထောက်ပံ့ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားတာပဲ။ သိန်းလင်းစိုးဘဝမှာ ကိုယ်က ရင့်ခဲ့ကြောခဲ့တာချည်းပဲ။ အေး. . .။ ငါဘယ်သူကိုမှ စ မကြိုက်ခဲ့ဘူးနော်။ ကိုယ့်ကိုချစ်ချင် ကြိုက်ချင်လို့ ရောက်လာတဲ့ မိန်းကလေးတွေကိုပဲ ခေါင်းခေါက်စဉ်းစားခဲ့တာချည်းပဲ။ ခင်းရဲ့ သူငယ်ချင်း ပန်းနုကမှ လူလိမ်မ။ သူဌေးသမီးလိုလို ဝန်ကြီးသမီးလိုလိုနဲ့ ငါနဲ့စဒိတ်တုန်းက စီဒိုးနားက စားသောက်ဆိုင်မှာ ငါချိန်းတာ။ ဗိုက်ဆံရှင်းခါနီးတော့ toilet ဆိုပြီး ခဏထွက်သွားတယ်။ ငါက ပြောတယ်။ အွန်လိုင်းမှာ ငါကြိုက်နေတဲ့ Levis ဂျင်းဘောင်းဘီ သုံးသိန်းတန်ကို ဝယ်ပေးဖို့။ ဝယ်ပေးမယ်ပြောပြီး ကတိပျက်တယ်။ ပြီးခဲ့တဲ့ ငါ့မွေးနေ့ပွဲ။ ပြောတော့ သူကပဲ စပွန်ဆာပေးတော့မှာလိုလိုနဲ့ တကယ့်တကယ်ကျတော့ အရှုံးကွက်နင်းပြီး ရှောင်နေလို့ ငါ့မှာ ရွှေတောင်ကြားက သူဌေးသမီးကို အသည်းတော်ကီပွားပြီး လုပ်ခိုင်းလိုက်ရတယ်”

“.................”

“................”

“................”

တစ်ဖက်က ကောင်မလေးဘက်မှ ဘာခွန်းတုန့်ပြန်မှုမှ မရှိတော့။ သိန်းလင်းစိုးမှာလည်း ကိုယ်ပြောချင်တာတွေ ပြောလိုက်ရ၍ ပေါ့ထွက်သွားသည်။

Public(အများသူငါ မြင်သည့်နေရာ)မှာ မပြောဘဲ တစ်ယောက်တစ်ယောက်ချင်းသာ မြင်နိုင်သည့် chat box မှ ပြောလိုက်၍ အစွယ်အရွေးဖွေး ထုတ်ပြဖြစ်လိုက်သည်။

လူလည်ကြီး သိန်းလင်းစိုး တစ်ကွက်ဟာသွားသည်က သူ chat box မှာ ပြောခဲ့သော စကားများကို screen shot ရိုက်ပြီး (ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း) တစ်ဖက်မိန်းကလေးက ပွဲဆူအောင် လုပ်လို့ရခြင်းကို တော့ဖြင့် သူမေ့လျော့ခဲ့ရလေသည်။

ပညာရှိ သတိဖြစ်ခဲဆိုသလို ပညာရှိကြီး သိန်းလင်းစိုး တစ်ချက်ငိုက်မိခဲ့လေပြီ။

သိပ်မကြာ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဖေ့(စ်)ဘုတ် လောကကြီးတစ်ခုလုံး မစ်ကီ screen shot ရိုက်ပြီး တင်လိုက်သည့် သိန်းလင်းစိုး၏ အစွယ်တဖွေးဖွေး စကားများ ပျံ့နှံ့သွား ရလေပြီ။

ထို စတေးတပ်ကို comment(မှတ်ချက်ပေးသူပေါင်း) တစ်သိန်း ကျော်၊ လိုက်(ခ်)လုပ်သူပေါင်း နှစ်သိန်းကျော်နှင့် sharing(မျှဝေသူပေါင်း) ရှစ်သောင်းကျော် ရှိလာ၏။

"'သိန်းလင်းစိုး သုတ်သင်ရှင်းလင်းရေး' ဆိုသည့် group တွေ 'ဘနဖူးသိုက်တူး သောက်ရူးသိန်းလင်းစိုး' ဆိုသည့် page တွေ အလျှိုလျှို ပေါ်လာကာ၊ ပိုင်းလုံးချူဆီ ကိစ္စရပ်များနဲ့ပတ်သက်ပြီး သိန်းလင်းစိုးကို troll (လှောင်ပြောင်ကြ)၊ me me (ခတ်ပုံဟာသ)လုပ်ကြနှင့် အနိ သိန်းလင်းစိုးခမျာမှာလည်း ဖေ့(စ်)ဘုတ်လောကကြီးကနေ Deactivate သွားလေတော့၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 11 )

"ဒုန်း...ဒုန်း...ဒုန်း...ဒုန်း..."

"ဒုန်း...ဒုန်း...ဒုန်း...ဒုန်း..."

"လာပြီ..လာပြီ.."

အိမ်တံခါးကို အမီအပြင် ထုနှက်နေ၍ ဟန်နေသော ဒေါသဖြစ်ဖြစ်၊ အိမ်ချင်မှူးတူးနှင့် ကုတင်ပေါ်က ဆင်းလာခဲ့ရလေ၏။

ပိုင်စိုးပိုင်နက်နဲ့ အိမ်တံခါးကို ခပ်ပြင်းပြင်းခေါက်နေတာ ဘယ်သူများပါလဲ။ ကိုညွှပ်လား...။ ရဲလား...။

ကိုညွှပ်ဆိုတာလည်း သင်္ချိုင်းကုန်းညက ပေါက်တတ်ကရ အလွဲအချော်တွေ ဖြစ်ပြီးကတည်းက အမြီးအမောက်တောင် မတွေ့ရတော့။ အရင်တုန်းကမှ ဈေးကနေ နှင်းဆီပန်းသုံးပွင့်ဝယ်ပြီး အိမ်ရှေ့က ဖြတ်ဖော်သေးသည်။ ခုတော့ အဲလို ဖြတ်သွား ဖြတ်လာလုပ်ခြင်းပင် မတွေ့ရတော့။

သူ့ဇာတ်သူမနိုင်တာ လူသိပြီး ရှက်ကာ တခြားလမ်း ကြောင်းပြောင်းသွားနေသည် ထင်ပါ့။ သြော်...လူတွေ..။ ရယ်လည်း ရယ်ချင်စရာ။

ဟန်နေသော တံခါးကို ဖွင့်လိုက်တော့ သစ်လွင်တောက်ပနေသည့် ချောချောလှူငယ်လေးတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ဒင်းက ပြုံးပြ၏။ ကိုယ်ကတော့ သူ့ကို မသိ။

စိတ်ရှုပ်နေတုန်း ညှော်သည်ရောက်လာ၍ ဒေါသပင် ထွက်နေသေး၏။ သူကြည့်ရတာ အိမ်မှားပြီး တံခါးလာခေါက်သည့် ညှော်သည် ဖြစ်ပုံရသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့တုန်း..."

"ခင်ဗျားနဲ့..."

"ဟင် ..."

"သိပ်အံ့သြသွားသလား...အဟင်းဟင်း..."

ငတိက နေကာမျက်မှန်ကြီးကို ချွတ်ကာ နှုတ်ခမ်းကို စုစုလေး လုပ်ပြီး မိုက်ကန်းကန်းလေး ပြုံးပြ၏။ ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ခွေးကိုတောင် သူ လွမ်းချင်သလို ဖြစ်သွားသည်။

"နေစမ်းပါဦး...မင်းကို ငါ မြင်ဖူးသလိုပဲ..."

ဟုတ်၏။...ငတိချောချောလေးကို သူမြင်ဖူးနေသည်။ ရင်းရင်း နှီးနှီးကို မြင်ဖူးနေ၏။ ဘယ်နေရာမှာမှန်းတော့ မသိ။

"ခင်ဗျား မှတ်ဉာဏ်ကောင်းသားပဲ။ ကျွန်တော့်ကို လူတွေက သိကြတယ်လေဗျာ။ ကျွန်တော်က ဖွဲ့ဘုတ်စတော်ပဲ ဟာ..."

"ဟင်... ဘာ..."

ချာတိတ်ကလေး စကားနှင့်ပင် သူ ထ,ခုန်မိမတတ် မြောက်တက် သွားရလေပြီ။ လေထဲ မြောက်တက်သွားပြီး ခဏ၊ သူ့ခြေထောက်များက မြေကြီးနဲ့ စအထိမှာပင်...။

"သိန်း...လင်း...စိုး..."

သူ အကျယ်ကြီး အော်ပစ်လိုက်မိလေတော့၏။

မှန်သည်။

သိန်းလင်းစိုးမှ ...သိန်းလင်းစိုး အစစ်။ ဖွဲ့ဘုတ်ပေါ်က ပိုင်ဆိုး ချူဆီ စတော်မင်းသား။ သူ့သောက်ကျင့် လူများသိသွား၍ လအတော်ကြာ 'D' (အကောင့်ခေတ္တပိတ်သိမ်း)ပြီးကာမှ...

ယခုတော့ ဟန်နေသာအိမ်ရှေ့ ဘွားကနဲ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟား···။ ဘာကိစ္စလဲ···။ ဘာကိစ္စလဲ····။

ပြဿနာလား။ ချိုးထုပ်လား။ ပြာကိုင်ပြီ။ မြွေကိုင်ပြီ။ နားကားပြီ။ မျိုးကန်းပြီ။ စမုံတုံးလေပြီ။

"မင်း···မင်း···မင်း···ဖွဘုတ်ပေါ်က ပိုင်းလုံး။ ချူဆီ။ ရှန်ကြောင်ကောင် မဟုတ်လား"

ဘယ့်နှာကြီးတုံး။ ကိုယ်နဲ့လည်းမခင်။ အပြင်မှာလည်း မသိနဲ့။

"ငါ့ဆီ··ငါ့ဆီ···ဘာလာလုပ်တာတုံး··"

"ငွေလာညှစ်တာ···"

"ဘာ ··· ···"

ဟန်နေသာ ခေါင်းနပန်းကြီးသွားရလေပြီ။ နေစမ်းပါဦး··။ ဒီကောင်က မိန်းကလေးတွေကို အဓိက ပစ်မှတ်ထားပြီး ငွေညှစ်တတ်သူပါ။

ခု···ကိုယ့်ကို ငွေလာညှစ်တယ်ဆိုတော့ ဒီကောင် ကိုယ့်ကို များ···။ ဟင်····

"နေပါဦး··ငါ···ငါက ဟိုမို(ယောကျ်ားချင်း စိတ်ဝင်စားသူ) မဟုတ်ဘူးနော်။ ဒါမှမဟုတ် မင်း လိုင်းကြောင်တာတွေများပြီး ဂေး ဖြစ်သွားတာလား"

"ဂေးသင့်ရင်လည်း ဂေးရမှာပေါ့ဗျာ···ခုတော့ ကျော် (ကျွန်တော်) ဂေးမဟုတ်သေးပါဘူး···။ ဒီလိုဗျ···"

"အင်း···လုပ်စမ်းပါဦး···ဘယ်လိုတုံး···"

"ကျော်(ကျွန်တော်) ဖေ့ဘုတ်မှာ လုပ်စားလို့ မရတော့ဘူး··"

"အပြင်မှာ ကောင်းရောင်းကောင်းဝယ် လုပ်စားလေ··"

"အဲဒါ ဦးနှောက်မရှိတဲ့သူတွေရဲ့ အလုပ်ပါ။ ကျော်ကတော့ အရိုန်းကို သုံးပြီးပဲ အေးရာအေးကြောင်း လုပ်တတ်တယ်။ ဘဲကြီး···ကျော် ငွေလိုနေပြီဗျ···"

"အေးလေ···အဲဒါနဲ့ပဲ ငါက ထုတ်ပေးရမှာလား··ငါတောင် မီဘာလက်ဝါးဖြန့်ပြီး သုံးနေရတာ"

"စကားတွေ ပြောရတာ မောပြီဗျာ···။ ဟောဒါ ဘာလဲ···"

www.burmeseclassic.com



သိန်းလင်းစိုးက သူ့အင်္ကျီအိတ်ထောင်ထဲက တစ်စုံတစ်ရာကို ထုတ်ပြလေ၏။

ဟန်နေသာ တစက္ကန့်အတွင်းမှာပင် ဖြုံထွက်သွားရလေပြီ။

သိန်းလင်းစိုး…သိန်းလင်းစိုး…။

ဒီ ဗျူဟာတွေကြောင့် ဒီကောင် ဒီလောက်နာမည်တွေ ကြီးနေတာ ကိုး။

ပိုင်ပါ့ကွာ။ အညာကို ဆွဲကိုင်ပြီး ခါယမ်းပစ်လိုက်တဲ့ အတိုင်းပါပဲ။

ဟန်နေသာမှာ စောနတုန်းကလို စကားတွေ ဟောင်ဖွာ ဟောင်ဖွာ မပြောတော့ဘဲ တစ်ခွန်းသာ ပြောလိုက်လေတော့၏။

"ဟိတ်ကောင်…မအေပေး…လာ‥အထဲဝင်…အထဲရောက်မှ တိုးတိုးတိတ်တိတ် ဆွေးနွေးကြတာပေါ့‥"

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 11-a )

"မင်း ဒါ ဘယ်က ရလာတာလဲ…"

"ညဘက်ကြီး၊ တစ်နေရာရာကပဲ။ အတိအကျတော့ မမှတ်မိတော့ဘူး။ ကျော်လည်း အဲဒီတုန်းက ကလပ်ကအပြန် မူးနေတာဆိုတော့…"

သူ ခေါင်းတစ်ညိတ်ညိတ် လုပ်နေမိ၏။

သူ့ လက်ထဲ ရောက်နေသည့် ပစ္စည်းကတော့ မျက်နှာပြင်ကြေမွနေသည့် မိုဘိုင်းဖုန်းတစ်လုံးပါ။

ပိုပြီး တိတိကျကျ ပြောရလျှင် သေသွားတဲ့ ချမ်းမြေထွန်းရဲ့ ကြမ္မာငင် မိစ္ဆာတယ်လီဖုန်း။ ဒီဖုန်းက လူသတ်မှုမှာ အဓိက သက်သေ။

အဲဒီသက်သေက ရဲလက် မရောက်ဘဲ ပိုင်းလုံးကောင်ရဲ့ လက်ထဲ ဘယ်လိုကနေ ဘယ်လို ရောက်သွားပါလိမ့်။

လူသတ်မှုနဲ့ပတ်သက်ပြီး အဲဒီဖုန်းအကြောင်း တွေးမိတိုင်း သူ စျောစိမ့်နေခဲ့တာလည်း ကြာပြီ။ ဒီဖုန်းကို တွေ့တာနဲ့ လူသတ်မှုရဲ့ အွင်းဆက်တော်တော်များများ ဖော်ထုတ်နိုင်တော့မည် မဟုတ်ပါလား။

ခုတော့ ဒီဖုန်းက ဆိုက်ဆိုက်မြိုက်မြိုက် ဆိုသလို သူ့ လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့လေပြီ။ အကောင်းလို့တော့ မထင်။

"ကဲ..ဟုတ်ပြီလေ။ မင်း ဘာဖြစ်ချင်တာလဲ။ ငါ ဘယ်လိုလုပ်ပေးရမှာလဲ။ အေးအေးဆေးဆေးညှိကွာ..."

"ဒီဖုန်းကို မြင်တာနဲ့ အထဲမှာ ဘာ data(အချက်အ လက်)ပါလဲဆိုတာ ခင်ဗျားသိမှာပါ။ မသိလည်း ဖွင့်ကြည့်ဗျာ။ ဟောဒီမှာ..."

ငတိက ချေမ်းရိုက်ခဲ့ဖူးတဲ့ HD file ကို ဖွင့်စဉ် သူချက်ချင်းပိတ်လိုက်၏။

"သိပြီ...။ ငါ ဒီလောက်ဆို သိပြီ.."

လက်စသတ်တော့ ချေမ်းရဲ့ မအောင်မြင်လိုက်တဲ့ ဗျူဟာကို သိန်းလင်းစိုးက ဆက်လက်အကောင်အထည်ဖော် လိုက်တာကိုး..။

ချေမ်းက အရှက်ခွဲလိုမှု သက်သက်နဲ့ ဒီဗီဒီယိုဖိုင်ကို အွန်လိုင်းမှာဖြန့်ချင်ခဲ့သည်။ ခု သိန်းလင်းစိုးကတော့ ငွေညှစ်လို၍ အကျပ်ကိုင်လိမ့်မည်ထင်၏။

"ဒီဖုန်းထဲမှာ ခင်ဗျားနဲ့ ခင်ဗျားချစ်သူ ချစ်ရည်လူးနေတဲ့ဗီဒီယိုဖိုင်ပါတယ်။ ကျွန်တော် အဲဒီဖိုင်ကို အိမ်က ကွန်ပျူတာထဲမှာ ကော်ပီလုပ်ပြီးပါပြီ။ ဒီတော့ ကျွန်တော်ပြောချင်တာက ကျွန်တော့်ကို ခင်ဗျားနှုတ်ပိတ်ခ ပေးနိုင်မလား..။ မပေးနိုင်ရင် ကျွန်တော် ဒီဖိုင်ကို အွန်လိုင်းပေါ်တင်ရလိမ့်မယ်။ ကျော့်စကားတွေ သိပ်ကြမ်းတမ်းသွားရင် ခွင့်လွှတ်ပါဗျာ..နော် ချစ်ကိုကြီး..အရင်လို ဖွဘုတ်မှာ မျက်နှာလေးတင်ပြီး လုပ်စားလို့ကလည်း မရတော့လို့ပါ.."

သူ တံတွေးတစ်ချက် မျိုလိုက်ရင်း သိန်းလင်းစိုးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

တကယ်တော့ ဟန်နေသာမှာ weak point (အားနည်း ချက်) နှစ်ခုရှိမှန်း ဒီကောင် သိသေးပုံမပေါ်။

တစ်ခုက ဗီဒီယိုဖိုင်ကိစ္စ။ နောက်တစ်ခုက နာမည်ကျော် နားရွက်ဖြတ် လူသတ်မှု။

ဒီကောင်ကို ကြည့်ရတာ ဒီတယ်လီဖုန်းပဲ လူသတ်မှုရဲ့ အဓိက

www.burmeseclassic.com



သက်သေမှန်း လုံးဝ ရိပ်မိသည့်ပုံတော့ မဟုတ်။ သိရင်တော့ သူညစ်မည့် ငွေပမာဏက နှစ်ဆ၊သုံးဆခန့် များသွားနိုင်ပုံရ၏။

ဘယ်လိုပဲဖြစ်ဖြစ် ဒီတယ်လီဖုန်း ကိုယ့်လက်ထဲပြန် ရောက်လာရန် သူညစ်သည့် ငွေပမာဏကိစ္စကို ညှိညှိနှိုင်းနှိုင်း လုပ်ပေးလိုက်နိုင်မှ တန်ကာ ကျချေလိမ့်မည်။

"နေပါဦး‥ငါ သိပ်မရှင်းတာ တစ်ခု မင်းကို မေးရဦးမယ်"

"မေးပါ…မေးပါ…"

"မင်းက ဒီဗီဒီယိုဖိုင်ကို ကြည့်လိုက်တာနဲ့ ငါမှန်း ဘယ်လိုလုပ် သိလဲ။ နောက်ပြီး ငါ့ အိမ်လိပ်စာကိုရော ဘယ်လိုလုပ်သိ သွားတာလဲ…"

"ဒါလား…အဟွန်း‥အဟွန်း…ခင်ဗျားနဲ့ ကျွန်တော်က ဖွဘုတ်မှာ friend တွေလေ…"

"ဟင် … "

ဟန်နေသာ ခေါင်းကုတ်သွားရလေပြီ။

သူက ကိုယ့်ကို ဖေ့ဘုတ်မှာ friend request တော့ ပို့မည့်ပုံမပေါ်။ ဒါဆို ကိုယ်က သူ့ကိုစပြီး add လိုက်မိလေသလား။ အဲဒီတုန်းက ဒီကောင့် သတင်းတွေက သိပ်ဟော့နေလို့ သူ့စာမျက်နှာ(wall)ကို ခဏ၊ခဏ သွားကြည့်မိသည်။ နောက်တော့ noti(ထူးခြားအကြောင်းအရာ) ဖတ်လို့ရ၍ သူ့ကို follow လုပ်ထားခဲ့မိသည် ထင်သည်။ ခုတော့ ကိုယ့်အတစ် ကိုယ်စူးလေပြီ။

"အဲဒီတုန်းက ခင်ဗျားက ကျူပ်ကို ဖွဲ့တဲ့ စတေးတပ်တွေ တင် တယ်"

"ငင်…"

"ခင်ဗျား ဓာတ်ပုံတွေကြည့်ပြီး ခင်ဗျား မျက်နှာလည်း မှတ်မိနေပြီ။ နောက်ပြီး တခါတလေ ခင်ဗျားတင်တဲ့ ဓာတ်ပုံတွေထဲမှာ ခင်ဗျားအိမ်လည်း ပါတယ်လေ။ Location ကို ဖတ်လိုက်တော့လည်း မရမ်းကုန်းတဲ့‥။ ဒါကြောင့် ကွင်းဆက်တွေကို မိအောင်လုပ်ပြီး အနံ့ခံလိုက်တာ‥"

"ဟာ… …"

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ချင်ဦးဟဲ့ သူများ။ တင်ချင်ဦးဟဲ့ ခတ်ပုံ။ ကြွားချင်ဦးဟဲ့ ကိုယ့်အိမ်။ ပြောချင်ဦးဟဲ့ လိပ်စာ။

ခုတော့ မိပြီ။

ကွိကနဲကို မိလေပြီ။

သြော်…ဖေ့ဘုတ်ဆိုတာ ကြွားဝါတတ်သူတွေအတွက် ထောင်ချောက်ကြီးတစ်ခုလိုပါလား။ ခြေရာခံရတာ လွယ်လှချည့် လားဗျာတို့ရေ…။

"အေး…အေး…ဟုတ်ပါပြီ။ ဟုတ်ပါပြီကွာ‥။ တကယ်ဆို မင်းက ပိုင်းလုံးမလုပ်ဘဲ ရှားလော့ဟုမ်းတို့လို လုပ်ရမှာ။ နာမည်လည်း ကြီးမယ်။ စော်တွေလည်း ကြွေနိုင်တယ်"

"စော်တွေကတော့ ကြွေလွန်းလို့ ခါချနေရတယ်။ ကဲ အိုကေ။ ခင်ဗျားသိချင်တာတွေ သိရပြီ မဟုတ်လား။ ကျွန်တော်တို့ ဈေးစကားပြောလို့ ရပြီလား"

"အေး‥ပြောကြတာပေါ့ကွာ…။ ပြော‥။ မင်း ဘယ်လောက် ညှစ်ချင်သတုံး…"

"ဆယ်သိန်း…"

"ဘာ …"

"ဆယ်သိန်း …ဆို‥"

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 12 )

ပြောရမည်ဆိုလျှင် အမေ့ရဲ့ မီးခံသေတ္တာက အတော်ကလေး ဈေးကျ၏။ မီးခံသေတ္တာကိုဖွင့်ရသည့် သော့တံမှာလည်း ဂွန္ထဝင်ရှေးဟောင်း နိုင်ငံခြားကားများထဲက ဇာတ်ဝင်ခန်းတချို့မှာ ပါလေ့ရှိသည့် သော့တံများ အတိုင်းပင်။

တကယ်တမ်း ပြောရလျှင် ဟန်နေသော့ဘဝမှာ ဒီသော့တံကြီးကို အယ်တုန်းကမှ ရည်ရွယ်ချက်ရှိရှိ ကိုင်မကြည့်ခဲ့ဖူးပါ။ ဆိုလိုသည်မှာ အမေ့ ပိုက်ဆံကို မီးခံသေတ္တာဖွင့် ခိုးရလောက်အောင်အထိ တစ်ခါမှ မမိုက်မဲခဲ့ဖူး။

အမေ ဈေးကအပြန် ဟိုနေရာတင် ဒီနေရာတင် တင် လေ့ရှိသည့် ပိုက်ဆံအခေါက်ထဲက တစ်ထောင်ခိုး နှစ်ထောင်ခိုးလောက်သာ သူက ရိုးရိုးသားသား ခိုးတတ်သူ။

ခုတော့ အမေ့ရဲ့ မီးခံသေတ္တာသော့တံအလေးကြီးကို ကိုင်ပြီး သူ့ရင်ထဲ ဆစ်ကနဲ နာကျင်နေမိသည်။

ပြောရမည်ဆိုလျှင် ချစ်သူကိုလည်း လွမ်းနေပြီ။ ဟို တစ်ခါ ချစ်သူဆီက ဖုန်းဝင်လာပြီးကတည်းက ဖုန်းကိုပိတ်ထားခဲ့ရာ ဒီနေ့အထိ ဖုန်းဖွင့်မပေးရသေး။ ချစ်သူသည်လည်း သူ့ကို ကောင်းလောင်းကြီး အထင်

www.burmeseclassic.com

www.burmeseclassic.com



လွှဲနေပေလောက်ပြီ။

"တကယ်ဆို မောင်က ယောကျာ်းလေး။ ဘာဖြစ်ဖြစ် ကိစ္စမရှိပါဘူး ပန်ရယ်။ အခုကိစ္စက ပန့်သိက္ခာနဲ့ပန့်ဘဝကို မောင် ကွယ်ရာကနေ ဘယ်လောက်အထိ ကာကွယ်ပေးခဲ့တယ်ဆိုတာ တစ်ချိန်ချိန်တော့ ပန် နားလည်လာမှာပါ.."

အရှုးတစ်ယောက်လို သူတစ်ယောက်တည်း တတွတ်တွတ် ပြောနေမိခြင်းပါ။

သူ ဝမ်းနည်းနေသည်။ အားလည်း ငယ်နေလေပြီ။

အမှားတစ်ခုကို စောင့်ဖမ်းပြီး နိုင်ကွက်ထောက်တတ်သူတွေ လောကမှာ အများကြီးပါလား။ ငချမ်း၊ သိန်းလင်းစိုး၊ နောက်...ဘယ်သူတွေ သူ ကြုံတွေ့လာရဦးမှာလဲ...

"ဂျက် ..."

မီးခံသေတ္တာ ပွင့်သွားရလေပြီ။ ငွေ တစ်ထပ်လိုက်ကို သူ အလွယ်တကူတွေ့မြင်လိုက်ရ၏။

"သိန်း နှစ်ဆယ်လောက် ရှိမယ် ထင်တယ်..."

မှန်သည်။ တစ်နှစ်စာ ကြိုတင် တိုက်ခန်းငှားထားသည့် ငွေများ အမေ သိမ်းထားပုံပေါ်၏။

သူဘာမှ စဉ်းစားမနေတော့ဘဲ တစ်သိန်းအုပ်ဆယ်အုပ်ကို ယူလိုက်၏။

"ခွင့်လွှတ်ပါ အမေ။ သား နွံနစ်မှန်းမသိ နစ်နေမိပြီ။ ဒီနွံကနေ လွတ်တာနဲ့ သား အရင်ကထက် ပိုလိမ္မာတော့မှာပါ။ အမှောင်ကို ခါးခါးသီးသီး ခံစားဖူးတဲ့သူမှ အလင်းရဲ့ အရသာကို သိတာလေနော် အမေရယ်။ သား ဘဝကို သားပြန် ပြင်ဆင်မှာပါ..."

ဘယ်သူကမှ ရိုက်မစစ်ရပါပဲ သူ ဖြောင့်ချက်ကောင်းကောင်း ပေးနေမိတော့၏။

အမေ...ဟုတ်တယ်။ အမေဟာ မုဆိုးမ။ မိုးခိုးတားထားရာမှာ မိန်းမသားတစ်ဦးလေ။ အမေ့ဆီက ငွေဆယ်သိန်း စခိုးဖို တဲ့နေ့ကျတော့

www.burmeseclassic.com



အမေ့ရဲ့ ဘဝကို ပြန်စဉ်းစားကြည့်မိတော့သည်။ တကယ်ဆို အမေဟာ ဖွင့်မပြောတာပဲ ရှိမှာပါ။ အရွယ်ရောက်လာပြီဖြစ်တဲ့ သားကိုတော့ အားကိုးချင်ရှာပေပေါ့။

ထိုစဉ် အိမ်ရှေ့ ပြတင်းတံခါးမှာ ရိပ်ကနဲ တွေ့လိုက်ရတဲ့ ပုံရိပ်တစ်ခု…။

"ဟင်…"

လှလိုက်တာ ပန်ရယ်။ ဇာအဖြူရောင် ဂါဝန်တိုတိုလေးနဲ့ ကျွန်တော့်ချစ်သူက သိပ်လှတာပဲ။

သူ ကျွန်တော့်ကြောင့် ဘယ်နှစ်ညလောက် အိပ်ရေးပျက်ခဲ့ပြီလဲ။ ကျွန်တော့်အကြောင်းတွေ ထိုင်စဉ်းစားရင်း ဘယ်နှစ်ကြိမ်လောက် မိုးအလင်းပေါက်ခဲ့ပြီလဲ။ သူ့ရဲ့ စိုးရိမ်စိတ်က ဘာလဲ‥။

အားလုံးသိတယ်။ မောင် အားလုံးသိပါတယ် ပန်ရယ်။ ပန်ရဲ့ သိက္ခာအတွက် ဖြေရှင်းစရာတွေ ပြီးတဲ့တစ်နေ့ ပန့်ရင်ခွင်ဆီ မောင် အပြေးပြန်လာမှာပါ။

ဒီနေ့ဟာ မောင့်အတွက် တကယ် ရင့်ကျက်စေတဲ့နေ့ တစ်နေ့ပဲ။ အမေ့ဆီက ဆယ်သိန်းခိုးခဲ့ရတဲ့ အကြွေးက မောင့်အတွက် သိန်းတစ်ထောင် သိန်းတစ်သောင်းမက တန်ဖိုးရှိပါတယ်။ တကယ်ပါ ပန်‥။

မေမေ့အတွက် သားလိမ္မာဖြစ်စေရမယ်။ ပန့်အတွက် ခင်ပွန်းကောင်းဖြစ်စေရမယ်။ မောင့်ကို ယုံကြည်ပါ။

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

ချစ်သူက အိမ်ရှေ့တံခါးအား လာခေါက်နေစဉ်။ သူကတော့ အိမ်နောက်ဖေး အရေးပေါ်ထွက်ပေါက်တစ်ခုကနေ တိတ်တိတ်ကလေး ထွက်ခွာသွားလေပြီ။

သူ့ရဲ့ ကျောပိုးအိတ်ထဲမှာတော့ ကျစ်ကျစ်ပါအောင် ထုပ်ပိုးထားသေတဲ့ ငွေဆယ်သိန်းထုပ် တစ်ထုပ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 13 )

ဒီနေရာအထိရောက်အောင် သူဘတ်(စ်)ကား အဆင့်ဆင့် စီးခဲ့ရ၏။ သူ အခုရောက်နေသည့်နေရာက မြို့အပြင် ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိ လမ်းကလေးတစ်လမ်းပေါ်မှာ…။

ရှေ့တူရူကို မျှော်ကြည့်လိုက်တော့ အိမ်အိုဟောင်းကြီးတစ်လုံး။ အဖြစ်အပျက်ကတော့ မြန်မာကားဆန်းဆန်ပင်။

"ဟိုကောင်…ဖေ့ဘုတ်ပိုင်းလုံးချိန်းတဲ့ အိမ်က အဲဒီအိမ်ပဲ ဖြစ်မယ် .."

မှန်၏။ ဒီနေ့က သိန်းလင်းစိုး ကြိုတင်အချိန်းအချက် လုပ်ထားသည့်အတိုင်း သိန်းလင်းစိုးကို နှုတ်ပိတ်ခပေးရမည့် နေ့…။

ပြဿနာဆိုတာမျိုးက ရှောင်လွှဲလို့ မရတဲ့အဆုံး မြန်မြန်ပြေးတွေ့လိုက်တာက တော်ကာကျချေလိမ့်မည်။

သူ ခပ်သုတ်သုတ်လမ်းလျှောက်လာစဉ်…။

"ကျွီ… …"

ဆင်စွယ်ရောင် တိုယိုတာ ခရောင်းကားတစ်စီး အရှိန်ပြင်းပြင်းနှင့် မောင်းနေရာ၊ သူရှေ့အရောက် ကျွီကနဲ ထိုးရပ်လိုက်ပြီး နောက်ခန်း (သူ့ဘေး

www.burmeseclassic.com



ထိုင်ခုံမှ) ကောင်မလေးချောချောတစ်ယောက် အပြေးဆင်းလာ၏။

ကောင်မလေးက သူ့ရှိရာတည့်တည့်သို့ အပြေးလာနေသည်မို့ သူ ကြောင်အမ်းစွာ ကြည့်နေစဉ်··။

"ကဲဟယ်···"

"ဖြန်း··· ···"

သူ့ မျက်နှာတစ်ဘက်သို့ ချာကနဲ လည်ထွက်သွားရလေပြီ။

ဘာလဲဟ။ ဘလိုင်းကြီး··။ ပါးအရိုက်ခံလိုက်ရသည့် မျက်နှာပြင် တစ်ဖက်က ထူပူလျက်။

ဒေါသက မြွေဟောက်တစ်ကောင်ရဲ့ အစွယ်က ထွက်လာတဲ့ အဆိပ်ရည်လို ခပ်ပြင်းပြင်းလှုံ့ကျလာစဉ်။ သူ စိတ်ကို အနိုင်နိုင် ထိန်းလိုက် ရင်း···။

"နင်···နင်···ငါ့ ပါးကို ရိုက်တယ် ဟုတ်လား။ နေစမ်းပါဦး --နင့်ကိုလည်း ငါ မသိရပါလား"

"ဟွန်း ··· ···"

မိန်းကလေးက သူ့ကို စက်ဆုပ်ရွံရှာစွာ တစ်ချက်ကြည့်ရင်း လွယ်ထားသည့် Bonia အိတ်ထဲက တစ်စုံတစ်ရာကို ရှာဖွေနေ၏။

နေစမ်းပါဦး။ ဒီမိန်းကလေးကိုလည်း သူ တစ်နေရာရာမှာ မြင်ဖူး ထားသလိုပဲ···ဘယ်မှာများပါလိမ့်။

"ဟဲ့···။ ငါ မေးနေတယ်။ နင် ငါ့ ပါးကို ဘာလို့ ရိုက်တာ လဲ···"

"ရော့···နှစ်သောင်း···"

"ဟမ်···အိ···ဇာ···ဖြူ···"

မိန်းကလေးက ငွေနှစ်သောင်းကို သူ့အား ထိုးပေးလေတော့မှ သူ သဘောပေါက်သွားကာ 'အိဇာဖြူ'လို့ အော်ရင်းထ, ခုန်မိသွား၏။

"ဟုတ်တယ်··ငါ အိဇာဖြူ···။ နင် အညာသား မဟုတ်လား။ ဒါက အညာသားမှန်သမျှကို ပါးရိုက်ရိုက်ပြီး နှစ်သောင်းထုတ်ပေးလာတာ။ ကောင် ငါ့အဖေပွဲရုံက အလုပ်သမားအညာသားကို ပါးရိုက်လာခဲ့သေးတယ်"

www.burmeseclassic.com



"ငါ အညာသားမဟုတ်ဘူး။ ကဲ…အညာသား ဟုတ်တယ်ပဲ ထားစမ်းပါဦး။ နင်နဲ့ငါနဲ့ သိလည်းမသိ။ ခင်လည်းမခင်ဘဲ ဘာမှ ပါးရိုက်စရာမလိုဘူး…"

"သိတာတွေ ခင်တာတွေ လာမလုပ်နဲ့။ ငါ့ ဝါဒကိုက အညာသားဆို ပါးရိုက်မယ်ဆိုတဲ့ ဝါဒ။ ဟုတ်ပြီလား…။ နင့်ရုပ်က အညာသားရုပ်ပေါက်နေတယ်။ ဒါ့ကြောင့် ငါ ပါးဆင်းရိုက်တယ်။ အညာသား မဟုတ်ရင်တော့ ဆောရီးပဲ။ တောင်းပန်တယ်။ ကဲ…ငါ သွားဦးမယ်…"

ဘယ့်နှာ့လဲ။ သူများပါးရိုက်ပြီး အလောသုံးဆယ်ကြီးပါလား…။

"ဟိတ်…ဟိတ်…နင်နင်…ငါ့မှာ ကျိုင်အကြီးကြီးတွေ ရှိနေလို့ နင့်ကိုဘာမှမလုပ်ဘဲ သည်းခံလိုက်တယ်မှတ်ပါ အိဇာဖြူ။ နောက်တစ်ခါ ငါ့ကို ဘလိုင်းကြီးပါးလာရိုက်လို့က တော့ ငါက လက်သီးကျွေးပြီပဲ…"

"i don't care ပဲ။ အိဇာဖြူတို့ကတော့ အညာသားဆို ပါးရိုက်လိုက်ရမှကို ကျေနပ်တာ…"

ပြောပြီး ကားကြီးပေါ်တက်ကာ ဝူးကနဲ မောင်းထွက်သွား၏။ သူ့လက်ထဲမှာတော့ အိဇာဖြူပေးထားခဲ့သည့် ငွေနှစ်သောင်းက ကျန်ရစ်ခဲ့လေသည်။

လောကကြီး ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဖေ့ဘုတ်ထဲက ချီးထုပ်တွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ အပြင်မှာလာတွေ့နေရပါလား။

ခု အိဇာဖြူ ဆိုသည့် မိန်းကလေးမှာလည်း ဖေ့ဘုတ်ပေါ်မှာ အညာသားကို မုန်းတီးသူအဖြစ် နာမည်ကြီးနေသူ။

သူမကလည်း အညာသားဆို ကလော်တုတ်တဲ့ စတေးတပ်တွေ တင်။ အညာသားတွေကလည်း သူ့ကို ဝိုင်းဆဲတဲ့ မန့်တွေတင်နဲ့ ဖေ့ဘုတ်လောကကို ပွက်လောရိုက်စေခဲ့တဲ့သူ။

ဟန်နေသာ အမှတ်မမှားဘူးဆိုလျှင် သိန်းလင်းစိုးနှင့် အိဇာဖြူ ဖေ့ဘုတ်လောကမှာ ခေတ်ပြိုင်စတော်များပင်။ သိန်းလင်းစိုး ဖေ့ဘုတ်ပြီး D သွားချိန်မှာ အိဇာဖြူက ရေပန်းစားလာခဲ့သူ။ သို့သော် သူမသည်လည်း နောက်ပိုင်းမှာတော့ သူမရဲ့ စာမျက်နှာကို D ပဲ သွားလေသလား။ တခြား

www.burmeseclassic.com

www.burmeseclassic.com



ဗျားကပဲ hack (တိုက်ခိုက်)သွားလေသလားမပြောတတ်။ ဖေ့ဘုတ် သာကကနေ လုံးဝပျောက်ကွယ်သွားကြရာမှ···

အခုတော့ ဟန်နေသော့ရှေ့ ဖြုန်းစားကြီးရောက်လာကာ ငွေညစ်တဲ့ သူက ညစ်ပြီး ပါးရိုက်တဲ့သူက ရိုက်သွားလေတော့၏။

“လောကကြီး မလွယ်ပါလား··”

သူ့ခေါင်းတစ်ချက်ယမ်းကာ လမ်းဆက်လျှောက်စဉ်···

“ကျွိ··· ···”

သူ့ရှေ့သို့ ထပ်မံထိုးဆိုက်လာသည့် လိုက်ထရပ်ကားတစ်စီး။ ဆင်းလာကြပြန်ပြီ ညိုညိုမောင်းမောင်း ယောကျာ်းတစ်စု။ ဟ··ဘာတွေ လဲဟ။

“ခင်ဗျားလက်ထဲက ပိုက်ဆံက ဘယ်လောက်လဲ··”

“နှစ်သောင်းလေ···”

သူ ယောင်ယမ်းကာ ဖြေလိုက်မိတော့ ပါးစပ်မှာ ကွမ်းသွေးတွေ ရစ်ခဲနေသည့် ညိုညိုမောင်းမောင်း လူတစ်စုက···

“ဒါဆို···သေချာပြီ···”

“ဖျတ်···ဖျတ်···ဖျတ်···ဖျတ်···”

သူတို့ရဲ့ မိုဘိုင်းဖုန်းများထုတ်ကာ ဟန်နေသော့ကို အလုအယက် ဓာတ်ပုံရိုက်ကြလေ၏။ ဖြစ်ပျက်နေသည်များကို သူ ဘယ်လိုမှကို နားမလည် နိုင်တော့။

“နေကြပါဦး··နေကြပါဦး···ခင်ဗျားတို့က ဘယ်သူတွေလဲ··”

“ငါတို့ ဘယ်သူတွေလဲ မပြောခင် မင်းဘယ်သူလဲဆိုတာ ငါတို့ ပြောရမလား···”

“ဟမ် ···”

“အိစေဖြူ ပါးရိုက်တာခံလိုက်ရတဲ့ အညာသားမဟုတ်လား···”

လူတစ်ယောက်က သူ့ကို ထိုသို့ ဖိုင်ဖိုင်နိုင်နိုင်မေးနေစဉ် တခြားလူ များက ဖုန်းမျက်နှာပြင်များ ပွတ်ကာ အလုပ်ရှုပ်နေကြ၏။

“ပါးအရိုက်ခံလိုက်ရတာတော့ ဟုတ်တယ်။ ဒါပေမယ့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လူမှားအရိုက်ခံလိုက်ရတာ။ ကျွန်တော် အညာသားမဟုတ်ဘူး။ နေစမ်းပါဦး ခင်ဗျားတို့က ဘယ်လိုလုပ်သိတာလဲ..."

"မင်း ပါးတစ်ခြမ်းနီနေလို့၊ မင်းလက်ထဲက ပိုက်ဆံကို သတိထား ရာကနေ ဆင်းမေးကြည့်တာ.."

"ဟိုက်ရှားပါး...စောစောက ကျွန်တော့်ကို ဓာတ်ပုံရိုက်တာ ကျတော့ရော"

"အိစာဖြူ ပါးရိုက်တာခံလိုက်ရတဲ့ အညာသား (၁၀၈)ယောက် မြောက်...စတေးတပ်မှာ မင်းဓာတ်ပုံနဲ့ ဖွဘုတ်ပေါ် တင်မလို့..."

"ဗျာ.."

"မဗျာနဲ့...တင်ပြီးသွားပြီ...ဟောဒီမှာ.."

သူကြည့်လိုက်တော့ 'အိစာဖြူကို ဖွဲ့မယ့်နွာမယ့် အညာသားများ' page ထဲပင် သူ့ဓာတ်ပုံက မိန့်မိန့်ကြီး ရောက်နှင့်နေလေပြီ...။

"ငါတို့ကိုလည်း မှတ်ထား။ အညာသားစစ်စစ်တွေ။ အိစာဖြူ ဖွဲ့မယ့်နွာမယ့် အညာသားများ page ရဲ့ admin တွေ..."

"ငင်... ..."

"ပြောစမ်း...အဲ့ကောင်မ,ကား...ဘယ်ဘက်ထွက်သွားလဲ--"

"ဟိုဘက်...ဟိုဘက်.."

"ကွာ...လက်မတင်လေးတင် လွတ်သွားတယ်။ ကောင်မတွေ့ ကတော့ ကာတစ်ကို ဆောင့်ကန်ပစ်မယ်။ 'ပြီးရင် အဲဒီဓာတ်ပုံ ဖွဘုတ်ပေါ် တင်ပြီး အောင်ပွဲခံပြမယ်"

"ကားဆရာရေ..တောင်ဘက် နှစ်ပြကျော်လောက်အထိ မောင်း ဗျို့.."

သူ ခေါင်းယမ်းရင်းသာ သိန်းလင်းစိုးထံ ကြွမြန်းခဲ့ရလေတော့ ကမ္ဘာသူကမ္ဘာသားတွေဟာ ဖေ့ဘုတ်ကြီး အသက်ဝင် လှုပ်ရှား ဖို့တစ်ခုအတွက် အသက်ပင်သေရသေရ အလုပ်လုပ်နေကြပြီလား စိတ်မောစရာ...။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 13-a )

တိုက်အိုပျက်ကြီးထဲ ရောက်သွားသည်နှင့် သူကျောစိမ့်သွားရ၏။ တိုက်ကြီးမှာ ညာဘက်သို့ မသိမသာစောင်းနေပြီး။ နေဒဏ် လေဒဏ်များကြောင့် တချို့နေရာများတွင် အက်ကွဲကြောင်းများ လိုက်နေလေပြီ။

| |
|---|
| **အန္တရာယ်ရှိသော အဆောက်အဦး။ မည်သူမျှ မဝင်ရ** |

အစိမ်းရောင်ဆိုင်းဘုတ်နှင့် ရေးထိုးထားသည့် စည်ပင်သာယာရဲ့ သတိပေးကြေငြာချက်တစ်ခုကို တိုက်မျက်နှာစာမှာ သူတွေ့ခဲ့ရသည်။

တိုက်အတွင်းသို့ သူဝင်ရောက်လိုက်တော့··

"ဟား··· ··"

တစ်ချိန်က ပန်းတမော့လက်ရာ အပျောက်အမွှမ်းများနှင့် ခမ်းနားကြီးကျယ်ခဲ့မည့် အတွင်းပိုင်းအပြင်အဆင်တွေကို သူတွေ့လိုက်ရ၏။ အဆောက်အဦး၏ အတွင်းပိုင်းကို ဘဲဥပုံသဏ္ဌာန် ဖောက်ကာ ပေါ်ဝိုင်းထားသည့် ဝရန်တာလက်ရန်းတစ်ခုရဲ့ လှေကားနှစ်ဖက်ဆုံရာမှာတော့···

ရုပ်ရှင်မင်းသား တစ်ယောက်ကဲ့သို့ ဖြူလွှချော့မှာ တောက်ပနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် လူငယ်လေးတစ်ယောက် မတ်တပ်ရပ်နေ၏။

ဟန်နေသာပင် ခင်းကို အမြင်ကပ်နေသည့်ကြားမှ ကြွေသလို ဖြစ်သွားလိုက်သေးသည်။

"ချစ်ကိုကြီးက ကတိတည်သားပဲ…အဟဲ…ဟဲ"

ရယ်လိုက်တော့လည်း ဒီကောင့်ရုပ်က ပိုဖြောင့်သွားတာ အမှန်ပဲ။ ညော်…မိန်းကလေးများစွာကို ပိုင်းလုံးလုပ်လို့ အားမရသေးဘဲ ယောက်ျား တစ်ယောက်ဆီမှာပင် ငွေညှစ်နေတဲ့ကောင်လေး။

ဘာလို့များသူ့ကို ဘုရားက လှပချောမွေ့တဲ့ မျက်နှာ ဖုံးတစ်ခု ပေးသနားထားပါလိမ့်။

"ကဲ…အပိုဆာဒါးတွေတော့ မပြောချင်တော့ဘူး။ ငါ့ဘက်က ဆယ်သိန်းပါတယ်…"

"အိုကေ…"

"မင်းဘက်က ကတိတည်မှာလား…"

"လုံးဝ စိတ်ချ။ ကျော်တို့က တစ်နှပ်စားပဲ ကြံတာ။ သစ္စာဖောက် ပြီး နှစ်နှပ်စားမကြံဘူး။ ဟောဒီမှာ…"

ပိုင်းလုံးချူဆိုကောင်က ချေမ်းရဲ့ ဟမ်းဖုန်းကို ထိုးပေးလိုက်ကာ—

"ဟုတ်ပြီနော်…ဒီအထဲမှာ ခင်ဗျားရဲ့ file ပါတယ်။ အိမ်က ကျွန်တော့်ရဲ့ စက်ထဲထည့်ထားတဲ့ဖိုင်လည်း လုံးဝဖျက်ပေးလိုက်မယ်။ ခင်ဗျားကို တစ်ခါညှစ်ပြီးသွားပြီဆိုတော့ နောက်ထပ်ညှစ်စရာ ဝင်ထပ်ငွေ တောင် စိတ်ချ‥ ခင်ဗျားကို မညှစ်တော့ဘူး။ ကျွန်တော် စားကျက် တခြားတစ်ယောက်ဆီ ပြောင်းတော့မှာ‥"

"ပြီရော…ကိုယ်ကတိတော့ ကိုယ်တည်ပါစေ‥ဟော ဒီမှာ ဆယ်သိန်း‥ငွေပေးပြီးလို့မှ အဲဒီ ဗီဒီယိုဖိုင် အွန်လိုင်းပေါ် တက်လာ ကတော့နော် ငါခုလို သဘောကောင်းနေမှာ မဟုတ်ဘူး…"

"ပေါက်တယ်…ပေါက်တယ်…"

"မင်းကို မြေလှန်ရှာပြီး အရေခွံနွှာမှာ…"

"ပေါက်တယ်လေ…ဒီလောကသားတွေက ကိုယ့်သေတွင်းကိုယ်

www.burmeseclassic.com



မတူးတတ်ကြပါဘူး"

အပေးအယူကိစ္စက အဆင်ပြေသွားသည်ဟု ပြောရမည်ထင်သည်။ လွယ်လွယ်နှင့်ရသည့်ငွေမို့ ဒီကောင်ကလည်း ငွေကို အုပ်ရေသာ စစ်လိုက်၏။

ကဲ···ပြဿနာပေါင်း မြောက်မြားစွာ ထည့်ထားတဲ့ ဖုန်းကတော့ သူ့လက်ထဲရောက်လာလေပြီ။ ဘာပဲပြောပြော နောက်ကျောလုံသလိုတော့ ဖြစ်သွားရသေးတာပေါ့။

သူ ဟမ်းဖုန်းကို ကျောပိုးအိတ်ထဲထည့်ကာ သိန်းလင်းစိုးကို တစ်ချက်ကြည့်လိုက်တော့ ဟိုကောင်က ခေါင်းတချက်ညိတ်ပြ၏။

ကိစ္စပြီးပြီ။ ပြန်ရုံပင်။

ပိုင်းလုံးကောင်ကတော့ စောစောကလိုပင် စတိုင်နှင့် နေရာမှာ မတ်တပ်ရပ်နေဆဲ···။

သူလှည့်ထွက်ပြီး သိပ်မကြာခင်မှာပင်····။

"ဟိတ် ···"

ရိပ်ကနဲ မြင်လိုက်ရသည့် ပုံရိပ်တစ်ခု···။

"ဟာ ··· ···"

ဖုတ်ကောင်ရဲ့ မသတီစရာမျက်နှာကြီးက ဘွားကနဲ ထွက်အလာ သိန်းလင်းစိုးကို စိတ်မချစွာဖြင့် နောက်အလှည့်အကြည့်···။

"ဟားဟား··ဟားဟား···"

သူတစ်ဦးတည်းသား ကြားနိုင်သော ရယ်သံနှင့်ဖုတ်ကောင်က ရယ်သွမ်းလိုက်ပြီး···

"ချီးကတုံး···ချီးကတုံး။ မင်းကိုမင်း သိပ်လည်လှပြီ မထင်နဲ့··"

ဆွေးမြည့်နေသည့် ပျဉ်းကတိုးတိုင်လုံးတစ်လုံးကို ဖုတ်ကောင်က အရှိန်ပြင်းပြင်းနှင့် ဆောင့်ကန်ထည့်လိုက်ရာ··

"ကျွိ···ဂျလွတ်···"

အဆောက်အဦးအတွင်း ခပ်အုပ်အုပ်ထွက်လာသည့်အသံတစ်ခုနှင့် အတူ ဝရန်တာလျှောက်လမ်းက ကြမ်းခင်းပြားများ တစ်ပြားဆီ ပြိုလဲ

www.burmeseclassic.com



အကျ···

"သိန်းလင်းစိုး···။ ဟိတ်ကောင်··· ···"

သူ့ သိန်းလင်းစိုးထံ အပြေးသွားကာ တွန်းထုတ်ပစ်ရန် ကြိုးစားခဲ့ပါသော်လည်း···

"ဗိုး···ဒုတ်···"

သူ့နောက်ကျောကို တစိမ့်စိမ့်ကြည့်ကာ အောင်ပွဲခံနေသည့် သိန်းလင်းစိုးရဲ့ ခေါင်းပေါ်တည့်တည့်သို့ ပြုတ်ကျလာလေတဲ့ ကွန်ကရစ်တုံးကြီးတစ်တုံး···။

"ဒုတ်·,·· ···"

"အ··· ···"

ပြိုလဲသွားတဲ့ လူတစ်ယောက်ရဲ့ ခေါင်းပေါ်က ဖြာကျသွားတဲ့ သွေးအိုင်တစ်ခု···။

"ဟင်··။ ဟာ···"

သိန်းလင်းစိုး···။ စောစောကတင် မင်းသားတစ်ယောက်ရဲ့ ဟန်ပန်အမူအယာနှင့် အကောင်းကြီးရှိခဲ့သေးသည်။

ခုတော့ ဦးခေါင်းခွံကြေမွ၊ မျက်ဖြူစိုက်ကာ ပါးစပ်ဟလျက်နှင့် သွေးအိုင်ကြားမှာ ဆန့်ငင် ဆန့်ငင်···။

"ဟားဟား···ဟားဟား···"

"မင်း···မင်း···ငါ့ကို လုပ်ကြံတာ။ အဲဒါမင်းငါ့ကို လုပ်ကြံတာ··"

သူဖုတ်ကောင်ကို ထိုသို့အော်ဟစ်ကာ စွပ်စွဲတော့ ဖုတ်ကောင်က ပခုံးတွန့်ပြကာ ရယ်နေ၏။

ယိုယွင်းပျက်ဆီးနေသည့် ပြတင်းတံခါးကတစ်ဆင့် အပြင်ကိုကြည့်လိုက်တော့ အဆောက်အဦးဆီ ပြေးလာသည့် လူတစ်အုပ်။ သွား··· သူထွက်ပြေးမှ ဖြစ်ချေတော့မည်။

ဒါ···သိန်းလင်းစိုးကို ဟန်နေသာက သေကြောင်းကြံ စည်လိုက်သလိုမျိုး ဖုတ်ကောင်က အကွက်ကျကျ စီစဉ်သွားတာ···။

www.burmeseclassic.com

www.burmeseclassic.com



သူဘာမှ မစဉ်းစားတော့ဘဲ ထွက်ပြေးလာခဲ့ရလေတော့၏။

"ဟိုမှာ··လူတစ်ယောက် ထွက်ပြေးသွားတယ်··လိုက် လိုက်···"

"ဟိတ်ကောင်···မပြေးနဲ့··"

"မပြေးနဲ့လို့ ပြောနေတယ်နော် ဟိတ်ကောင်။ မင်းဘာလို့ အန္တရာယ်အဆောက်အဦးထဲ ခွင့်ပြုချက်မဲ့ ဝင်တာလဲ··"

"··· ··· ···"

"··· ··· ···"

"··· ··· ···"

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 14 )

"မင်းအကြောင်း ငါ ဝတ္ထုရေးတော့မယ်…"

"ဘာ…"

ဒဿဘူဇ္ဇာ ပါးစပ်မှ ရုပ်တည်ကြီးနဲ့ ပြောထွက်လာလေတဲ့ စကား..

"ဘယ်လို…ဘယ်လို…ပြန်ပြောစမ်းပါဦး.."

"ဆောရီး..နေသာရာ..။ မင်းအကြောင်းငါ ဝတ္ထုရေးတော့မယ် လို့ ပြောတာ"

ဟန်နေသာ တံတွေးကို အနိုင်နိုင်မျိုချလိုက်ရင်း ကိုညွှပ်ကို မယုံကြည်နိုင်စွာ စိုက်ကြည့်လိုက်၏။

လုပ်ရက်လိုက်တာ။ လက်စသတ်တော့ ကိုညွှပ်ဆိုတဲ့ ဒဿဘူဇ္ဇာ ဟာ လူတစ်ယောက်ရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး သူ့ကိုယ်ကျိုး အတွက် ပြန်အသုံးချတတ်တဲ့ လူစားမျိုးကိုး…။

ဟန်နေသာ မျက်လုံးထဲမှာတော့ လူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို သိချင်လွန်း၍ သစ္စာရေဖောက်ခဲ့တဲ့ ကိုညွှပ်ပုံကို မမြင်..။

"ခင်ဗျား… ပြန်စဉ်းစားပါဦး ကိုညွှပ်။ ခင်ဗျားကတိ သစ္စာတည်

www.burmeseclassic.com

www.burmeseclassic.com



ပါမယ်ဆိုပြီး သစ္စာရေးသောက်ခဲ့တယ်နော်။ အခု ခင်ဗျားလုပ်ရပ်က လူတစ်ယောက်၊ နှစ်ယောက်ကို ဖွင့်ချပြောပြတော့မှာ မဟုတ်ဘူး။ တစ်နိုင်ငံလုံးကို ဖွင့်ချတော့မှာ။ ကျွန်တော် ခံလိုက်ရတဲ့ မတရားမှုကို ခင်ဗျားသိတယ်နော်။ ခင်ဗျား ကျွန်တော့်ကို ထောင်ထဲထည့်တော့မလို့လားဟင်..''

''မင်းက စာရေးဆရာကိုမှ ဇာတ်လမ်းလာပေးတာကိုးကွ...။ အဟင်းဟင်း..''

ဒဿဘူရွာရဲ့ မျက်နှာမှာ ဖျတ်ကနဲတွေ့လိုက်ရတဲ့ အလွန်ကောက်ကျစ်လှည့်စားနိုင်လွန်းသော မိချောင်းဆန်ဆန်အပြုံးတစ်ပွင့်...

ဒီနေရာမှာ သူ ဖျတ်ကနဲ သတိရလိုက်မိတာက **အခြေအနေနဲ့ အချိန်အခါ** ဆိုတဲ့ အရာနှစ်ခုကိုပါ။

လူတွေကို ယုံကြည်၍ ရသည်။ အခြေအနေနဲ့ အချိန်အခါကို ယုံကြည်၍မရ။

တလောက ပြည်ပရောက် မြန်မာသမားတော်ကြီးတစ်ဦးက သူ့လူနာရဲ့ ရင်သားများကို အလုပ်သဘောထက် ပိုမိုကျော်လွန်ပြီး ကိုင်တွယ်ခဲ့၍ ထောင်ကျခဲ့ကြောင်း အင်တာနက် သတင်းတစ်ပုဒ် သူဖတ်လိုက်ရသည်။

အဲဒီ မြန်မာအထူးကုသမားတော်ကြီးဟာ မိဘမျိုးရိုး စဉ်ဆက်ရော၊ သူ့ ဘဝတစ်လျှောက်လုံးမှာပါ လူလိမ္မာ၊ လူယဉ်ကျေး၊ ဘာသာတရား ကိုင်းရှိုင်းသူတစ်ယောက်လိုသာ နေထိုင်ခဲ့သူ ဖြစ်၏။

ဒါဆို သူဘာ့ကြောင့်များ (သူသာ ဆန္ဒရှိပါက ပြည့်တန်ဆာမ တစ်ဦးနှင့် သွားရောက်နေထိုင်နိုင်ပါရက်နဲ့)သူ့ လူနာ အမျိုးသမီးကိုမှ မဖွယ်မရာ ပြုခဲ့ရလေသလဲ...

နှစ်ခါပြန် စဉ်းစားစရာ လိုမည်မထင်။

အခြေအနေနဲ့ အချိန်အခါကြောင့်ပင်...

လူတွေကို အခြေအနေနှင့် အချိန်အခါ အသာစီးပေး၍မရ။ တစ်သက်လုံး လူယဉ်ကျေးတစ်ယောက်လို နေထိုင်ခဲ့သည့် သူမှာလည်း အခြေအနေ၊ အချိန်အခါ အသာစီးရသွားလျှင် သူ့ဂုဏ်ပုဒ်ကို ထောက်မနေတော့ဘဲ လုပ်ချင်ရာလုပ်တတ်သည့် သဘောရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခု…ဒဿဘူဇ္ဇာမှာလည်း ထိုနည်းလည်းကောင်းပင်။

သူ့ကို ယုံကြည်၍ မတော်တဆလူသတ်မှုကို ပြောပြလိုက်မိသည်။ ဒါဟာ သူ့ကို အခြေအနေနဲ့အချိန်အခါ အသာစီးပေးလိုက်သကဲ့သို့ပင်။ ခုတော့ သူကိုယ်တိုင်က ဒါကို အသုံးချပြီး အမြတ်ထုတ်ဖို့ ကြံစည်လေတော့၏။ မိတ်ဆွေကျင့်ဝတ်ကို ကျော်လွန်စည်းဖောက်လာလေပြီ။

"ခင်ဗျား…မလုပ်သင့်ဘူး…။ ကျွန်တော် ဘယ်လိုစိတ်နဲ့မှ သတ်ခဲ့တာ မဟုတ်ဘူး။ ခင်ဗျားဗျာ…ခင်ဗျားကို အကူအညီတောင်းမိတာ မြွေပွေးခါးပိုက်ပိုက်မိသလို ဖြစ်ကုန်ပြီ။ ကျွန်တော် ဘယ်လောက် ဒုက္ခရောက်နေသလဲဆိုတာ ခင်ဗျား ကိုယ်တိုင်ဝင်ခံစားကြည့်စမ်းပါ"

"သိတယ် နေသာရဲ့။ သိတယ်… ငါဆိုတဲ့ ဒဿဘူဇ္ဇာဟာ ဖီလင်မလာရင် သိန်းတစ်ထောင်လာပေးတောင် လက်ဖျားနဲ့ ထိတဲ့ကောင် မဟုတ်ဘူး။ အေး…ဖီလင်လာပဟော့ ဆိုလို့ကတော့ ကိုယ့်ကိုယ့်ကိုယ် ဗီလိန်အဖြစ်ခံပြီးကို ဇာတ်လမ်းကို ရအောင်ရှာတာ…"

"ဟ…ခင်ဗျားဟာကလည်း ပြဿနာပဲ.."

"မင်းဇာတ်လမ်းက သိပ်ကို ရသမြောက်တယ် ဟိတ်ကောင်…။ သိပ်ရသမြောက်တယ်။ ရသနဲ့ ပတ်သက်ပြီး မင်းကိုငါ ပြောရဦးမယ်။ တကယ်တော့ ရသက(ကိုး)ပါးရှိတာ မဟုတ်ဘူး နေသာရ။ တစ်ပါးပဲရှိတာ.."

"မသိချင်ပါဘူးဗျာ…ခင်ဗျားတို့ အလုပ်တွေ.."

"သြော် မင်းကလည်း ။ ဒီလိုလေကွာ ချင်ခင်ခြင်း၊ ရယ်ရွှင်ခြင်း၊ သနားခြင်း၊ တည်ကြည်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ စက်ဆုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရဲရင့်ခြင်း၊ အံ့သြခြင်းဆိုတာ ရသ ကိုးပါးမဟုတ်ဘူးကွ။ ပြောရရင် စိတ်အခြေအနေကိုးမျိုး။ အဲဒါက ရသမှခကိုးပါးပါ။ တစ်မျိုးတည်းရှိတဲ့ ရသဆီကို ချဉ်းကပ်တိုးဝင်တဲ့ လမ်းကြောင်း ကိုးခုကွ…"

"တော်တော့ဗျာ..။ နားညည်းပြီ။ ကျွန်တော်ပြတ်ပြတ်သားသားပဲ တခါတည်း ပြောလိုက်မယ်။ ခင်ဗျား ကျွန်တော့်ကိုကျော်ပြီး ကျွန်တော့် အကြောင်းရေးခွင့်မရှိဘူးနော်… ဒဿဘူဇ္ဇာ ဆိုတဲ့လူ..

www.burmeseclassic.com

www.burmeseclassic.com



"ပညာပေး ဇာတ်လမ်းလေးလေကွာ..မင်းကလည်း.. လူငယ်တွေ မမှားသင့်တာ မမှားရအောင် စာပေနဲ့ ထိန်းကျောင်းပေးချင်တဲ့ သဘောပါ"

"ခင်ဗျား…ကြောင်တောင်တောင် မလုပ်နဲ့နော် ကိုညွှပ်။ သစ္စာရေ သောက်ထားတယ်ဆိုတာ မမေ့နဲ့.."

"အိုကွာ…ကျမ်းထုပ်ကိုင်ပြီး လက်တစ်လုံးကြားလုပ်နေတဲ့ ဥပဒေဝန်ထမ်းတွေတောင် တစ်ပုံကြီးဟာ..ကဲ..ပြော။ ဘယ် တရားသူကြီး မြေမြို့တာ ကြားဖူးလဲ။ ဘယ် တရားသူကြီး မိုးကြိုးပစ်ခံရတာ ကြားဖူးလဲ။ မိုးကြိုးပစ်ခံရတဲ့သူတွေ ကြည့်လိုက်ရင် တောင်သူလယ်သမားတွေ အများစုချည်းပဲ။ သူတို့က လိမ်လို့ညာလို့ သစ္စာမရှိလို့ မိုးကြိုးအပစ်ခံကြရတာ မဟုတ်ဘူး။ မိုးရွာတုန်း ကွင်းပြင်ထဲ ဆင်းကြလို့။ ဘဝကို သိပ္ပံနည်းကျကျ သုံးသပ်ကြည့်စမ်းပါ နေသာရာ.."

"ဖြစ်ရပြန်ပြီ..ခင်ဗျားပြောတော့ ခင်ဗျားက ဂမ္ဘီရလိုင်းဆို.."

"တခါတရံ ငါက ဂမ္ဘီရ၊ တခါတရံ သိပ္ပံ။ သာရာနောက်ကို ခုန်ကူးတတ်တာ ငါ့အကျင့်။ အပေးပော့.."

သူ့ဒေါသတို့က ထိန်းချုပ်မှုမဲ့လာ၏။

သူ ပြန်စဉ်းစားကြည့်လိုက်မိသည်။

ချမ်းမြေ့ထွန်းနဲ့သိန်းလင်းစိုးက သူ့ပယောဂကြောင့် သေဆုံးသွားကြလေပြီ။ ဒီတစ်ခေါက်က ဒဿဘူဇွာအလှည့် လေလား..။ မရဏမင်းက သူ့ဂုတ်ပေါ်ခွစီးပြီးများ တကောက်ကောက်လိုက်နေလေပြီလား…။

"ဟေးလူ…"

ဒဿဘူဇွာရှိရာဆီကို သူ အပြေးအလွှားသွားကာ လည်မျိုကို သက်နှစ်ဖက်နှင့်ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပစ်လိုက်၏။

"ဟိတ်ကောင်…"

လေပြွန်ကို အဖိခံထားရ၍ ဇလုံးဇထွေးဖြစ်နေလေတဲ့ ဒဿဘူဇွာရဲ့ အသံက အသက်ကို အနိုင်နိုင်ရှုသွင်းနေရပုံပေါ်၏။

"နောက်ဆုတ်ဖို့…ကျွန်တော့်မှာ ရွေးချယ်စရာ နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး ကိုညွပ်"

သူပြောရင်း စာရေးဆရာရဲ့ လည်မျိုကို လက်နှစ်ဖက်နှင့် ဖျစ်ညှစ် ပစ်လိုက်သည်။

ဟိုကလည်း ရသလောက် ရုန်း၏။ သို့သော် ချက်ကောင်းကို ထိထိမိမိဖမ်းဆုပ်ကိုင်ခံထားရ၍ သူ့ခွန်အားတို့က ဖျော့တော့နေလေသည်။

"မင်း…မင်း…ငါ့ကို…သ…သတ်တော့မလို့လား နေသာ…"

သူဘာမှ ဆက်မပြောဖြစ်တော့…။

လူတစ်ယောက်ကို သတ်ရတာ ခက်ခဲလိုက်တာ…။

ကျွန်တော်ဟာ လူကောင်းတစ်ယောက်ပါ။ ကျွန်တော်ဟာ လူကောင်းတစ်ယောက်ဆိုတာ ယုံကြည်ပေးပါ အို… ဘုရားသခင်..။

သူတို့ ထိုသို့ ကိုယ့်အသက်ကို အလုအယက် ကာကွယ် လုံးထွေး နေကြစဉ်…

မမျှော်လင့်ဘဲ ရောက်လာလေတဲ့ အသံတစ်ခု….

"မောင်… …"

"ဟင် …"

သွားပြီ..။

သူ့ရှေ့သို့ မမျှော်လင့်ဘဲ ရောက်လာလေတဲ့ ချစ်သူ။

"ဟာ..ခင်ဗျား…မလုပ်နဲ့.."

အခြေအနေက လုံးဝ နောက်ကျသွားရပြန်လေပြီ။

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 15 )

ရဲစခန်းက ဒီနေ့လူသူ ရှင်းနေ၏။

မနက်စောစောက အစည်းအဝေးတက်လာရ၍ ရဲဗိုက်ပူမှာ မောမော နှင့် ရုံးစားပွဲမှာ ထိုင်ရင်း အနားယူနေစဉ်…

"ရဲမှူး…ဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီက ဖုန်း လာပါတယ် ခင်ဗျား…"

"ဪ …အေး…"

ရဲမှူး သိလိုက်ပါပြီ။ နားရွက်ဖြတ်လူသတ်မှုရဲ့ ပျောက်ဆုံးနေတဲ့ အွင်းဆက်တစ်ခုမှန်း သိလိုက်ပြီ။

ပြောရလျှင် ဒီအမှုကို ပြီးပြတ်စေချင်ပြီ။

မသက်ဘွယ်ရာ လူငယ်လေးမှာလည်း ဂေါက်တီး ဂေါက်တောက် နှင့်မို့ ကိုယ့်မှာ ညကြီးမင်းကြီး သချိုင်းကုန်းလိုက်သွားပြီး သရဲခြောက် ခိုက်လို့ပင် ထွက်ပြေးလာခဲ့ရပြီ မဟုတ်ပါလား။

ဟန်နေသော အိမ်ကို အလွတ်သဘော သွားရောက်စစ်ဆေးဦးက သက်ဖွေရာတချို့ကို သူအရယူနိုင်ခဲ့၏။

လွန်ခဲ့သည့် ရက်အနည်းငယ်က ဆင်ခြေဖုန်းရပ်ကွက် တစ်ခုရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးတစ်ခုမှာ ခပ်ချောချောလူငယ်လေးတစ်ဦး အဆောက်အဦး ပိပြီး သေဆုံးခဲ့လေသည်။

လူသတ်မှုဟု အမှုဖွင့်ခဲ့သော်လည်း နောက်ပိုင်း လူသေမှုဟု ပုဒ်မ ပြောင်းလဲခဲ့ရ၏။

ဒီ အမှုကိစ္စမှာလည်း ပဟေဠိတစ်ခုလို ဖြစ်နေသည်က သေဆုံး သွားသည့် လူငယ်လေးနံဘေးမှာ တွေ့ခဲ့ရသည့် ငွေဆယ်သိန်းထုပ် တစ်ထုပ်ကြောင့်ပင်။

"ကိုဝဏ္ဏစိုးရေ…။ ကျုပ်တို့တော့ ခြေရာခံမိထားပြီ ဗျို့…"

စုံစမ်းစစ်ဆေးရေးဌာနရဲ့ အတည်ပြုချက်နဲ့ ထွက်ရှိလာတဲ့ အဖြေ တစ်ခုက ငွေဆယ်သိန်းထုပ်ပေါ်က လက်ဗွေရာတချို့နဲ့ ဟန်နေသာ့ အိမ်မှာ ရရှိခဲ့တဲ့ လက်ဗွေရာတချို့ အတူတူဖြစ်နေသည် ဆိုခြင်းပင်။

ဟန်နေသာကို ဝရမ်းနဲ့ သွားဖမ်းသင့်ပြီလား။

ရဲမိုက်ပူ မျက်လုံးထဲ အရိပ်အယောင်တချို့ ပြန်လည် မြင်ယောင် လာမိပြန်၏။

"ဟာ…ကြည့်စမ်း။ ဒီကောင့်ကို မြင်ဖူးပါတယ်လို့ ငါထင်နေတာ လက်စသတ်တော့ ပန်းခြံထဲမှာ ငါ့ကိုဝင်တိုက်ပြီး ကလေးအမေရဲ့ တွန်းလှည်းထဲက အိတ်တစ်အိတ်ကို အလစ်သုတ်သွားခဲ့တဲ့ကောင်ပဲ။ ကြည့်စမ်း…ဟုတ်ပါရဲ့။ အဲဒီတုန်းကလည်း ကလေးအမေဟာ ဘာအိတ်မှ မပျောက်ခဲ့ပါဘူး ငြင်းခဲ့တယ်။ ဟုတ်ပြီ…ဟုတ်ပြီ"

ဟန်နေသာကို စခန်းခေါ်မေးဖို့က လုံးဝ အချိန်သင့်နေလေပြီ။

ထိုစဉ်ဆိုသလိုပဲ တိုက်တိုက်ဆိုင်ဆိုင် နားရွက်ပြတ် သေဆုံးသူရဲ့ ပျောက်ဆုံးဖုန်းထဲက အဝင်အထွက်ဖုန်းတွေရဲ့ အသံဖိုင်တွေကို ပေးပို့ ဆက်သွယ်ရေးကုမ္ပဏီတစ်ခုက ရဲမိုက်ပူဆီ ဆက်သွယ်သမှုပြုလာလေ ၏။

ရဲမိုက်ပူမှာ မိန့်မိန့်ကြီး ပြုံးလိုက်ရင်း ရဲဝန်ထမ်းလေး ထိုးပေးလာ ဖုန်းကို ကောက်ကိုင်လိုက်ကာ…။

"ဟဲလို… …"

www.burmeseclassic.com

www.burmeseclassic.com



"… … …"

"ဟုတ်ကဲ့ …"

"… … …"

"ဟုတ်ကဲ့ …"

"… … …"

"ဩော် … ဟုတ်ကဲ့ …"

ဒီနေ့တော့ ရဲဗိုက်ပူ လှလှပပ ပြုံးနိုင်လေပြီပေါ့။ မကြာခင် ဆိုသလိုပဲ သူခါးကြားထဲက လက်ထိပ်ဟာ တရားခံတစ်ယောက်ရဲ့လက်ကို လှလှပပ ခတ်နိုင်တော့မည် မဟုတ်ပါလား…။

"ဟုတ်ကဲ့…ခုလို ပူးပေါင်းဆောင်ရွက်တဲ့အတွက် ခင်ဗျားတို့ အခွထိကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝန်ထမ်းတွေက ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ MPG (မြန်မာပုလိ(စ်) ဂရု(စ်))ဆိုက်ဒ်ကို အသံဖိုင်ပို့ ပေးလိုက်ပါဗျာ"

ဖုန်းချ ပြီးပြီးချင်း ဝက်ဆိုဒ်ကို ရောက်လာလေတဲ့ mail ထဲက အသံဖိုင်လေးကို ရဲဗိုက်ပူ ဖွင့်နားထောင်လိုက်လေတော့၏။

"… … …"

"… … …"

"… … …"

"ဆရာကြီးတို့…တရားခံသွားဖမ်းဖို့ အဆင်သင့်လုပ်ကြတော့"

❒

www.burmeseclassic.com

www.burmeseclassic.com

## ( 16 )

အဖြစ်အပျက်က အဲဒီလိုပဲ မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ဖြစ်ပျက်ခဲ့ကြတာပါ။

ချစ်သူကို ထင်မှတ်မထားဘဲ ပြုန်းစားကြီးတွေ့လိုက်ရ၍ မှင်သက်အံ့ဩသွားစဉ် ကိုညွှပ်မှာ သူ့လက်ထဲက လွတ်အောင်ရုန်းထွက်ပြီး ခါးပိုက်ဆောင်ထဲက မောင်းချဓားကိုထုတ်ကာ ချစ်သူကို ဖက်ထွေးရင်း လည်ပင်းတည့်တည့်သို့ ဓားသွားနှင့် ချိန်ထားလိုက်လေတော့၏။

"ဘာလို့ လိုက်လာခဲ့ရတာလဲ အချစ်ရယ်"

သူ့အသံက ဆွေးမြည့်ကြေကွဲ ဆို့နှင့်နေလေတော့၏။

"ပန် ကြားခဲ့ပြီးပါပြီမောင်ရယ်။ မောင့်ကို အထင်လွဲခဲ့မိသမျှ ပန် တောင်းပန်ပါတယ်"

ချစ်သူပါးပြင်ထက်က ကြွေဆင်းသွားလေတဲ့ မျက်ရည်ပေါက်ကလေး နှစ်စက်။

"ပန်...အို...မငိုပါနဲ့.."

မငိုပါနဲ့။ မငိုပါနဲ့ အချစ်ရယ်။

လူတွေဆိုတာ ဒီလိုပဲ။ အမြတ်ထုတ်ဖို့ အမှားတစ်ကွက်ကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ဝံပုလွေတွေဆိုတာ လူအရေခြုံထားကြတာ မဟုတ်လား။

ကိုယ်တို့တွေ လူသားဆန်ဆန် ချစ်ခဲ့ကြပြီးပြီ။ ဒီချစ်ခြင်းရမ္မက်ကို အွန်လိုင်းပေါ် ပုံ့မသွားမိစေဖို့၊ စာအုပ်တွေထဲ ရောက်မသွားမိစေဖို့။ အိုကွာ နောက်နောင် ဒီလိုမျိုး ထပ်မဖြစ်ကြစေဖို့ ကိုယ့်အသက်နဲ့လောင်းကြေးထပ်ပြီး ကာကွယ်ပေးနေရ ဦးမှာပါ။ ကာကွယ်ပေးနေရဦးမှာပါ။

"မောင့်···မောင့်ကိုလေ···ပန် အရမ်းသနားတယ်·· အဟင့်···"

သူက လက်ဝါးလေးလှုပ်ရင်းသာ မလိုအပ်ပါဘူးဆိုသည့် သဘော ပြောနေရတော့သည်။

"ကဲ··မင်းတို့က ဒရာမာတွေ ချိုး၊ ငါ့မှာလည်း ဗီလိန်ကြီးကိုဖြစ် လို့။ ဟန်နေသာ··မင်း လစ်တော့ သားကြီး··"

ကိုညွပ်ရဲ့ သူစိမ်းဆန်လွန်းသောစကား···။

"ခင်ဗျား ကျွန်တော့်ကောင်မလေးကို လွှတ်···။ ပြီးတော့ ထွက်သွားတော့ဗျာ။ ခင်ဗျားလုပ်ချင်ရာ လုပ်ခွင့်ရသွားပြီပဲ။ ထွက်သွား လိုက်ပါ။ ဘာလို့ သူတပါးကို ထိခိုက်နာကျင်စေရတာလဲ"

"အေး··။ ငါထွက်သွားမှာပါ။ နောက်ထပ် တစ်ကြိမ်တော့ ငါ့လည်မျိုကို လက်နဲ့လာအရှယ်မခံနိုင်ဘူး။ ဒီတော့ ဒီနေရာကနေ မင်းအရင် ထွက်သွားလိုက်ပါ နေသာ··"

"ဟ··အဓိပ္ပာယ်မရှိတာဗျာ··။ ကျုပ်ချစ်သူရဲ့ လည်ပင်းကို ဓားနဲ့ထောက်ထားတဲ့ အနေအထားကြီးမှာ ကျုပ်က ဘယ်လိုစိတ်ချလက်ချနဲ့ အရင်စပြီး ထွက်သွားနိုင်မှာလဲ"

"အေး··မင်းထွက်သွားသွားချင်း၊ မင်းကောင်မလေးကို ငါလွှတ် ပေးမယ်ကွာ။ ဟုတ်ပြီလား။ ဒါ ငါ့အသက်အတွက် မဖြစ်မနေ ကာကွယ် လိုက်ရတဲ့ သဘောပါ"

ဟန်နေသာ ကိုညွပ်ကို စက်ဆုပ်ရွံ့ရှာစွာ တစ်ချက် ကြည့်လိုက်ပြီး

"ခင်ဗျားက ကျွန်တော်တို့ နှစ်ယောက်အကြောင်းကိုလည်း ရေးဦးမယ်။ ခင်ဗျား ဝတ္ထုထဲက ဇာတ်ကောင်တစ်ယောက်ကိုလည်း တွေ့မှာ ခင်ဗျားအသက်အန္တရာယ်အတွက် လူသားမိုင်းတစ်လက်လို

www.burmeseclassic.com



အကာအကွယ် အလုပ်ခိုင်း ထားလိုက်သေးတယ်။ အကြံအစည်း ပက်စက်လှ ချည်လားဗျာ..”

“အေးပါ..ဟုတ်ပါပြီဆိုကွာ။ ငါဟာ ဗီလိန်တစ်ယောက်ပါ။ ထွက်သွားလိုက်ပါတော့ နေသာ”

“ခင်ဗျားကို ကျုပ်ပြောနေပြီ။ ခင်ဗျားကို ကျုပ်ဘာမှ ထပ်မလုပ် ဘူး။ ကျုပ်ချစ်သူကို အရင်လွှတ်ပေး။ သူ့လက်ကို ဆွဲခေါ်ပြီး ကျုပ်တို့ ထွက်သွားပေးမယ်..”

“သြော်..ကဲ...ပြဿနာပဲ...”

ထိုစဉ်...

ထိုစဉ်မှာပင်...

“ဟိတ်ကောင်တွေ...နှစ်ယောက်စလုံးရပ်...”

သေနတ်ကြီးရွယ်ပြီး ရောက်လာလေတဲ့ ယူနီဖောင်းဝတ် အမျိုးသား တစ်ဦး။

ဟန်နေသာကြည့်ပြီး သေချင်စော်နံသွားရလေပြီ။

“ဟာဗျာ...ပြဿနာပဲ..”

ပြီးပြီ။

ပွဲက ပြတ်လေပြီ။

သို့သော် ပွဲက လွယ်လွယ်ကူကူ ပြီးဆုံးသွားသည်တော့မဟုတ်။

ကိုညှပ်က ချစ်သူရဲ့ လည်ပင်းဆီ ‘ဓားသွား’တင်ထား၏။ ရဲဗိုက်ပူက ဟန်နေသာ့ဆီ သေနတ်ချိန်ရွယ်ထား၏။

ကဲ...ပြော။

ဒီအနေအထားကြီးက လုံးဝ ခံပြင်းစရာကြီးပင်။

တကယ်ဆို ရဲဗိုက်ပူက ဟန်နေသာကို သေနတ်နဲ့ ချိန်ရွယ်ပြီး ဟန်နေသာက ကိုညှပ်လည်ပင်းကို ဓားနှင့်ထောက်ထားသည့် အနေအထား မျိုးကမှ မျှတဦးလေမည်။

ရဲဗိုက်ပူခများမှာလည်း အနည်းငယ်တော့ ဗျာများနေပုံရ၏။

သေနတ်က ဒဿဘူရှာကို ချိန်ရတော့မှာလိုလို ဟန်နေသာ

www.burmeseclassic.com



ချိန်ရတော့မှာလိုလိုနှင့်. . .။

"မင်းတို့ နှစ်ကောင်. . .။ မင်းတို့နှစ်ကောင် လက်တွေကို အပေါ်မြှောက်လိုက်စမ်း. ."

"ခင်ဗျား သေနတ်ချိန်တာမှားနေပြီ။ ဟိုလူ့ကို ချိန်ရမှာ. ."

"မဟုတ်ဘူး။ ဒီကောင်ကမှ လူသတ်သမားစစ်စစ်။ ဒီကောင့်ကို ချိန်"

"ဒီမှာ ရဲမှူး။ ခု မိန်းကလေးတစ်ယောက်ကို ဓားနဲ့ထောက်ထားတဲ့သူက ဘယ်သူလဲ။ ခင်ဗျားသူ့ကို အလွတ်ပေးလိုက်ရင် နောက်ထပ် လူသတ်မှုတစ်ခု ဖြစ်သွားမယ်ဆိုတာ မစဉ်းစားမိလေရော့သလား"

"ရဲမှူး၊ ကျွန်တော်က ဒီမိန်းကလေးကို ဓားနဲ့ထောက်ချင်လွန်းလို့ ထောက်ထားရတာမဟုတ်ပါဘူး။ ဒီကောင် ကျွန်တော့်ကို လည်ပင်းညှစ်ပြီး သတ်ဖို့ကြံစည်လို့ သူ့ရည်းစားကို ဓားနဲ့ထောက်ထားရတာပဲ"

စကားတစ်ခွန်းပြောတိုင်း ရဲဗိုက်ပူခများ ဟိုလူ့သေနတ်နဲ့ချိန်လိုက်။ ဒီလူ့သေနတ်နဲ့ချိန်လိုက်နဲ့ အသည်းကလည်း ယားချင်စရာ. . .။

"ဟိတ်ကောင်. . .မင်း ဓားကို အောက်ချလိုက်. . ."

"မချဘူး. . .ဟိုကောင်ကို အရင်ဖမ်း. . ."

"ရဲမှူး. . .ခင်ဗျား သေနတ်က သူ့ကိုချိန်. . ."

"ဟိတ်ကောင်. . .ငါပြောနေတယ်နော်. . .ဓါးကို အောက်ချလိုက်ဆို. . ."

"ခင်ဗျား. .သူ့ကို အရင်ဖမ်းလေဗျာ. . ."

"ရဲမှူး. . .ခင်ဗျား မှားမယ်နော်. . ."

ရဲမှူးများစွာ ကျွတ်ကျဲပြီး ဆုံးဖြတ်ချက်ဝေ့ဝါးနေစဉ် ဒသဿဘူဇွာက ခုံထျာရီကို အကာအကွယ်ယူပြီး နောက်သို့ ခပ်ကြမ်းကြမ်း အဆုတ်. . .။

ရဲမှူးရဲ့ တဒင်္ဂဆုံးဖြတ်ချက်အမှား တစ်ခုကြောင့် သေနတ်ကျည်ဆံ တစ်တောင့် ထွက်အသွား. . .

"ဒိုင်း. . . . . ."

"ဟာ . . ."

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကျည်ဆံဟာ လှပတဲ့ မီးတောက်မီးပွင့်တစ်ခုကို နောက်မြီးမှာ လင်းဖြာစေလျက် သူ့လမ်းကြောင်းအတိုင်းလာနေစဉ်…။

ကမ္ဘာကြီးဟာ အချိန်ကာလ ယန္တရားတစ်ခုကနေ ရုတ်တရက်ကင်းလွတ်ပြီး ရပ်တန့်သွားသလို‥။

သူဟာ ကျည်ဆံရဲ့ လားရာတည့်တည့်ဆီ ရင်ကော့ရင်း သူ့ရဲ့ယောက်ျားပီသတဲ့စိတ်ကို အစွမ်းကုန် လေးညို့ဆွဲအတင်‥

တစ်စက္ကန့်…။ နှစ်စက္ကန့်…။ သုံးစက္ကန့်…။

အဲဒီ ကာလတိုလေးအတွင်းမှာ သူ အများကြီး စဉ်းစားမိသွားတာတွေရှိခဲ့၏။

ပထမဦးဆုံးအချက်က သူကြောက်လွန်း၍ ရှောင်ပြေးနေခဲ့သည့်သေခြင်းတရား။ အဲဒီ သေခြင်းတရားကို လက်ခံရမှာ ကြောက်၍ ချမ်းအားပေးခဲ့သည်။ ချမ်းသေဆုံးခဲ့ရသည်။

နောက်တာ့ လူသတ်မှုမှာ အဖမ်းမခံရမိစေဖို့ တတ်နိုင်သလောက်ရှောင်ကွင်းခဲ့ရပြန်ပါသည်။ (အရင်ခေတ်က လူသတ်မှုတရားခံများ ကြိုးစင်တင်ခံရတာမျိုး၊ လျှပ်စစ်ထိုင်ခုံမှာ နိဂုံးချုပ် အစီရင်ခံရတာမျိုးရှိခဲ့၏။ ချမ်းသေဆုံးမှုမှာလည်း ကြမ်းကြုတ်ရက်စက်ခဲ့၍ တရားသူကြီးက သူ့အားသေဒဏ်မချမှတ်ပါဘူးဟု ပြောမရ)

ဒါကြောင့် အဖမ်းမခံရမိစေဖို့ တတ်နိုင်သလောက် ရှောင်ကွင်းခဲ့ခြင်းဟာ သေခြင်းတရားကို ရှောင်ပြေးနေခဲ့ခြင်းပင် မဟုတ်ပါလား။

သေခြင်းတရားကို ရှောင်အပြေးကောင်း၍ သိန်းလင်းစိုး၏ကြားက အဆစ်ဝင်သေပေးခဲ့ရပြန်ပါသည်။

နောက်… ကိုညွှပ်အလှည့်။ ကိုညွှပ်ကို သေခြင်းတရား လွှဲအပ်ပေးလုပေးခင်၊ သေခြင်းတရားက ချောတောငေါ့ပြီး သူ့ထံပြေးလာခဲ့ခြင်းမဟုတ်ပါလား…။

ဟင့်အင်း…။

သူ့ထံ ပြေးလာခဲ့ခြင်းတော့မဟုတ်။ သူ့ကောင်မလေးဆီ ပြေးလာခဲ့ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်စဉ်းစားမိတာက သူဟာ သေဆုံးဖို့ရော အခွင့်သင့်ဖြစ်ပြီလား···။ ဟင့်အင်းလို့ ဖြေလျှင် သူ့ရဲ့ဘော ကြောင်ရာကျပေလိမ့်မည်။ သို့သော် ကမ္ဘာပေါ်က လူသားအများစုမှာလည်း သူရဲဘောကြောင် သူများပင်။

ဒီနေ့တော့ သူ့လုပ်ရပ်အပေါ် သူကျေနပ်ခဲ့ပါပြီ။

သေနတ်ကျည်ဆံဟာ နွေးထွေးစွာ သူ့ထံလာနေသည်။ သူ ဒီလမ်းကြောင်းပေါ်ရောက်ရန် မနည်းခုန်ပြီးလာခဲ့ရ၏။ သူ နောက်မဆုတ်တော့ပါ။ နေရာမပြောင်းတော့ပါ။ အရင်လိုလည်း သေခြင်းတရားကို မရှောင်ကွင်းတော့ပါ။

သူ့နောက်မှာ သူသိပ်ချစ်တဲ့ ကောင်မလေးရှိနေသည်။ သူ့မုန်းသည့်တိုညပ်လည်းရှိနေသည်။ ကျည်ဆံဟာ ဘယ်သူ့ ရင်ဝကို ဖောက်ထွက်လေလေမသိ။ အဲဒီ ကံစမ်းမဲကို သူ သွေးအေးစွာ စောင့်ကြည့် ကံမစမ်းချင်တော့။

ထိုက်တန်ပါတယ်။

သေခြင်းတရားကို တည့်တည့်ရင်ဆိုင်လိုက်ရတာ တကယ်ကိုထိုက်တန်ပါတယ်။ ဒါဟာ ယောကျ်ားပီသတဲ့လုပ်ရပ်ပဲ။ ကိုယ့်ချစ်သူကိုနောက်ဆုံးထွက်သက်အထိ ကာကွယ်ပေးခဲ့ရမှာပဲ··။

"ဒုတ်···"

ရင်ဝတည့်တည့်သို့ စိုက်ဝင်သွားလေတဲ့ ပူပြင်းတဲ့ အထိအတွေ့တစ်ခု။

လည်ပတ်စီးဆင်းနေသည့်သွေးများ ရုတ်တရက်ရပ် တန့်သွားသလို သူ့ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားရချေပြီ။

ကဲ···ကြောက်လှပါပြီဆိုတဲ့ သေခြင်းတရားလေ။

ဒါ···ခဏလေးပဲ··။ ရေပွက်ကလေးတစ်ခုလိုပဲ· အရမ်း အဆန်းအကြယ်ကြီးလို့ ထင်ထားခဲ့တာ။ ဘဝရဲ့ ကြီးမားတဲ့ အလှည့်အပြောင်းကြီးလို့ ထင်ထားခဲ့တာ။

တကယ့်တကယ် ရင်ဆိုင်လိုက်ရတော့ အဲဒီလိုလည်း မဟုတ်။

ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



အရာရာ ပြီးဆုံးခဲ့ပြီ။

နောက်ပြီးတော့ ကိုယ့်ရဲ့လုပ်ရပ်အတွက် အရမ်းကို ကျေနပ်သည်။

တစ်ခုပဲ စိတ်မကောင်းဖြစ်မိတာက ချစ်သူကို နှုတ်ဆက်စကား လေးတောင် မပြောလိုက်ရ။

ဘဝနဲ့ချီပြီး 'တိ'ကနဲ ဖြတ်ခဲ့ရတာဆိုတော့ ဘဝင်မကျစရာ တို့လို့ တန်းလန်းကိစ္စရပ်ကလေးတွေကတော့ ရှိခဲ့ဦးမည်သာ။

ခုတော့ တကယ်ကို ပြီးဆုံးသွားခဲ့ပါပြီ။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( 17 )

"သားနေ …"

"သားနေ …"

တရားစခန်းဝင်ခဲ့သမျှ ကြည်လင်သန့်စင်နေသည့် စိတ်အကြည်ဓာတ်ကလေးမှာ ခြံရှေ့ရောက်သည်နှင့် အရောင်တစ်ရောင်ထည့် အဆိုးခံလိုက်ရသလို ဒေါ်ယုယုသော်မှာ သားနှာမည် တစာစာအော်လျက် အိမ်ထဲဝင်လာခဲ့၏။

"ကြည့်စမ်း…ဒီကလေး။ အိမ်ထဲကနေ ခလုတ်က လေးတစ်ချက်နှင့်လိုက်တာနဲ့ ရေပိုက်က သူ့စနစ်နဲ့သူ အပင်တွေကို ရေဖြန်းပေးတဲ့ဟာ…လက်ကလေးကျွေးရမှာတောင် တော်တော်အပျင်းကြီးလွန်းပါလား။ မြက်ခင်းလည် ခြောက်သွေ့နေပြီ။ အမလေး‥ငါ့ သစ်ခွတွေ။ ငါ့သစ်ခွတွေ"

ဒေါ်ယုယုသော်မှာ သူမရဲ့ မြက်ခင်းတွေ၊ သစ်ခွတွေ သေနေ၍ဆွေ့ဆွေ့ခုန်လျက်ရှိ၏။

"အမလေး…"

တံခါးဖွင့်လိုက်တော့ မြင်ကွင်းက ဗုံးအကြဲခံထားရတဲ့ ဆီးရီးယားမြို့လယ်ခေါင် တစ်နေရာလို…

www.burmeseclassic.com

www.burmeseclassic.com



"ငါ ...စိတ်ပူလာပြီ...သားနေ...။ သားနေ..."

မိခင်ဖြစ်သူမှာ အိမ်ရှေ့ပေါက်ရောက်စကတော့ သား ဖြစ်သူကို ဒေါသထွက်လျက်...အခုတော့ သားဘာများဖြစ်နေလေသလဲ စိုးရိမ်တကြီး ရှာမိလေရာ...

"ဩော်... ကျေးဇူးရှင်က ဒီမှာလာ အိပ်ပျော်နေတာကိုး။ ဖြစ်ရလေဟယ်။ မအေ အိမ်ကနေ တစ်ချက်ကလေး လွတ်ထွက်သွားတာနဲ့။ ဟဲ့..သား"

ဒေါ်ယုယုသော်မှာ သားဖြစ်သူရဲ့ ဗိုက်ခေါက်ကို လိမ်ဆွဲပစ်လိုက်ပြီး သိပ်မကြာခင်ပင်....။

"ဟင်... ..."

လေးလံပိန်းပိတ်နေသည့် အမှောင်ကမ္ဘာက မြင်ကွင်းအသစ်၊ မြင်ကွင်းအစစ်ကို ဆွဲရွှေ့ပေးလိုက်သလို၊ သူ့မျက်လုံး အစုံပွင့်သွားလေ၏။

စစချင်း ဘွားကနဲ တွေ့လိုက်ရသည်က သူ့အတွက် စိတ်ပူပြီး အလိုမကျ ဖြစ်နေလေသည့် မိခင်ရဲ့မျက်နှာ။

"ဟင် ..."

သူ့ ဗိုက်က ဒဏ်ရာကို စမ်းကြည့်သည်။ မတွေ့..

စောစောကပဲ ကျည်ဆံတစ်တောင့်က သူ့ရင်ဝကို ထုတ်ချင်းပေါက် ဝင်ရောက်ခဲ့သည် မဟုတ်ပါလား...

"ကျွန်..ကျွန်တော် မသေဘူးနော်...အမေ"

"ဟင် ..."

ဒီတစ်ခါ 'ဟင်'သွားသူက ဒေါ်ယုယုသော် ကိုယ်တိုင်

"သား...သား..လိမ္မာပါတော့မယ် မေမေရယ်နော်..။ လိမ္မာပါတော့မယ်"အဲဒီလိုပြောပြီး မိခင်ဖြစ်သူကို ပြေးဖက်လိုက်လျှင် သူ့အဖြစ်က မြန်မာဇာတ်ကားဆန်သွားပေလိမ့်မည်။ အဲဒါတွေကို သူ မျက်စိနောက်သည်။

ဟောလီးဝုဒ်ဇာတ်ကားဆန်ဆန်ပင် သူ မိခင်ရဲ့ပါးကို ရှုတ်ကနဲ နမ်းရှိုက်လိုက်ပြီး မီးဖိုဆောင်ထဲက အာဗင်(oven)ကို ပြေးကြည့်မိ၏။

ကင်ထားတဲ့ နားရွက်ပြုတ်လည်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဒါ...ဒါဆို..."

သူ အပြေးအလွှားနှင့် အမေ့အခန်းကို ဝင်မိပြန်တော့လည်း မီးခံသေတ္တာက စေ့ပိတ်လျက်..။

"ငါ..ငါ...ဘာမှ မဖြစ်ခဲ့ဘူး။ ဘာမှ မဖြစ်ခဲ့ဘူး။ ဟေး..."

"ဟဲ့...သား..."

မိခင်ဖြစ်သူ လိုက်မလာစေရန် သူအခန်းထဲဝင်ကာ တံခါးခဏ ပိတ်လိုက်၏။

ဒီအချိန်မှာ ကိုယ့်ဇာတ်လမ်းကို အမေ့ကို ရှင်းပြဖို့ နေနေသာသာ ကိုယ့်ဟာကိုယ်တောင် နားလည်သဘောပေါက်နိုင်ဖို့ အရင်ကြိုးစားရ ဦးမည်။

သေချာပြီ။

'You can be everything in my Poem'ဆိုတဲ့ ဂိမ်းထဲက သူ တွင်းလုံးကျွတ် ထွက်လာနိုင်ခဲ့လေပြီ။

"ဒါဆို ငချမ်းလည်း မသေခဲ့ဘူးပေါ့။ သိန်းလင်းစိုးလည်း မသေခဲ့ ဘူးပေါ့.."

သူ့ အသံက အူမြူးလျက်။

သိန်းလင်းစိုး သေမသေ စုံစမ်းရတာ မလွယ်ပေမယ့် ငချမ်းသေ မသေကတော့ ခုချက်ချင်း ထ,စုံစမ်းရင်တောင် ခုချက်ချင်း သိနိုင်လေသည်။

သို့သော် နားမလည်နိုင်စရာ အဖြစ်အပျက်တချို့ကတော့ ရှိနေ၏။

ဥပမာ...သူ ဂိမ်းထဲကို ရောက်နေသည့် အချိန်မှာ (နှစ်ပတ်ဝန်း ကျင်လို့ ခန့်မှန်းရ)ပြင်ပကမ္ဘာမှာ သူဘာတွေ ဖြစ်နေခဲ့သလဲ။ နှစ်ပတ်တိတိ အိပ်ပျော်နေဖို့ဆိုတာတော့ မဖြစ်နိုင် အိမ်တစ်အိမ်လုံး ရှုပ်ပွနေပုံထောက်၍ သူ တစ်ခုခုတော့ လှုပ်ရှားသွားလာနေပေလိမ့်မည်။ ဆိုပါစို့...အိပ်မက်ထဲ လမ်းလျှောက်သူတွေလို၊ ဖုတ်ဝင်သည့်လူသေကောင်လို ပြင်ပကမ္ဘာမှာလည်း သူ့နည်းသူ့ဟန်နဲ့သူ လှုပ်ရှားနေပေလိမ့်မည်။

"ဒါမှ မဟုတ် ငါ time slip တစ်ခု (အချိန်ကာလ ချို့ယွင်းမှု)ထဲ မြုတ်ကျခဲ့လေသလား"

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ဖြစ်နိုင်ချေရှိတာပဲ။

အချိန်ကမောက်ကမ ဖြစ်မှုတော်တော်များများ ကမ္ဘာအနှံ့မှာ ရှိခဲ့သည်ပဲ မဟုတ်လား။

time slip အကြီးကြီးတစ်ခုကို ပြောရမယ်ဆိုရင် ၁၉၉၄ တုန်းက အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့ဟာ အီဂျစ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း လေးထောင်ကျော်လောက်က နေကျောင်းတော်ကြီးကို ရှာဖွေတွေ့ရှိခဲ့ပြီး အဲဒီအထဲကမှ ငွေဒင်္ဂါးပြားလေးတစ်ခုကို တူးဖော်ရရှိခဲ့သည်။

အဲဒီ ငွေဒင်္ဂါးပြားလေးဟာ ၁၉၉၇ ခုနှစ် အရောက်မှ ရိုက်နှိပ်ထုတ်ဝေမယ့် ၂၅ ဆင့် အမေရိကန်ငွေဒင်္ဂါးပြားလေး ဖြစ်နေ၏။

ကဲ…ကြည့်ဦး…တွေ့တဲ့အချိန်က ၁၉၉၄…။ ထုတ်ပြီးခဲ့တဲ့အချိန်က နှစ်ပေါင်း ၄၀၀၀ ကျော်က အီဂျစ်မှာ တကယ်ထုတ်ဝေမှာက ၁၉၉၇ အရောက်ကျမှ…။ ဒါဟာ ဘယ်လောက်တောင် ခြောက်ခြားဖွယ်ရာ ကောင်းလှတဲ့ time tunnel တစ်ခုပါလဲ…။

ဟန်နေသာ့ ကိုယ်တိုင်ရော ဂိမ်းကစားရင်း time slip ဖြစ်ခဲ့လေသလား…

ဘာပဲပြောပြော ဂိမ်းထဲက စောစောထွက်လာခဲ့ဖို့ သူ တစ်ကွက်လိုသွားတာတော့ ရှိခဲ့သည်။ အဲဒါကတော့ သေခြင်းတရားပင်။

"ဒီဂိမ်းရဲ့ exit က dead ပဲ။ အသတ်ခံလိုက်ရတာနဲ့ ဂိမ်းထဲက ပြန်ထွက်လာခဲ့လို့ ရခဲ့မှာ။ ဂိမ်း အစမှာကတည်းက ဂိမ်းက ငါ့ကို exit တစ်ခု ဖွင့်ပေးခဲ့တာပဲ။ ချမ်း ငါ့ကို သတ်တုန်း၊ ငါက သတ်ခွင့်ပြုရင်၊ ငါ သေခဲ့ရင် ဒီဂိမ်းထဲက ထွက်ခဲ့လို့ ရရမယ့်ဟာ…"

သူ မချင့်မရဲတော့ ဖြစ်သွားမိသည်။ သို့သော် ပျော်ပါသည်။

ပန်ထျာရီနဲ့လည်း ချစ်သူဖြစ်ခဲ့ရသည်။ ချစ်ရည်လူးခဲ့ရသည်။

လူသတ်ခဲ့ဖူးပြီ၊ ငွေညှစ်ခံခဲ့ရဖူးပြီ၊ ကိုယ့်ဒုက္ခကို အမြတ်ထုတ်ပြီး ကိုယ်ကျိုးရှာသူတွေနဲ့ တွေ့ဆုံခဲ့ရဖူးပြီ… ဖုတ်ကောင်နဲ့ တစ်ခန်းတည်း အတူနေခဲ့ရဖူးပြီ၊ ချစ်သူကို ယောက်ျားပီပီ အကာအကွယ်ပေးခွင့် ကြုံခဲ့ရဖူးလေပြီ၊ ကြောက်ရွံ့စရာအကောင်းဆုံး သေခြင်းတရားကိုပင် ရင်ဆိုင်ခဲ့ရ

www.burmeseclassic.com



လေပြီ။

ဂိမ်းထဲက ဖုတ်ကောင်ပြောသွားသည့် စကားမှာ တကယ်မှန်ကန်ခဲ့လေ၏။

"တကယ်တော့ မင်းဆော့တဲ့ဂိမ်းက ကြိုးနဲ့ချည်ထားတဲ့ ကံကြမ္မာကို ကြိုးဖြည်ပေးလိုက်တဲ့သဘောပဲ။ ကံကြမ္မာက မကြာခင် ကစုန်ပေါက်ပြီး ဒုန်းစိုင်းလိမ့်မယ်.."

မှန်သည်။ တကယ်ကို မှန်ခဲ့သည်။

"တကယ်ကို ဘာမဆို ဖြစ်ချင်တာတွေ ဖြစ်ခဲ့တဲ့ ဂိမ်းပဲ…"

ခုမှပဲ သူ ပေါ့ပေါ့ပါးပါးရယ်နိုင်တော့၏။

ဂိမ်းက ကြောက်စရာအရမ်းကောင်းခဲ့ပါတယ်။ ဒါပေမယ့် ဘဝ အတွေ့အကြုံပေါင်းများစွာ ပေးအပ်ခဲ့သည်ပဲ။

"တန်ပါတယ်။ ဒါပေမယ့် အဲဒီကဗျာကို ငါ ဘယ်တော့မှ ပြန်ဖတ်ဖြစ်တော့မှာ မဟုတ်တော့ဘူး.."

ဒါဆို ဂိမ်းရဲ့ စည်းကမ်းချက်အရ နောက်ထပ်ကဗျာ တစ်ပုဒ်ပါဝင်တဲ့ စာအိတ်တစ်အိတ်ကိုရော…ဖွင့်ဖတ်ဖို့ ဘယ်သူ့ကို ပေးရမလဲ။ ဘယ်သူ့ကိုပေးရမလဲ…။

❐

www.burmeseclassic.com

www.burmeseclassic.com

ဂိဗ်ဘါ် နောက်ဆက်တွဲများ......

www.burmeseclassic.com

www.burmeseclassic.com

## ( A )

“တစ်သောင်းနဲ့ ရှစ်ရာကျတယ် အစ်ကို”

“ဘာ ...”

နေသာရော၊ လင်းမြတ်သူပါ စားပွဲထိုးလေးကို ကြည့်ပြီး မျက်လုံးပြူးသွားကြလေတော့၏။

“နေစမ်းပါဦး။ ဆီချက်တစ်ပွဲ၊ ထမင်းပေါင်းတစ်ပွဲ၊ လီမွှော်ရည်နဲ့ ကျစိမ့်တစ်ခွက်က တစ်သောင်းနဲ့ရှစ်ရာတောင် ကျရသလား...”

လင်းမြတ်သူက မကျေမချမ်းပြောတော့ စားပွဲထိုးလေးက ခေါင်းကုတ်လိုက်ရင်း...

“စောစောက အစ်ကိုတို့နှစ်ယောက်ကို နှုတ်ဆက်သွားတဲ့ ဟိုဘက်ဝိုင်းက အစ်ကိုတစ်ယောက်လေ။ သူက ပိုက်ဆံရှင်းတော့ ဒီဘက်ဝိုင်းက ရှင်းလိမ့်မယ်လို့ ပြောသွားလို့ပါ။ နို့မို့ဆို ကျွန်တော် လက်လွှတ်စပယ် မလုပ်တတ်ပါဘူး။ အစ်ကိုတို့နဲ့လည်း ခင်ခင်မင်မင် နှုတ်ဆက်နေကြလို့ပါ”

“ဟင်...ဘယ်ကောင်များပါလိမ့်...အာ...ဟိတ်..ဟိတ်ကောင် ခင်းရဲ့...ငချမ်းဆိုတဲ့ ချမ်းမြေ့ထွန်း ငါတို့ကို လာ ဘတ်သွားတာပဲကွ”

လင်းမြတ်သူက သူပိုက်ဆံရှင်းအလှည့်ရောက်တော့မှ ထိုမျှအထိ

www.burmeseclassic.com

www.burmeseclassic.com



ငွေပမာဏများနေ၍ ဒေါသချောင်းချောင်းထွက်နေ လေတော့၏။

ဟန်နေသာကတော့ တဟားဟားရယ်မောလျက်ပင်။

"ဒါ့ကြောင့် ထင်တော့ ထင်သား။ စောစောက ငါတို့ စားသောက်နေတုန်း ဒီကောင် သူတော်ကောင်းရုပ်ကလေးနဲ့ လာနှုတ်ဆက်နေကတည်းက ငါတို့ကို ဒုက္ခပေးဖို့ အကြံအစည်တစ်ခုခုတော့ ပါလာခဲ့ပြီနေမှာလို့…"

မှန်သည်။

ကန်တင်းမှာ ဟန်နေသာနဲ့လင်းမြတ်သူ ထိုင်နေကြတုန်း ငချမ်းနှင့်သူ၏ ငပွဲအပေါင်းအပါတစ်စု ရောက်လာခဲ့ကြသေး၏။

ဂိမ်းထဲမှာ ကိုယ်သတ်ခဲ့တဲ့ လူသေကောင်ကြီးက သားသားနားနားဝတ်စားပြီး ပြုံးလို့ ရယ်လို့ ရောက်လာခဲ့သဖြင့် ဟန်နေသာ ဘာရယ်မဟုတ်ရယ်ချင်ချင်တော့ ဖြစ်မိသွားရသေး၏။

"ဟိတ်ကောင်··ဟန်နေသာ···ဘာညာနဲ့" ဖောရှောတွေ ပြောပြီးတစ်ဖက်ဝိုင်းမှာ သွားထိုင်ကာ ကိုယ်တွေ ထ, မပြန်သေးခင် သူတို့စောစောလစ်သွားကြသဖြင့် တစ်ခုခုလို့ ထင်တော့ ထင်မိသား။

ခုတော့ ကိုယ်ထင်ထားသည့် အတိုင်းပင်။

"ရယ်မနေနဲ့ နေသာ။ ဒီကောင် ငါနဲ့လည်း ဒီလောက် ခင်တာလည်းမဟုတ်ဘဲနဲ့။ မရှင်းနိုင်ဘူးကွာ။ ရှင်းရမှာက တစ်သောင်းကျော်ကြီးတောင်··"

"အေးဆေးနေ သားကြီး။ ဒီကောင် ပြန်လာလိမ့်မယ်"

"ဟင်··မင်းဟာ သေချာလုချည်လား··"

"သေချာတယ်···အေးဆေးသာနေ··"

ဟန်နေသာက ထိုသို့ပြောရင်း ဆရာကြီးအထာနှင့် ဘောင်းဘီအိတ်ထောင်ထဲက ဖုန်းလေးထုတ်ကာ ကလိနေလိုက်၏။

ဒီဖုန်းကို သူမသိ ရှိရှိုးလား။ ဂိမ်းထဲမှာ သူ့ကို အမျိုးမျိုး ဒုက္ခခဲ့တဲ့ဖုန်းပင်။ စောစောက ငချမ်း ကိုယ့်အနားလာ ကပ်တုန်း သူ့ဘောင်းဘီအိတ်ထဲက မသိမသာလေး နှိုက်ယူထားခဲ့လိုက်ခြင်းပါ။

ငချမ်း သောက်ကျင့်ကို သိ၍ ဟန်နေသာ စောစောစီးစီးလက်ဦး

www.burmeseclassic.com



အရယူထားတယ်ဆိုရင်လည်း မမှား···။

သိပ်မကြာ···။

ချေမ်းတစ်ယောက် ပြူးပြူးပြာပြာနှင့် ကန်တင်းထဲ ပြန်ရောက်လာပြီး····

"ဟိတ်ကောင်တွေ···ဒီ စာပွဲဝိုင်းမှာ ဖုန်းတစ်လုံး ကျန်နေခဲ့တာ တွေ့မိကြသေးလား"

စာပွဲထိုးများအား မေးနေလေ၏။

ဟန်နေသာကတော့ ချေမ်းကို ယောင်လို့ပင် လှည့်မကြည့်။ သူ့ဖုန်းကို ကလိပြီးပဲ ရယ်ချင်နေတော့သည်။

"မတွေ့မိဘူး အစ်ကို··"

"ဟာ··· ပြဿနာပဲ··"

မြတ်သူလင်းက ခုမှ သဘောပေါက်သွားကာ စောစောက ရှုံ့မဲ့နေတဲ့ မျက်နှာကြီး တဖြည်းဖြည်းစပ်ဖြီးဖြီး ဖြစ်လာစဉ်··။

"ဟိတ်ကောင်··ချီးကတုံး··"

"ဘာ ···"

ဟန်နေသာ ချေမ်းကို ခပ်မာမာ စိုက်ကြည့်လိုက်တော့ တခဏမျှ တွန့်ကနဲဖြစ်သွားပြီး တံတွေးတစ်ချက်မြိုချလိုက်ကာ

"ဟန်··ဟန်နေသာ···မင်း···မင်းလက်ထဲက ဖုန်းက··"

"အဲဒါ မင်းဖုန်းလေး···ဘာလဲ ပြန်လိုချင်လို့လား··"

"အေး···အေးပေါ့ကွ···မင်းကလဲ···ဟဲ···အဟဲ··"

"ပြန်လိုချင်ရင် ငါ့ကို နာမည်ကောင်းကောင်းမွန်မွန် ခေါ်လေကွာ။ မင်းဟာက ချီးကတုံး··ချီးကတုံးနဲ့ ရိုင်းလှချည် လား··"

"အေး···အေးပါကွာ··ချီးကတုံးလို့ မခေါ်တော့ပါဘူး။ ဟိုဟာ·· ဆိုဟာ···ပေါင်တုတ်မကြီးရည်းစား···ဟဲဟဲ··ဟဲဟဲ··"

ဟန်နေသာမှာ မျက်ခုံးတစ်ချက်တွန့်သွားပြီး ဖုန်းကို လေပေါ် မြှောက်ပစ် ပြလိုက်စဉ်···

"အဲ···အဲ···သွား··သွားပါပြီ···အာ···"

www.burmeseclassic.com

www.burmeseclassic.com



ချမ်းရဲ့ အသည်း 'ဟက်'ကနဲ ကွဲသွားသည့်အသံကို သူကြားဖြစ်အောင် ကြားလိုက်ရသည်မို့ ရယ်ချင်သည့်စိတ်ကို ဘရိတ်အုပ်ကာ ဖုန်းကို ကျွမ်းကျင်စွာ ဖမ်းလိုက်ရင်း…။

"ပြန်ခေါ်စမ်း..နာမည်ကို…"

"ဟန်နေသာ …"

"ပြန်ခေါ်စမ်းပါ…"

"ဟန်နေသာ လို့ဆို…"

"အေးကွာ..ဘာရယ်မဟုတ်ဘူး။ ငါလည်းမင်းကို နည်းနည်းလောက် ကျပ်ချင်နေလို့ပါ။ မင်း ငါ့ကို ဆရာကြီးလို့ သုံးခါခေါ်နိုင်မလား"

"ဟင် …"

ချမ်းမျက်နှာ အီးမှန်သကဲ့သို့ ဖြစ်သွား၏။ နောက်ပြီးတော့ သူ ဒီလိုလုပ်လာလိမ့်မည်ဟု ထင်မထား။

ဟန်နေသာမှာလည်း အရင်က ချမ်းကို ဒီလိုအကွက် ကျကျ ပြန်ချုပ်နိုင်သူ တစ်ယောက်တော့ မဟုတ်ခဲ့ပါ။ You can be everything in my Poem ကစားပြီးနောက်ကျမှ ရွှေဉာဏ်တော်များက ထိုသို့ ထွက်လာခဲ့ခြင်း ဖြစ်လေ၏။

"အေး…ခေါ်မယ်ကွာ…။ ဆရာကြီး…ဆရာကြီး… ဆရာကြီး.."

"ကျယ်ကျယ်အော်ခေါ်လေကွာ…မင်းကလဲ.."

"ကဲ..ဆရာကြီး…ဆရာကြီး…ဆရာကြီး…"

"ဟားဟားဟား.."

ကန်တင်းထဲက ချမ်းအကြောင်းသိနေသူများက ပွဲကျ၍ မဆုံးတော့။ ချမ်းမျက်နှာကြီးလည်း ရဲတွတ်နေလေပြီ။

"ကောင်းပြီ…ကောင်းပြီ..မင်းစောစောတုန်းက မင်းတို့ စားသွားတဲ့ ကုန်ကျစရိတ်တွေ မရှင်းရသေးဘူး ထင်တယ်နော်…။ ငါတို့ကို ရှင်းခိုင်းထားတာလေ။ ဟုတ်တယ်မဟုတ်လား။ ငါတို့လည်း မရှင်းရသေးဘူး သားကြီးရာ..ဖုန်းတစ်လုံးကျန်ခဲ့လို့ ပိုင်ရှင်ကို ပြန်ပေးတာ။ ဒီလောက် ကလေးတော့ ဒါနပြု။ နော်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ…ဟုတ်ပြီ‥ရှင်းမယ်‥။ ရှင်းမယ်‥"

စားပွဲထိုးလေးက ရယ်ကျဲကျဲနှင့်ရောက်လာ၏။

သူ အခုအချိန်အထိ ချေမ်းကို ကျပ်လို့ မဆိုးသေး။

"ကဲ‥ဘယ်လောက်ကျသလဲ‥"

"တစ်သောင်းနဲ့ ရှစ်ရာ အစ်ကို‥"

"နေဦးလေ…။ ငါတို့ bill မပိတ်သေးဘူး။ ညီလေး ဝက်သားနဲ့ ကြေးအိုး ဆီချက်နှစ်ပွဲ၊ ဘိတ်ကတ်ကြေးကိုက်နှစ်ပွဲ ကြက်သားလိပ် နှစ်ချောင်း၊ ဝက်သားပေါင်းတစ်ပွဲနဲ့ကြာဇံကြော်နှစ်ပွဲ ပါဆယ်လုပ်ခဲ့ဦး‥"

"ဟင်…"

"ဘာလဲ…မင်းဖုန်းက ဆယ်သိန်းမက တန်တာ။ ဒီလောက်လေး တောင် ဒါန မပြုချင်ဘူးလား‥"

"ပြုချင်ပါတယ်‥ပြုချင်ပါတယ်‥။ ကဲ…ကဲ ပိုက်ဆံရှင်းမယ်။ အဲဒီဟာတွေပါ ထွက်ယူ‥"

ချေမ်းခမျာ နောက်ထပ် တစ်သောင်းခွဲလောက် ထပ်ပြုတ်သွား ပြန်ပါသေးသည်။

ရှုံးရှုံးရှဲရှဲလည်း မလုပ်ရဲ။ သူ့ ဖုန်းက နေသာ့လက်ထဲမှာ မဟုတ် ပါလား…

"ကဲ…ရော့‥သားကြီး‥ယူ‥လစ်တော့‥"

ချေမ်းက ထိုးပေးလာတဲ့ သူ့ဖုန်းကို အယူ၊ နေသာက ကြည့်ကြည် သာသာမပေးသေးဘဲ လေသံကြိတ်ကြိတ်ကြီးနှင့်…

"နောက်တစ်ခေါက်ဆို… မင်း ဒီထက်နာမယ် သားကြီး"

ချေမ်းတစ်ယောက် ဖုန်းကို ဆောင့်ဆွဲကာ ခြေဆောင့်ပြီး ကန်တင်း ထဲက ထွက်သွားလေတော့၏။

ကလေးဘဝတုန်းက အိုကေ ဓီးပြားစားထားရသလို သူ ကျေနပ် ထိုင်သာ ရှိနေလေသည်။

"ရာဇဝင်ကြွေးဆပ်ချင်နေတာကွာ။ ခုမှပဲ ဆပ်ခွင့် ကြုံတော့တယ်"

❒

www.burmeseclassic.com

www.burmeseclassic.com

## ( B )

"ဟဲ့ . . သား။ အိမ်ရှေ့မှာ ဘုန်းဘုန်းတစ်ပါး ဆွမ်းခံကြွနေတယ် . ."

"ဟုတ် . . ဟုတ် . . သား သွားလောင်းလိုက်မယ် . ."

မေမေက သူမမွေးနေ့တိုင်း ခြံရှေ့ကြွလာသည့် ကိုယ်တော်များကို ဆွမ်းဟင်း ကပ်တတ်၏။

ယခုလည်း ဘုန်းဘုန်းတပါး ခြံရှေ့ ဆွမ်းခံကြွလာ၍ ဟန်နေသာ ဆွမ်းလောင်းရန် ခပ်သွက်သွက်ထွက်လာမိ၏။

ဘုန်းဘုန်းက ပျိုသောအရွယ်။ ကြည့်ကောင်းသော အဆင်းနှင့် ကြည်ညိုဖွယ်ရာကောင်းလှ၏။

ဟန်နေသာ အနားကို တိုးကပ်သွားတော့ တည်ကြည်စွာ သပိတ် အဖုံးကို ဖွင့်ပေးပြီး မျက်လွှာချကာနေ၏။

"အမလေး . . ."

ထိုမျှ တည်ကြည်တင့်တယ်လွန်းသော ဘုန်းဘုန်းကို မြင်ပြီး ဟန်နေသာ ထ,ခုန်မတတ် လန့်ဖျတ်သွားမိသည်က အကြောင်းများစွာ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်းက. . . .ဒ. . .ဒ. . .ဒသဘူဇ္ဈာ. .ကို. . .ကိုညွှပ်နော်" မှန်၏။

ဂိမ်းထဲမှာ ကိုယ့်ဒုက္ခကို ခုတုံးလုပ်အမြတ်ထုတ်ခဲ့သူကြီးမှာ ယခုတော့ ဘုန်းကြီးဝတ်သွားလေပြီ။ ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းလေစွ။

"ဒသဘူဇ္ဈာဘဝကို စွန့်လွှတ်ခဲ့ပါပြီ ဒကာ။ ခု အသျှင်စန္ဒာသီရိ ဆိုတဲ့ဘွဲ့နဲ့ ရာသက်ပန် ဘုန်းကြီးဝတ်လိုက်ပါပြီ. . ."

"ဗျာ. . . . . ."

ဟန်နေသာ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရလေပြီ။

ဘုန်းဘုန်းကို မြင်တော့ ဓမ္မစေတီခေါင်းလောင်းကြီးကိုလည်း သတိရသည်။ ဆယ်ရက်နဲ့အပြီး ဆယ်မယ်ဆိုတဲ့ စိန်ခေါ်မှုနဲ့အတူ မဆယ်နိုင်ရင် လျှာဖြတ်ပြမယ်ဆိုတဲ့ ဦးကျော်ဝင်းကိုရော၊ ဆယ်နိုင်ခဲ့ပါက လျှာဖြတ်ပြမယ်ဆိုတဲ့ ဒသကျော်စွာကိုပါ တသီတတန်းကြီး သတိရသွားမိလေ၏။

"ဘုန်းဘုန်း. . .ဘုန်းဘုန်း. . ."

"ဆို. . .ဒကာ. ."

"တပည့်တော် မေးစရာရှိလို့ဘုရား. . .။ ဓမ္မစေတီ ခေါင်းလောင်းကြီး တွေ့ခဲ့ပြီလားဘုရား။ ကုန်းပေါ်ကို ဆယ်ယူခဲ့နိုင်ပြီလား ဘုရား. . ."

ဘုန်းဘုန်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း. . .

"ဓမ္မစေတီခေါင်းလောင်းကြီးလည်း မတွေ့ဘူး။ လျှာ ဖြတ်ပြမယ်ဆိုတဲ့ ဦးကျော်ဝင်းလည်း ခုထိတော့ လျှာဖြတ်သံ မကြားမိသေးဘူး။ တကယ်တွေ့သွားတာက ဟင်း. . ."

ဘုန်းဘုန်းက စကားကို ဆက်မမိန့်သေးဘဲ သက်ပြင်း တွဲတွဲကြီး ချလိုက်ပြီးကာမှ. . .

"တကယ်တွေ့ခဲ့တာက ဘိုးရင်း 747 ရဲ့ လေယာဉ်ပျက် အပိုင်းအစတွေကို တွေ့ခဲ့တာ ဒကာရ. .တွေ့ခဲ့တာ. . ."

"ဟင် . ."

ဘုန်းဘုန်းတော့ မပြောတတ်။ ဟန်နေသာတော့ ငိုမလို ရယ်ရ မလိုပင် ဖြစ်သွားရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ...ဒါ..ဒါ..ဆို ဘုန်းဘုန်း နက္ခတ္တဗေဒပညာရှင် ဦးဓေယျသူ ကို ရှုံးခဲ့ပြီပေါ့နော်...။ ဟိုဟာဖြစ်ပြမယ်ဆိုတာ တ...တကယ်ရော.. ဖြစ်..ဖြစ်ပြခဲ့နိုင်ပြီလားဟင်.."

"ဘုန်းဘုန်းလည်း ဟိုဟာဖြစ်မယ် ဆိုပြီးသာ နိုင်လိုဇောနဲ့ လောင်းလိုက်တာ။ တကယ့်တကယ်ကျတော့ ကိုယ့်ရဲ့ ဘယ်သင်းဘယ်ဟာ ဖြစ်လို့ ဖြစ်ရမှန်းမသိဘူး ဒကာ"

ဘုန်းဘုန်းတော့ မသိ။

ဘုန်းဘုန်းစကားကြောင့် ဟန်နေသာ့မျက်နှာ နွေးကနဲပင် ဖြစ်သွားရ သည်။

"ဘုန်းဘုန်းက ယောက်ျား။ ကတိတော့ တည်ရမယ် မဟုတ် လား။ ဒါနဲ့ ကတိအတိုင်း တစ်ခုခုတော့ ဖြတ်ရတော့မယ်ဆိုပြီး ဆံပင် ကိုဖြတ်၊ ကတုံးတုံးပြီး သိက္ခာရှိရှိနဲ့ ရာသက်ပန် ဘုန်းကြီးဝတ်လိုက်တာ ဒကာ"

"ငင် ..."

အို ...အဆန်းကြီးပါလား ဘုန်းဘုန်းရယ်...ရေလည်တော့ ဝမ်းရွှေ သွားရလေပြီလေ။ တပည့်တော်တော့ ဘုန်းဘုန်းနဲ့ ဂိမ်းထဲမှာ သချိုင်းကုန်း အထိ ရောက်ဖူးခဲ့တာဆိုတော့ ရယ်လည်း ရယ်ချင်။ ငိုလည်း ငိုချင်တယ် ဘုရား။

"ကဲ...အချိန်မရှိဘူး ဒကာ။ ဘုန်းဘုန်းကျောင်းကို ပြန်ကြွရဦး မယ်။ ခွင့်ပြုဦး"

"တင်ပါ့..ဩော်...ဒါနဲ့ ဘုန်းဘုန်း ဟိုဂါထာလေး ရောမှတ်မိ သေးလား..အဟီး"

"ဘယ် ဂါထာများလဲ...ဒကာရဲ့.."

"ဥုံ...သခေါမ စွာကျယ်...ဂန်ကျယ်...ချိုးစော်နံ.. ကျက်သမ ချိုးမစားပတ်ပျိုး...သူခိုးကာရန်..

မေထုန်ပွတ်ကြ...ညဘက်..ဆလံတ ငါကွ ဘာရရ လာဟာ လာဟာ ငါ့ဖင်လှန်.."

www.burmeseclassic.com



"ဟော … …"

"ဖင်လှန်…ဖင်လှန်…ချိုးစော်နံ…တာတေလံ
ပြဿနာအိုး တုတ်ထိုး‥အဟောသိကံ
နင်ခံ…နင်ခံ…အခုခံ‥"

"တဏှာစိတ်ကို ရအောင်ဖျောက် ဒကာ။ ဒကာ့ဂါထာမှာ ကိလေသာတွေ တွေ့နေရတယ်။ ကဲ…ဆွမ်းစားအမို ဘုန်းဘုန်း ကျောင်းပြန် ကြွရဦးမယ်…"

"တင်ပါ့…တင်ပါ့…"

ဘုန်းဘုန်းက ကြွမြန်းသွားလေပြီ…

ဟန်နေသာ တစ်ယောက်သာ ဘုန်းဘုန်းရဲ့ကျောပြင်ကို ကြည့်ရင်း ကျန်ရစ်ခဲ့ရလေတော့၏။

အင်း…။

စန္ဒာသီရိ‥။ အပြန်တရာ ပီတိဖြစ်မိပါတယ်။ ဘုန်းဘုန်းရေ။

ရာသက်ပန် ဘုန်းကြီးဝတ်သွားပြီဆိုတော့ အူကြောင်ကြောင် ဝတ္ထုတွေလည်း တပည့်တော်တို့ ဖတ်စရာမလိုတော့ဘူးပေါ့။ မျက်စိနောက် လည်း သက်သာသွားပြီပေါ့…သာဓု …သာဓု…သာဓုပါ… ဘုန်းဘုန်းရဲ့…။

❐

www.burmeseclassic.com

www.burmeseclassic.com

## ( C )

မြက်ခင်းပြင်ကျယ်ကျယ်တစ်ခုမှာ ကောင်မလေးသုံးယောက် ခေါင်းချင်းဆိုင် စိတ်ရှုပ်နေကြ၏။

အလယ်မှာ ထိုင်နေတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ပြဿနာကို ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ ကောင်မလေးများက ဝိုင်းဝန်းစဉ်းစား ပေးနေကြခြင်းပါ။

"ပြဿနာပဲ…ငါ…ငါ..။ ငါကိုက လျှာရှည်ချောတောငေါ့တာ နောက်ဆိုရင် password ကို ရိုက်တာ သတိထား ရိုက်ရမယ်။ mail lock ကျသွားပြီ။"

မှန်၏။

ပန်ထျာရီတစ်ယောက် သူမရဲ့ gmail ကို အဖွင့်၊ လျှို့ဝှက်နံပါတ် နှစ်ခါမှားထည့်မိ၍ gmail team က မေးလ်ကို ဖွင့်ခွင့်မပေးတော့ဘဲ မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဖြေခိုင်းပြီး ကွန်ပလိန်းတက်လာပါလေတော့၏။

*(တစ်ယောက်ယောက်က မင်းရဲ့ mail ကို ဖွင့်ဖို့ ကြိုးစားနေခဲ့ တယ်။ အဲဒါ မင်းလား။ မင်း မဟုတ်ဘူးလား)*

အဲဒီ မေးခွန်းက စပြီး ဖြေလိုက်ရတာ။ အဖြေပေါင်းကို မဆုံနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့။

*သင်ငယ်ငယ်က အသုံးပြုခဲ့တဲ့ ဖုန်းနံပါတ်ကို ဖြေဆိုပါ*

"သေရောပေါ...။ အဲဒီ လုံခြုံရေးမေးခွန်းက ငါ ကိုယ်တိုင်ထည့်ခဲ့တဲ့ မေးခွန်း။ ခု...အဲဒီ မေးခွန်းရဲ့ အဖြေကို ငါမေ့နေပြီ..."

"သေချာစဉ်းစားပါဦးဟယ်။ ငယ်ငယ်တုန်းက သုံးခဲ့ဖူးတဲ့ ဖုန်းနံပါတ်တဲ့။ ငါထင်တယ် နင် ကြိုးဖုန်းနံပါတ် ထည့်ခဲ့တာ ဖြစ်မယ်"

"ကြိုးဖုန်းကဟုတ်တယ်။ ဒါပေမယ့် ငါတို့က အိမ်သုံးလေးငါး နေရာ ပြောင်းခဲ့ဖူးကြတာဆိုတော့ ကြိုးဖုန်းနံပါတ်တွေ မေ့နေပြီ"

"ဟာ...နည်းနည်း စဉ်းစားကြည့်ပါဦးဟာ..."

ဝင်းလဲ့ခိုင်နဲ့ သန့်ရွှေစင်တို့ကလည်း ပန်ထျာရီကို ကြည့်ပြီး အားမလို အားမရ။

သူမက နှုတ်ခမ်းလေး ဖိကိုက်ကာ...

"အိုကေ ..."

ဂဏာန်း ငါးလုံး ဖြည့်ရိုက်လိုက်၏။ အရင်တုန်းက ကြိုးဖုန်းတွေက ယခုလို ဂဏာန်းခြောက်လုံး မဟုတ်။ ဂဏာန်း ငါးလုံးသာ ရှိ၏။

"ပြဿနာပဲ..မဟုတ်ဘူး..တဲ့။ ဟာကွာ...ကျိုင်ပဲ... ကျိုင်ပဲ..."

သူမတို့ ထိုသို့ ပြဿနာတက်နေစဉ် သူမတို့နား ကောင်လေး တစ်ယောက်ရောက်လာပြီး တည်ကြည်လေးနက်သော အသံနှင့်....

"အဲဒီ အဖြေကို ငါသိတယ်..."

"ဟင် ..."

သူမ ရင်ထဲကနေ ဟန်နေသာလို့ တိတ်တိတ်ကလေး ခေါ်လိုက်မိ၏။ ဟန်နေသာဆိုတဲ့ ကောင်လေးက ဘာလေးမှန်းကိုမသိ။ သူမရှေ့ ရောက်လာရင် တကယ်အူတာလား အူချင်ယောင်ဆောင်ထားတာလား မသေချာတဲ့ ကမောက်ကမနိုင်မှုပေါင်းများစွာနှင့် ရောက်ရောက် လာတတ် သူ။

ခုတော့ သူ အရင်နေ့များနဲ့မတူ တည်ငြိမ်လေးနက်စွာ အနားရောက် လာကာ...

www.burmeseclassic.com



"ပန်ထျာ.."

"အယ်..."

ပန်တွေဖျော်လို့ မမှားယွင်းတော့ဘဲ၊ ရင်ထဲ အသည်းတစ်နေရာက မြစ်ဖျားခံသယ်ဆောင်လာတဲ့ လေသံနွေးနွေးလေးနှင့် ခေါ်လိုက်တာမို့ သူမ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"မိန်းမ..ငါတို့ ဟိုနားခဏသွားဦးမယ်။ ပြန်လာခဲ့မယ်။ နောက်မှ..အဟိဟိ"

ဝင်းလှဲခိုင်နဲ့ သန့်ရွှေစင်တို့က သူတို့အလှည့်ဝင်၍လိုက်မှာစိုး၍ ထင်သည်။ ကာယကံရှင်နှစ်ယောက်ရဲ့ အနေအထားကို အကဲခတ်မိ၍ တမင်ရှောင်ထွက်ပေးသွား၏။

ပန်ထျာရီ တဖြည်းဖြည်း ရင်ခုန်လာသည်။ လက်ဖျား ခြေဖျားများ အေးစက်တုန်ထင်လာရ၏။

သူက ပန်ထျာနဲ့ နီးနီးလေးမှာ ကပ်ထိုင်နေသည်ကိုး၊ အရင်လိုလည်း မဟုတ်တော့။ အတင့်ရဲလိုက်တာကွယ်။

"နင် ကမာရွတ်မှာ နေခဲ့တုန်းက ဖုန်းမဟုတ်လား.."

"ဟုတ်တယ်လေ။ အဲဒီတုန်းက နင်နဲ့ငါ မူလတန်း ကျောင်းချင်းတူခဲ့ကြမယ်ထင်တယ်"

ဟန်နေသာ ခေါင်းတချက် ညိတ်လိုက်ရင်း..

"----- ပါ..."

"အဲ ... ..."

ဟန်နေသာ ထိုသို့ ချက်ချင်းအတိအကျ ရွတ်ဆိုပြလိုက်တော့ သူမ အံ့ဩသွားလိုက်သည့်ဖြစ်ခြင်း။

"နင်...နင်..မှတ်ဉာဏ်ကောင်းလှချည်လား နေသာ"

"ငါ မှတ်ဉာဏ်ကောင်းတာ မဟုတ်ပါဘူး။ တမင် အလွတ်ကျက်ထားတာပါ။ မူလတန်းကျောင်းသားလေး ဘဝကတည်းက..."

"ဟင်..."

"ဟုတ်တယ်။ နင့်ကိုငါ အဲဒီကတည်းက အမြဲမကြိမ် ဖုန်းဆက်ဖို့

www.burmeseclassic.com



ကြိုးစားခဲ့ပါသေးတယ် ပန်ထျာ..”

သူမ တစ်စုံတစ်ရာအပြောခံရတော့မှာကို ကြိုသိသူ တစ်ယောက်လို ရှက်ရွံ့စွာ ခေါင်းငုံ့သွားရလေပြီ။

“ပန်ထျာ..”

“နင်···နင်···ဘာပြောမလို့လဲ···”

“ငါပြောမှာ နင်သိနေတယ်ပေါ့···”

“··· ··· ···”

“ဒါဆို ငါတို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်း နီးစပ်ခဲ့ကြတာပဲ..”

“··· ··· ···”

“ဒါနဲ့များတောင် ငါတို့နှစ်ယောက် ဘာ့ကြောင့် သူ စိမ်းဆန်နေခဲ့ကြပါလိမ့်···”

ဂိမ်းထဲမှာ ကိုယ်နဲ့ထဲထဲဝင်ဝင် ပတ်သက်ခဲ့ဖူးတဲ့ ကောင်မလေး ရယ်။ ငါနင့်ကို အရင်လို အယောင်ယောင်အမှားမှားနဲ့ နာမည်တွေ မှားမခေါ်တော့ဘူး။ အရင်လို နင်စိတ်ညစ်အောင် အလွဲလွဲအမှားမှားတွေ မဖြစ်တော့ဘူး။ နင်နဲ့ငါနဲ့က ဂိမ်းထဲမှာ၊ လရောင်အောက်မှာ အကြွင်းမဲ့ ချစ်ခဲ့ကြတာပဲ။ ဂိမ်းထဲက ထွက်လာခဲ့ပေမယ့် နင့်ကို သွေးသားချင်း နီးစပ်နေသူ တစ်ယောက်လို တစ်သားတည်း ဖြစ်ခဲ့ရပြီ အချစ်ရေ။

“ပန်ထျာ..နင့်ကိုငါ..အ..ရမ်း···ချစ်တယ်..”

“··· ··· ···”

“ထပ်ပြောမယ်နော်···ပန်ထျာ···မောင်လေ···ပန်ထျာကို အရမ်း ကို ချစ်ပါတယ်ကွာ..”

သူ့တစ်ကိုယ်လုံး ဘရိတ်ပေါက်သွားတဲ့ ကားတစ်စီးလို ရုတ်ချည်း ဖြစ်သွား၏ (ထိုသို့ တင်စားလိုက်၍ လက်တွေခြေထောက်တွေနေရာမှာ ဘီးလုံးတွေ ထွက်လာပြီး ထိုင်လျက်မှ လေးဘက်ထောက်သွားသည်ဟု အတွေးမချော်စေလိုပါ)

ပန်ထျာလက်ကလေးကို မရဲတရဲ ဖျစ်လိုက်ပြီး ပခုံးနုနုလေးကို

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖက်လိုက်ရင်း…

“ပြော…မောင့်ကို ချစ်တယ်မဟုတ်လား..”

“ဟင်..လွှတ်…ပြောဘူး…”

မပြောလည်း သိနေပြီပဲ အချစ်ရယ်။

ကျန်တာ ဘာလိုသေးလို့လဲ…

❐

www.burmeseclassic.com

www.burmeseclassic.com

## ( D )

ဒီလူကြီးကို ဒီလိုနေရာမှာ ဒီလိုပုံစံမျိုးနဲ့ လာတွေ့ရလိမ့်မယ်လို့ မောင်ဟန်နေသာတို့ လားလားမျှ ထင်မထား။

ကြည့်ဦး…ရွာတီစော်လေးနှစ်ပွေက ဒီပုတ်ပလောကြီးကို ဘယ်ညာတစ်ဖက်တစ်ချက် ခါးကနေသိုင်းဖက်လို့…

ယောက်ျားလေးဆိုတော့ ကောင်မလေးတွေကို တစ်ချက် ရှိုးလိုက်ရုံ နဲ့သိတာပေါ့။ ဟင်းဟင်း…။ ဘယ်လောက်ပေးပြီး ခေါ်လာခဲ့ရတယ် မသိ။

"အဲ…ငါ့တူ…မောင်ဟန်နေသာ.."

"အန်ကယ်ကျော်…ဟဲဟဲ…"

"တူ…တူမောင်တို့က ဘာလာလုပ်ကြတာလဲ…"

လာလာချည်သေး။ ပြေူးကပြဲလို့။ ဟန်နေသာ ရယ်ချင်စိတ်ကို မနည်းထိန်းရင်း…

"လူငယ်ဆိုတော့ အပျော်ပေါ့ဗျာ…။ အန်ကယ်က ရော…"

"ဩော်…ဟို…ဟို…ကိုယ်လည်း…တစ်ခါတလေရှိ ဆိုပါ တော့…အပေါင်းပေါင်း…"

"ဒါ ကျွန်တော့် ချစ်သူလေ…။ ကျောင်းပြီးတာနဲ့ ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ့်သူ။ ပန်ထျာရီတဲ့ အန်ကယ်..."

"အဲ..ဪ..အင်း...တွေ့ရတာ ဝမ်းသာပါတယ်။ ဒီနှစ်ယောက်က အန်ကယ့်ရဲ့...အဲလေ...အာ..."

တကယ်ရယ်ရတဲ့လူကြီး။ ကိုယ်က ကိုယ့်ချစ်သူကို မိတ်ဆက်ပေးလိုက်တော့ သူကပါ ယောင်ယမ်းပြီး သူ့စမောလ်နှစ်ယောက်နဲ့ မိတ်ဆက်ပေးလို့ လုပ်လိုက်သေးသည်။

ဟန်နေသာတို့ တစ်အုပ်စုလုံး ရယ်ချင်စိတ်ကို မနည်း ထိန်းထားရလေတော့၏။ တော်ပါပေတယ်ဆိုတဲ့ အန်တီမော့် ယောကျ်ားကြီးဆိုတာလေ..ဘယ့်နှာကြီးမှန်းကို မသိဘူး။

"မောင်ဟန်နေသာ...ဒီနားက တအားဆူတယ်ကွာ။ အန်ကယ်တို့ဟိုကားပါကင် နားသွားစကားပြောရအောင်"

"ရပါတယ် အန်ကယ်။ မပြောလည်း ဖြစ်တယ်နော်။ ကျွန်တော်တို့က အေးဆေး"

"ခဏတော့ လိုက်ခဲ့ပါကွာ"

သိနေပြီလေ။ ဒီလူကြီး ကိုယ့်ကို နှုတ်ပိတ်တော့မယ် ဆိုတာ။

တွေ့တဲ့နေရာကလည်း ပိုအိုးနီးယားကလပ်မှာ မဟုတ်လား။ ကြီးကောင်ကြီးမားနဲ့ ဖယားမနှစ်ယောက်က ဘယ်တစ် ဖက်ညာတစ်ဖက် ပါလာသေး။

ကိုယ့်ကို လူရှင်းတဲ့နေရာ ခေါ်သွားပြီး ဘယ်လိုတွေ နှုတ်ပိတ်ဦးလေမယ်ရယ်မသိ။

"လာ...မောင်ဟန်နေသာ လာ...။ အန်ကယ်ပြောချင်တာက ဒီလိုပ...အဟမ်း"

စကားအစမှာတင် လူကို သိုင်းဖက်လိုက်ပြီး..

"အန်ကယ်က ဘုရား၊တရားသမား...ခု...ဘုန်းကြီးကျောင်းမှာ သိမ်တစ်လုံးဆောက်ပေးနေတာလည်း မင်းအသိ"

"ဟင်..အဲဒါတော့ သိဘူးဗျ...။ ထားပါတော့..."

"အင်း...ထားပါကွာ။ မင်းမသိတဲ့ အန်ကယ့် ကုသိုလ်ကံ ဒါနမှုတွေဆို

www.burmeseclassic.com



တာ ဒုန်းဒေးပါ။ အန်ကယ့်ကို ဒီလိုကြီးတွေ့လိုက်လို့ မင်းအရမ်း အထင်လွဲသွားမှာ အန်ကယ်စိုးရိမ်တယ် နေသာ။ အန်ကယ်က တခါတလေတော့ ပျော်တတ်တယ်။ ပါးတတ်တယ်။ ဟိုလေ။ ဒီကိစ္စ မင်းအန်တီမော် ပြန်မသိပါစေနဲ့လို့။ ယောကျ်ားချင်းပဲ နေသာရာ။ မင်း တစ်ချိန်ကြီးလာတော့ ကိုယ်ချင်းစာတတ်ပေမပေါ့။ ဟုတ်ဘူးလား ကဲပြော။ လူကြီးနဲ့လူငယ်။ မတွေ့ကြတာလည်း ကြာပြီ။ ဖြစ်နိုင်ရင် လိုက်ပြုစုချင်တာ။ မင်းတို့အုပ်စုက အန်ကယ်လိုလူကြီးတစ်ယောက်ပါလာရင် နေရထိုင်ရတာ အမ်းနေမှာစိုးလို့ အန်ကယ်မုန့်ဖိုးပဲ ပေးလွှတ်လိုက်မယ်။ ပြော···နေသာ ဘယ်လောက်ဆို လုံလောက်မလဲ··"

"အဲ··· ···"

"ပြောပါကွ··နေသာရ···သုံးသိန်းဆိုလောက်မလား··"

"ဟမ်··· ···"

"ကဲ··· ငါးသိန်းကွာ··"

နေသာ့စိတ်ထဲ ရယ်ချင်နေရင်းမှ အသိဉာဏ်တချို့ လင်းလက်သွားရကာ။

"ငွေတွေကြေးတွေက အဓိက မကျလှပါဘူးအန်ကယ်။ ကျွန်တော် ငွေမမက်လှတာလည်း အန်ကယ်သိရဲ့သားနဲ့။ ကျွန်တော်ဆိုတဲ့ကောင်က စာရူးကဗျာရူးလေ··"

"သြော်···သြော်···ပြောလေ···။ အဲဒါဆိုလည်း မင်းတို့ တက္ကသိုလ် ကျောင်းသားတွေစုထုတ်တဲ့ ဝတ္ထုတွေ၊ ကဗျာစာအုပ်တွေ အန်ကယ်ဝယ်ပေးရမလား။ ဝယ်မယ်ကွာ။ စောင်ရေ ဘယ်နှစ်ရာ၊ ဘယ်နှစ်ထောင်ဝယ်ရမလဲ ဆိုတာသာပြော"

အကွက်ဆိုက်ပြီလေ။

နေသာ ဆိုတဲ့ကောင် သူ့ကျောပိုးအိတ်ထဲက စာအိတ်ရှည်ကြီးကို ထုတ်လိုက်ပြီး··

"ဝယ်စရာမလိုဘူး အန်ကယ်။ ဒါ···နိုင်ငံခြားဘုမ္မဗေဒီတစ်ခုက ကျွန်တော့်ကို ပို့ပေးလိုက်တဲ့ကဗျာ····"

www.burmeseclassic.com

www.burmeseclassic.com



"အဲ…ဟာ..မင်းကို အန်ကယ်အထင်စမောလ်မိတာ မှားတာပဲ မင်းကို နိုင်ငံခြားကနေတောင် တလေးတစားနဲ့ ကဗျာတွေ ပို့ပေးတယ် ဟုတ်လား။ ငါ့တူရာ…မင်းက အလာကြီးပဲ…"

"အလာကြီးတွေ၊ အသွားကြီးတွေ ထားဦးအန်ကယ်။ ကျွန်တော် က ကဗျာဖတ်ချင်လို့ လှမ်းတောင်းလိုက်တာ။ အဲဒါ သူတို့ ကုမ္ပဏီစည်းကမ်း ချက်အရ ကျွန်တော်ဖတ်ဖို့အပြင်၊ ကျွန်တော့် အသိတစ်ယောက်ယောက် ဖတ်ဖို့ဆိုပြီး ကဗျာတစ်ပုဒ် စာအိတ်နဲ့ ထည့်ပေးလိုက်တယ်။ ကျွန်တော့် သူငယ်ချင်းတွေထဲမှာ အင်္ဂလိပ်ကဗျာဖတ်နိုင်တဲ့သူဆိုတာ မရှိဘူး။ အားလုံး က ငပိန်းတွေချည်းပဲ…"

"ကိုယ် ဖတ်နိုင်တယ်။ စိတ်လည်း ဝင်စားတယ်။ ဖတ်မယ်လေ ဆောင်နေသာ"

"ဟာ…တကယ်ပြောတာလည်း အန်ကယ်။ ဝမ်းသာ လိုက်တာဗျာ"

"တကယ်ပေါ့ ငါ့တူရာ။ ငါ့တူရဲ့ လူကြီးဆန်မှုကို အသိအမှတ် ပြုတဲ့အနေနဲ့ အန်ကယ်ဒီညတွင်းချင်းကို ဖတ်ဖြစ်အောင် ဖတ်လိုက်ပါ့မယ်"

"ကတိနော်..အန်ကယ်" BURMESE CLASSIC

"အို promise ကွာ …promise"

အန်ကယ်ကျော် ထွက်သွားလေပြီ။

အခုမှပဲ လက်စားချေချင်နေတဲ့ အပူလုံးကြီးကလျော့ကျ သွားလေတော့၏။

"ဟင်.. …"

အန်ကယ်ကျော် ထွက်သွားလေတော့ သူ့အနောက်ကပ်ပါသွားတဲ့ ပုံရိပ်တစ်ခုကို မြင်ပြီး နေသာ လန့်ဖျတ်သွားရပြန်သေးသည်။

"အား…ကြောက်စရာကြီးပါလား..။ ဂိမ်းက အလန့်ကြီးပဲ.."

မှန်၏။

နေသာ တစ်ယောက်ပဲ ကွက်ပြီး မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခုပါ။

အဲဒီ မြင်ကွင်းကတော့ ဖုတ်ကောင်တစ်ကောင်ပါပဲ..

အသားအရေက ခရမ်းပြာရောင်၊ ရင်ဘတ်မှာသွေးစက်လက်နှင့် ဆံပင်တွေက ဖွာရရာကျဲလျက် အန်ကယ်ကျော့်နောက် ကောက်ကောက်

www.burmeseclassic.com

www.burmeseclassic.com



ပါအောင် လိုက်သွားလေတော့၏။

သေချာတာ ငချမ်းတော့မဟုတ်။

ဒါဆို သင်တို့ မည်သူဖြစ်မည်ဟု ထင်ပါသနည်း။

ဟန်နေသော ခေါင်းတစ်ချက် ယမ်းလိုက်ရင်း…

"ကဗျာဖတ်ပြီးတာနဲ့ အန်ကယ်ကျော် သူ့မိန်းမနဲ့ ပွဲကြီးပွဲကောင်း နွှဲကြရတော့မယ် ထင်တယ်"

မှန်သည်။

ဒီလောက်ဆိုလျှင် အန်ကယ်ကျော်နောက် ကောက်ကောက် ပါအောင် လိုက်သွားသည့် ဖုတ်ကောင် မည်သူမည်ဝါဆိုတာ သင်တို့ရိပ်မိကြလောက်ပေမည်။

ချစ်သူက သူ့ကို လည်တဆန့်ဆန့်နှင့် မျှော်နေလေပြီ။

ကပွဲကြမ်းပြင်မှာ လွှင့်ပျံနေတဲ့ ဂီတကလည်း မြူးကြွ အသက်ဝင်လျက်။

သူပြန်ရောက်လာတော့ ချစ်သူက ရှန်ပိန်ခွက်ကလေး ထိုးပေးရင်း…

"မောင်ရယ်…ကြာလိုက်တာ…"

"နည်းနည်း စကားပြောနေလို့ပါ.."

"အယ်..မောင့်ရုပ်ကြီးကလည်း ပြုံးစိစိကြီးနဲ့…"

သူခေါင်းညိတ်ပြလိုက်သည်။

နောက်တော့ ရှန်ပိန် တစ်ကျိုက်မော့သောက်လိုက်၏။

"မောင် ရယ်ချင်နေလို့ပါ.."

ပြောပြီး ချစ်သူရဲ့ လည်တိုင်လေးကို ဖျတ်ကနဲငုံ့နမ်းကာ dancing floor သို့ ဦးဆောင် ခေါ်သွားလေတော့၏။

ညေး

9-May-2015

6:30 PM

www.facebook.com/ ညေး /fanpage

www.burmeseclassic.com